


MAP FOUNDATION

2026 UPDATED VERSION

# ARM

## Automatic Response Mechanism

### WHAT TO DO IN CASE OF GENDER-BASED VIOLENCE AGAINST MIGRANT WOMEN

Women Exchange

Burmese Version

| | |
|---|---|
| Produced: | July 2026 |
| By: | MAP Foundation |
| Tel/Fax: | 053 811 202 |
| Email: | map@mapfoundationcm.org |
| Website: | www.mapfoundationcm.org |
| Design & Layout: | MAP Multimedia |
| Updated Copies Printed: | 30 |


Copyright © MAP Foundation 2026

# ARM
# AUTOMATIC RESPONSE MECHANISM

2026

Update Version

## WHAT TO DO
## IN CASES OF GENDER–BASED VIOLENCE
## AGAINST MIGRANT WOMEN

WOMEN'S EXCHANGE
(MAP FOUNDATION)

Supported by
FOUNDATION FOR JUST SOCIETY
INTERNATIONAL LABOUR ORGANIZATION

# မာတိကာ


ကျေးဇူးတင်လွှာ ...... 1

အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM) မိတ်ဆက်နိဒါန်း နှင့် အသုံးပြုနည်း ၂၀၂၆ခုနှစ် ..... 2

သတိပြုရန် ...... 8

မမှန်ကန်သော စွပ်စွဲချက်များနှင့် သက်ဆိုင်သော ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ ..... 8

အတိုကောက်စကားလုံးများ ...... 10

**အပိုင်း (၁) – မုဒိမ်းမှု** ...... 11

ထိုင်းဥပဒေအရ သတ်မှတ်ချက်များ ...... 12

မုဒိမ်းမှု ဖြစ်ပွားသောအခါ လုပ်ဆောင်ရမည့် အဆင့်များ အကျဉ်းချုပ် ...... 14

အဆင့် အသေးစိတ်များ ...... 17

**အပိုင်း (၂): ထိပါးနှောင့်ယှက်ခြင်း (Harassment)** ...... 36

ထိုင်းနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များ – ...... 38

ထိပါးနှောင့်ယှက်ခံရမှု ဖြစ်ပွားသောအခါ လုပ်ဆောင်ရမည့် အဆင့်များ အကျဉ်းချုပ် .. 42

အဆင့် အသေးစိတ်များ ...... 44

**အပိုင်း (၃) အိမ်တွင်းအကြမ်းဖက်မှု (Domestic Violence)** ...... 60

ထိုင်းနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များ ...... 62

အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားသောအခါ လုပ်ဆောင်ရမည့်အဆင့်များအကျဉ်းချုပ် .. 65

အဆင့် အသေးစိတ်များ ...... 67

အားနည်းချက်များနှင့် တုံ့ပြန်နိုင်သည့်နည်းလမ်းများ ...... 79

**နောက်ဆက်တွဲ ၁** – ကူညီထောက်ပံ့ပေးနေသော အဖွဲ့အစည်းများနှင့်
ဆက်သွယ်ရမည့်လိပ်စာ အသေးစိတ်များ ...... 86

**နောက်ဆက်တွဲ ၂** – အရေးပေါ် သန္ဓေတားဆေး ...... 89

**နောက်ဆက်တွဲ ၃** – လူမှုကွန်ရက်စာမျက်နှာများပေါ်ရှိ အွန်လိုင်းနှောင့်ယှက်မှုများကို
တိုင်ကြားနည်း ...... 92

**နောက်ဆက်တွဲ ၄** – အမှုကိစ္စကူညီမှု နှင့် ပတ်သက်သော
အမှုလိုက်ပါကူညီဆောင်ရွက်ပေးသူ/ထောက်ပံ့ကူညီပေးသူများအတွက် မှတ်စုများ ...... 97

**နောက်ဆက်တွဲ ၅** – အမှုမှတ်တမ်းပုံစံ ...... 99

**နောက်ဆက်တွဲ ၆** – ကူညီထောက်ပံ့ပေးသူများအတွက်
လေ့ကျင့်သင်ကြားရေး အိုင်ဒီယာများ ...... 104

# ကျေးဇူးတင်လွှာ

ဒုက္ခသည်စခန်းပြင်ပတွင် မျှစ်ချိုးနေစဉ် မုဒိမ်းမှုကျူးလွန်ခံခဲ့ရပြီး ကျူးလွန်သူများကို ထိုင်းနိုင်ငံ စစ်ခုံရုံးသို့ တင်ပြနိုင်ရန် ရဲရင့်စွာ ကြိုးပမ်းခဲ့ကြသော မြန်မာနိုင်ငံမှ အမျိုးသမီးငယ်နှင့် မိန်းကလေး များအား အထူးလေးစားဂုဏ်ပြုကြောင်း မှတ်တမ်းတင်အပ်ပါသည်။ အဆိုပါ ထိုင်းစစ်သားနှစ် ဦးကို ပြစ်မှုထင်ရှားစွာ စီရင်ချက်ချမှတ်၍ ထောင်ဒဏ်နှစ်အတန်ကြာ ချမှတ်ခဲ့ပါသည်။ ၎င်းတို့၏ တရားဥပဒေလုပ်ငန်းစဉ်တစ်လျှောက် ခရီးကြမ်းနှင့် ကြုံတွေ့ခဲ့ရသော အခက်အခဲများသည် အကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသော ရွှေ့ပြောင်းနှင့် ဒုက္ခသည်အမျိုးသမီးများအား ကူညီပံ့ပိုးနိုင် ရန် လမ်းညွှန်စာအုပ်များ ပြုစုရေးသားရန် အဓိက လှုံ့ဆော်အားပေးမှုတစ်ရပ် ဖြစ်လာခဲ့ပါသည်။

အမျိုးသမီးဆွေးနွေးပွဲ ကိုယ်ထူကိုယ်ထအဖွဲ့များတွင် မိမိတို့၏ အတွေ့အကြုံများကို မျှဝေပေးခဲ့ ကြပြီး ရွှေ့ပြောင်းအမျိုးသမီးများ တရားမျှတမှုလက်လှမ်းမီရေးအတွက် ပိုမိုကူညီထောက်ပံ့မှု များ လိုအပ်နေကြောင်း ဖော်ထုတ်ပေးခဲ့သော မြန်မာရွှေ့ပြောင်းအမျိုးသမီးများအား ကျေးဇူးတင် ရှိပါသည်။ ထို့အပြင် ၂၅ ကြိမ်မြောက် အမျိုးသမီးနိုးနှောဖလှယ်ပွဲတွင် ပါဝင်ခဲ့ကြပြီး အလို အလျောက်တုံ့ပြန်မှုစနစ် (ARM) အတည်ပြုဆွေးနွေးပွဲများတွင် အကြံပြု ဆွေးနွေးခဲ့ကြသော ရွှေ့ပြောင်းအမျိုးသမီး (၁၂၈) ဦးအားလည်း ကျေးဇူးတင်ရှိပါသည်။

အကြမ်းဖက်မှုကျူးလွန်ခံရသူ ရွှေ့ပြောင်းအမျိုးသမီးများအား ကူညီပံ့ပိုးပေးခြင်းနှင့် လူမှုရေး ဆိုင်ရာ၊ ဥပဒေရေးရာ ဝန်ဆောင်မှုများ လက်လှမ်းမီရရှိနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးခဲ့ သော ထိုင်းနိုင်ငံရှိ NGO ကွန်ရက်အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့၏ လမ်းညွှန်စာအုပ်ပါ အချက်အလက်များ၏ တိကျမှန်ကန်မှုကို စစ်ဆေးပေးခဲ့သော ဥပဒေရေးရာ ကျွမ်းကျင်သူများအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM) ကို ပြုစုရေးသားခြင်း၊ ထုတ်ဝေခြင်းနှင့် လေ့ကျင့်သင်ကြား ခြင်းလုပ်ငန်းစဉ်များကို MAP Foundation ၏ အလှူရှင်မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုများ ကြောင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

Foundation for a Just Society (FJS)
International Labour Organization (ILO)
Urgent Action Fund (UAF)

ထိုင်းနိုင်ငံအတွင်းရှိ အမျိုးသမီးအားလုံးအတွက် တရားမျှတမှုရရှိနိုင်ရေးကို ပံ့ပိုးဆောင်ရွက်ပေး သော ထိုင်းတော်ဝင်အစိုးရနှင့် ထိုင်းပြည်သူပြည်သားများအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

# အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM)<br>မိတ်ဆက်နိဒါန်း နှင့် အသုံးပြုနည်း ၂၀၂၆ခုနှစ်

၂၀၀၃ ခုနှစ်တွင် ရွှေ့ပြောင်းနှင့် ဒုက္ခသည်အမျိုးသမီးများအနေဖြင့် မိမိတို့လိုအပ်သော စောင့်ရှောက်မှုနှင့် တရားမျှတမှုရရှိရန် စိတ်ပိုင်းဆိုင်ရာနှင့် ဥပဒေရေးရာ ကူညီထောက်ပံ့မှုများ ရယူရာတွင် ကြုံတွေ့နေရသော အခက်အခဲများကို တုံ့ပြန်နိုင်ရန် "ရွှေ့ပြောင်းနှင့် ဒုက္ခသည် အမျိုးသမီးများအတွက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်ပွားသည့်အခါ လုပ်ဆောင်ရန် လမ်းညွှန်" ဖြစ်သော အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM) ၏ မူရင်းစာအုပ်ကို ထုတ်ဝေခဲ့ပါသည်။

ထိုင်းနိုင်ငံတွင် မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှု များနှင့် သက်ဆိုင်သော ဥပဒေများကို သိသိသာသာ ပြင်ဆင်တိုးချဲ့ထားပြီး ဤသို့သော ပြောင်းလဲမှုများကြောင့် အမျိုးသမီးများ ပိုမိုတရားမျှတမှု ရရှိလာနိုင်မည် ဖြစ်ပါသည်။ သို့သော် အမျိုးသမီးများအနေဖြင့် ဖိုဝါဒကြီးစိုးသော လူမှုဖွဲ့စည်းပုံများ၊ ယဉ်ကျေးမှုဆိုင်ရာ တားမြစ်ကန့်သတ်မှုများနှင့် အကူအညီ အထောက်အပံ့များ ရှာဖွေရန် ခက်ခဲမှုများကို ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ ထိုင်းဘာသာစကား မပြောတတ်ခြင်း သို့မဟုတ် နားမလည်ခြင်း၊ ဥပဒေဆိုင်ရာ အခြေအနေ မတည်ငြိမ်ဘဲ ယာယီသာဖြစ်နေခြင်းနှင့် အကြမ်းဖက်သူများအပေါ် မှီခိုနေရခြင်းတို့ ကြောင့် ရွှေ့ပြောင်းနှင့် ဒုက္ခသည်အမျိုးသမီးများအတွက် အဆိုပါ စိန်ခေါ်မှုများသည် ပိုမိုခက်ခဲသော အတားအဆီးများ ဖြစ်လာစေပါသည်။ ထို့ကြောင့် ယခု အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM) စာအုပ်အသစ်တွင် ဥပဒေအသစ်များနှင့် ၎င်းတို့ကို မည်သို့အသုံးချနိုင်သည်ကို အသေးစိတ် ဖော်ပြထားသည့်အပြင် အကြမ်းဖက်မှုကျူးလွန်ခံရသူများ လိုအပ်နိုင်သော စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများကိုလည်း အလေးပေးထည့်သွင်းထားပါသည်။

ယခု အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM) ကို အပိုင်း (၁) : မုဒိမ်းမှု၊ အပိုင်း (၂) : ထိပါးနှောင့်ယှက်မှု၊ အပိုင်း (၃) : အိမ်တွင်းအကြမ်းဖက်မှုဟူ၍ အပိုင်း သုံးပိုင်း ခွဲခြားထားပါသည်။ ဤ အလိုအလျောက်တုံ့ပြန်မှုစနစ်သည် ထိုင်းနိုင်ငံရှိ အမျိုးသမီးအားလုံးအတွက် သက်ဆိုင်သော် လည်း အထူးသဖြင့် ရွှေ့ပြောင်းအမျိုးသမီးများနှင့် ၎င်းတို့၏ ကူညီထောက်ပံ့ရေးအဖွဲ့များအတွက် ရည်ရွယ်ထားပါသည်။ ဒုက္ခသည်စခန်းရှိ အမျိုးသမီးများသည် လွန်ခဲ့သောနှစ်များတစ်လျှောက် စခန်းအတွင်းရှိ စနစ်များနှင့် ကိုက်ညီသော လုပ်ငန်းစဉ်များကို တိုက်ရိုက်ဖော်ပြထားသည့် အလားတူ လမ်းညွှန်စာအုပ်တစ်ခုကို ပြုစုရေးသားခဲ့ကြသည်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်၍ နယ်စပ်ပဋိပက္ခကြောင့် ကမ္ဘောဒီးယားအလုပ်သမားများ အစုလိုက်အပြုံလိုက် ထွက်ခွာသွားပြီးနောက် အလုပ်သမားအင်အား ပြတ်လပ်မှုဖြစ်ပေါ်လာသည့် လုပ်ငန်းကဏ္ဍများနှင့် ဒေသများတွင် ဒုက္ခသည်စခန်းရှိ ဒုက္ခသည်များအား အလုပ်လုပ်ခွင့်ပေးထားပါသည်။ ဒုက္ခသည်များ၏

အလုပ်လုပ်ခွင့်သည် ရေရှည် သို့မဟုတ် အမြဲတမ်းအတွက်ဖြစ်သော အခြေအနေတစ်ခုဖြစ်လာပါက အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM) ကို အလုပ်လုပ်ကိုင်နေသော ဒုက္ခသည်များ၏ လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားပြီး ပြန်လည်ပြင်ဆင်ရန် လိုအပ်လာနိုင်ပါသည်။ ယခုအချိန်တွင်မူ ရွှေ့ပြောင်းနှင့် ဒုက္ခသည်အရေး ကူညီထောက်ပံ့နေသောအဖွဲ့များအနေဖြင့် အကြမ်းဖက်မှုကြုံတွေ့ခဲ့ရသော အလုပ်လုပ်နေသည့် ဒုက္ခသည်များကို ကူညီပံ့ပိုးနိုင်ရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

အလိုအလျောက်တုံ့ပြန်မှုစနစ်တွင် အကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသော ရွှေ့ပြောင်းအမျိုးသမီးတစ်ဦးအား အသေးစိတ်ကူညီပံ့ပိုးမှု နည်းလမ်းအဆင့်ဆင့်ကို ဖော်ပြထားပါသည်။ အဘယ့်ကြောင့်ဆိုသော် အကြမ်းဖက်မှုအမျိုးအစားအလိုက် ဥပဒေနှင့် လုပ်ငန်းစဉ်များ မတူညီသည့်အတွက် အလိုအလျောက်တုံ့ပြန်မှုစနစ်ကို အပိုင်း (၃) ခု ခွဲခြားထားပါသည် —

အပိုင်း (၁) : မုဒိမ်းမှု<br>
အပိုင်း (၂) : ထိပါးနှောင့်ယှက်မှု<br>
အပိုင်း (၃) : အိမ်တွင်းအကြမ်းဖက်မှု

အလိုအလျောက်တုံ့ပြန်မှုစနစ်ကို ရွှေ့ပြောင်းအလုပ်သမားများအား ကူညီထောက်ပံ့ပေးသူများအတွက် လေ့ကျင့်သင်ကြားရေးကိရိယာအဖြစ် အသုံးပြုရန် လည်းကောင်း၊ အကြမ်းဖက်ခံရသော ရွှေ့ပြောင်းအမျိုးသမီးများအား လုံခြုံရေးနှင့် တရားမျှတမှုရရှိရေးဆိုင်ရာ ဆုံးဖြတ်ချက်များချနိုင်ရန် ကူညီပံ့ပိုးပေးနိုင်သော ရွှေ့ပြောင်းအမျိုးသမီး ကူညီထောက်ပံ့ပေးသူများ၏ အရေးအတွက်ကို တိုးမြှင့်ရန်အတွက် လည်းကောင်း ရည်ရွယ်ထားပါသည်။

## အလိုအလျောက်တုံ့ပြန်စနစ်အား သင်တန်း အထောက်အကူအဖြစ် အသုံးပြုခြင်း

လေ့ကျင့်သင်ကြားရေးများတွင် အပိုင်းတစ်ပိုင်းချင်းစီကို တစ်ရက်စီခွဲ၍ သီးသန့်လေ့လာနိုင်သလို၊ အပိုင်းသုံးပိုင်းလုံးကို တစ်ပြိုင်နက်တည်းဖြင့် (၃) ရက်မှ (၄) ရက်အတွင်း လေ့ကျင့်သင်ကြားနိုင်ပါသည်။ လေ့ကျင့်သင်ကြားရေးများကို အစည်းအဝေးခန်းမတွင်သာ မဟုတ်ဘဲ ကူညီထောက်ပံ့ပေးသူများသည် ဒေသတွင်းဝန်ဆောင်မှုများနှင့် အကျွမ်းတဝင်ရှိရန် အရေးကြီးသောကြောင့် One Stop Crisis Centre (OSCC)၊ ဆေးရုံများနှင့် ရဲစခန်းများသို့ စနစ်တကျသွားရောက်လေ့လာခြင်းများကိုလည်း ထည့်သွင်းဆောင်ရွက်သင့်ပါသည်။ လေ့ကျင့်သင်ကြားရေးဆိုင်ရာ အခြားအကြံပြုချက်များကို နောက်ဆက်တွဲ ဖ တွင် ကြည့်ရှုနိုင်ပါသည်။

လေ့ကျင့်သင်ကြားရေးများနှင့် ရွှေ့ပြောင်းအမျိုးသမီးများ၏ အသိပညာတိုးတက်လာခြင်းသည် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွင်း အမျိုးသမီးများ ခံစားနေရသည့် အကြမ်းဖက်မှုများအကြောင်းကို ပိုမိုသိရှိနားလည်လာစေရန် အထောက်အကူပြုပါသည်။ အဆိုပါ အကြမ်းဖက်မှုများသည် မကြာခဏ အသံတိတ်ဖြစ်ပေါ်နေပြီး ကူညီထောက်ပံ့မှုနှင့် တရားမျှတမှုစနစ်များကို မရရှိဘဲ ဖြစ်နေတတ်ပါသည်။ အသိပညာမြှင့်တင်မှုနှင့် လေ့ကျင့်သင်ကြားထားသော ကူညီထောက်ပံ့ပေးသူများ ရှိလာခြင်းကြောင့် ရွှေ့ပြောင်းအမျိုးသမီးများသည် ၎င်းတို့ကြုံတွေ့နေရသော အကြမ်းဖက်မှုများကို ပိုမိုလုံခြုံစိတ်ချမှုနှင့် ယုံကြည်မှုဖြင့် တိုင်ကြားနိုင်ပြီး တရားမျှတမှုရရှိရန် လိုက်လံဆောင်ရွက်လာနိုင်မည်ဟု မျှော်လင့်ပါသည်။

အချို့အခြေအနေများတွင် လေ့ကျင့်သင်ကြားထားခြင်း မရှိသော်လည်း အတွေ့အကြုံရှိပြီး ယုံကြည်ရသော ရွှေ့ပြောင်းအမျိုးသမီးများသည် အကြမ်းဖက်မှုကြုံတွေ့ရသော အမျိုးသမီးများကို ကူညီထောက်ပံ့ပေးရန် တာဝန်ယူရနိုင်ပါသည်။ ထိုသို့သောအခြေအနေများတွင်လည်း အလိုအလျောက်တုံ့ပြန်မှုစနစ်ကို အသုံးပြု၍ လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း အကူအညီပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

အလိုအလျောက်တုံ့ပြန်မှုစနစ်သည် အဆင့်လိုက် လုပ်ဆောင်ရန် လုပ်ငန်းစဉ်များကို ဖော်ပြထားသည့်အပြင် သက်ဆိုင်ရာ ဥပဒေများကို ရှင်းလင်းဖော်ပြထားပြီး ကူညီထောက်ပံ့မှုများ ပေးနိုင်သော သက်ဆိုင်ရာ အဖွဲ့အစည်းများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ဥပဒေများ ပြောင်းလဲနိုင်ခြင်းနှင့် အဖွဲ့အစည်းများ၏ တည်နေရာ သို့မဟုတ် လုပ်ငန်းဦးတည်ချက်များ ပြောင်းလဲနိုင်ခြင်းကြောင့် အလိုအလျောက်တုံ့ပြန်မှုစနစ်ကို လိုအပ်သလို အချက်အလက်များ မွမ်းမံပြင်ဆင်ရန် အရေးကြီးပါသည်။

## အကြမ်းဖက်မှုကြုံတွေ့ရသူများကို ကူညီထောက်ပံ့ရာတွင် လိုက်နာသင့်သည့် ဆောင်ရန်/ ရှောင်ရန် အချက်များ

- ကျူးလွန်ခံရသူ/ရှင်သန်လွတ်မြောက်သူ၏ ပြောဆိုချက်များကို နားထောင်ပြီး ယုံကြည်ပေးရပါမည်။
- ကျူးလွန်ခံရသူ/ရှင်သန်လွတ်မြောက်သူ၏ လုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ဦးစားပေးရပါမည်။
- လျှို့ဝှက်ချက်ထိန်းသိမ်းမှု — အချက်အလက်များကို ကျူးလွန်ခံရသူ/ရှင်သန်လွတ်မြောက်သူ၏ သဘောတူညီမှုဖြင့်သာ အသိပေးမျှဝေရပါမည်။
- သက်ဆိုင်ရာ ဥပဒေများနှင့် ရရှိနိုင်သော ဝန်ဆောင်မှုများ၏ နောက်ဆုံးရသတင်းအချက်အလက်များကို မှန်ကန်စွာလေ့လာသိရှိထားရပါမည်။

- အမြင်တူသော အဖွဲ့အစည်းများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ကာ ကျူးလွန်ခံရသူ/ ရှင်သန်လွတ်မြောက်သူများအတွက် သင့်လျော်သော ဝန်ဆောင်မှုများ ရရှိစေရန် အသိပေး တိုက်တွန်းရပါမည်။ ထိုဝန်ဆောင်မှုများတွင် အကြံပေးဆွေးနွေးမှု၊ လုံခြုံသော ခိုလှုံရာ နေရာထောက်ပံ့မှု၊ ကျန်းမာရေးဝန်ဆောင်မှုများအားလက်လှမ်းမီရရှိမှု ၊ ဥပဒေရေးရာ အကူအညီနှင့် တရားမျှတမှု ရရှိနိုင်ရေးတို့ ပါဝင်ပါသည်။
- အမျိုးသမီးများအတွက် အထောက်အကူဖြစ်ပြီး အားပေးမြှင့်တင်နိုင်သော ပတ်ဝန်းကျင် တစ်ခု ဖန်တီးခြင်းသည် အကြမ်းဖက်မှုကို တားဆီးရန် အဓိကကျပါသည်။
- လိင်နှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများသည် ဖိုဝါဒကြီးစိုးမှု၊ ဂျဲန်ဒါ၊ လူမျိုးနှင့် လူတန်း စားအပေါ် အခြေခံသော ခွဲခြားမှုများမှ ဖြစ်ပေါ်လာသော ပြဿနာများဖြစ်သောကြောင့် အကြမ်းဖက်မှုများကို တစ်ခုချင်း သီးခြားဖြစ်ရပ်များအဖြစ်သာ မမြင်ဘဲ ထိုကဲ့သို့ ကျယ်ပြန့် သော နောက်ခံအခြေအနေများနှင့် ဆက်စပ်၍ နားလည်သဘောပေါက်ရပါမည်။

## အထောက်အထားမပြည့်စုံသော ရွှေ့ပြောင်းအမျိုးသမီးများ

အထောက်အထားမပြည့်စုံသော ရွှေ့ပြောင်းအမျိုးသမီးများသည် တရားမျှတမှုရရှိရန် အခွင့်အရေးရှိသော်လည်း လုပ်ငန်းစဉ်အတွင်း ဖမ်းဆီးထိန်းသိမ်းခံရခြင်း သို့မဟုတ် နေရပ်ပြန် ပို့ခံရခြင်းများ ကြုံတွေ့နိုင်ပါသည်။ ကူညီထောက်ပံ့ပေးသူ သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် အဆိုပါ အန္တရာယ်များကို ရိုးသားပွင့်လင်းစွာ အသိပေးပြောကြားထားရမည်ဖြစ်ပြီး ကျူးလွန်ခံ ရသူအနေဖြင့် တရားမျှတမှုရရှိရန် ဥပဒေနည်းလမ်းအတိုင်းဆက်လက်ဆောင်ရွက်မည်ဟု ဆုံးဖြတ်ပါက အဆိုပါ အန္တရာယ်များကို လျော့နည်းစေရန် ကူညီထောက်ပံ့ပေးသူများဘက်မှ မိမိ တို့တတ်နိုင်သမျှ ဆောင်ရွက်ရပါမည်။ ကူညီထောက်ပံ့ပေးသော အဖွဲ့အစည်းများအနေဖြင့် အခြေအနေကို နားလည်သဘောပေါက်ပြီး ကျူးလွန်ခံရသူများ၏အခြေအနေကို နားလည် သဘောပေါက်ပြီး တရားမျှတမှုရရှိခွင့်ကို ထောက်ခံပံ့ပိုးပေးသော ရှေ့နေများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးရပါမည်။ ကျူးလွန်ခံရသူ ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်တစ်ခုချင်း စီ၏ လုံခြုံမှုကို ရှေ့နေမှ ကြိုတင်စစ်ဆေးရပါမည်။ ဥပမာအားဖြင့် ကိုယ်ရေးကိုယ်တာ အချက်အလက်အသေးစိတ်များကို မဖော်ပြသေးဘဲ ရဲဌာနနှင့် ကြိုတင်ဆွေးနွေးထားခြင်းမျိုး ပြုလုပ်နိုင်ပါသည်။

## အမည်ခေါ်ဝေါ်သုံးစွဲမှု — ကျူးလွန်ခံရသူ သို့မဟုတ် ရှင်သန်လွတ်မြောက်သူ

လုပ်ငန်းစဉ်ကို ရှင်းလင်းဖော်ပြရန်အတွက် အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM) တွင် အကြမ်းဖက်မှုခံစားခဲ့ရသော အမျိုးသမီးကို “ကျူးလွန်ခံရသူ” နှင့် “ရှင်သန်လွတ်မြောက်သူ” ဟူသော အသုံးအနှုန်းများဖြင့် ရည်ညွှန်းထားပါသည်။ လုပ်ငန်းစဉ်အစပိုင်းတွင် “ကျူးလွန်ခံရသူ”

ဟူသော အသုံးအနှုန်းကို အသုံးပြုထားခြင်းမှာ ဥပဒေအရ ထိုအမျိုးသမီးသည် ရာဇဝတ်မှုတစ်ခု၏ ကျူးလွန်ခံရသူ ဖြစ်နေသည့်အပြင် အကြမ်းဖက်မှုဖြစ်ပွားပြီး မကြာမီအချိန်တွင် "ရှင်သန်လွတ်မြောက်သူ" ဟူသော အသုံးအနှုန်းသည် ၎င်း၏ ခံစားချက်ကို အပြည့်အဝ မဖော်ပြနိုင်သေးသောကြောင့် ဖြစ်ပါသည်။ လုပ်ငန်းစဉ်တစ်လျှောက်တွင် အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM) ၏ ရည်ရွယ်ချက်မှာ "ကျူးလွန်ခံရသူ" အဖြစ် ခံစားနေရသူသည် "ရှင်သန်လွတ်မြောက်သူ" အဖြစ် စတင်ခံစားလာနိုင်ရန် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ၎င်းသည် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကုသမှုလုပ်ငန်းစဉ်ကို စတင်လာပြီး ပိုမိုစိတ်သက်သာလာခြင်း သို့မဟုတ် မိမိကိုယ်ကို ယုံကြည်မှုရှိလာခြင်းကို ဆိုလိုပါသည်။ ထိုပြောင်းလဲမှုသည် အမျိုးသမီးတစ်ဦးနှင့်တစ်ဦး မတူညီနိုင်သကဲ့သို့ "ကျူးလွန်ခံရသူ" ဟု ခံစားနေသူတစ်ဦးက "ရှင်သန်လွတ်မြောက်သူ" ဟု စတင်ခံစားလာသည့် တိကျသေချာသော အချိန် သို့မဟုတ် အဆင့်လည်း မရှိပါ။ အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM) ကို အသုံးပြုသူများအနေဖြင့် မိမိတို့အတွက် ပိုမိုသင့်လျော်သည်ဟု ယူဆသော အသုံးအနှုန်းကို အသုံးပြုနိုင်ပါသည်။ အမှန်တကယ်တွင် ကူညီထောက်ပံ့ပေးသူများအနေဖြင့် "ကျူးလွန်ခံရသူ" သို့မဟုတ် "ရှင်သန်လွတ်မြောက်သူ" ဟူသော အသုံးအနှုန်းများကို အသုံးပြုရန် မလိုအပ်ဘဲ ထိုအမျိုးသမီး၏ အမည်ဖြင့်သာ ခေါ်ဆိုနိုင်ပါသည်။ ယင်းအမည်သည် ၎င်း၏ အမည်ရင်း၊ အမည်ပြောင် သို့မဟုတ် ကိုယ်ရေးအချက်အလက်ကို ကာကွယ်ရန် ၎င်းကိုယ်တိုင် ရွေးချယ်ထားသော အမည်အတုတစ်ခုလည်း ဖြစ်နိုင်ပါသည်။ အကယ်၍ ကျူးလွန်ခံရသူ/ရှင်သန်လွတ်မြောက်သူသည် မိမိအား "ကျူးလွန်ခံရသူ" သို့မဟုတ် "ရှင်သန်လွတ်မြောက်သူ" ဟု ခေါ်ဝေါ်သုံးစွဲမှုအပေါ် အဆင်မပြေပါက ၎င်းနှင့် ဆွေးနွေးပြောဆိုပြီး ၎င်းနှစ်သက်သည့် အသုံးအနှုန်းဖြင့် ခေါ်ဝေါ်ပေးရန် အခြားသူများကိုလည်း ပြောဆိုသင့်ပါသည်။

## ကျူးလွန်ခံရသူနှင့် ကျူးလွန်သူ

အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM) ကို မုဒိမ်းမှု၊ ထိပါးနှောင့်ယှက်မှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုများကို ကြုံတွေ့ခဲ့ရသော ရွှေ့ပြောင်းအမျိုးသမီးများအတွက် အဓိကရည်ရွယ်၍ ရေးဆွဲထားပါသည်။ ကျူးလွန်ခံရသူနှင့် ကျူးလွန်သူကို ရည်ညွှန်းဖော်ပြရာတွင် လွယ်ကူစေရန် ARM တွင် ကျူးလွန်ခံရသူအတွက် "သူမ" နှင့် ကျူးလွန်သူအတွက် "သူ" ဟူသော အသုံးအနှုန်းများကို အသုံးပြုထားပြီး ယင်းသည် အများဆုံးတွေ့ရသော အခြေအနေဖြစ်သောကြောင့် ဖြစ်ပါသည်။ သို့သော် ကျူးလွန်ခံရသူသည် အမျိုးသားများ သို့မဟုတ် အခြားဂျဲန်ဒါများ ဖြစ်နိုင်သကဲ့သို့ ကျူးလွန်သူသည်လည်း အမျိုးသမီးများ သို့မဟုတ် အခြားဂျဲန်ဒါများ ဖြစ်နိုင်ကြောင်းကို ကောင်းစွာနားလည်သဘောပေါက်ထား ပါသည်။ ထိုသို့သော အခြေအနေများတွင် ကူညီထောက်ပံ့ပေးသူများအနေဖြင့် သင့်လျော်သော ကူညီပံ့ပိုးမှုများနှင့် လွှဲပြောင်းဆောင်ရွက်ပေးမှုများကို လုပ်ဆောင်လိမ့်မည်ဟု ယုံကြည်ပါသည်။

## ဂျဲန်ဒါ တန်းတူညီမျှမှုနှင့် ပတ်သက်၍ ထိုင်းနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များ

ဂျဲန်ဒါအခြေပြု ခွဲခြားဆက်ဆံမှုကို ဂျဲန်ဒါတန်းတူညီမျှရေး အက်ဥပဒေ ထိုင်းသက္ကရာဇ် ၂၅၅၈ (ခရစ်နှစ် ၂၀၁၅) အရ တားမြစ်ထားပါသည်။ ဤအက်ဥပဒေအရ “မတရားသော ဂျဲန်ဒါအခြေပြု ခွဲခြားဆက်ဆံမှု” ဆိုသည်မှာ လူတဦး၏ ကျား၊ မ ဖြစ်ခြင်း သို့မဟုတ် မွေးဖွားလာသော လိင်နှင့် မတူညီသည့် ရုပ်သွင်ပြင်ရှိခြင်းကြောင့် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အခွင့်အရေးများနှင့် အကျိုးခံစားခွင့်များကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် ခွဲခြားခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဖယ်ရှားခြင်းများပြုလုပ်ခြင်း သို့မဟုတ် ထိုအခြေအနေများမဖြစ်စေရန် လုပ်ဆောင်ရမည့် တာဝန်များကို လျစ်လျူရှုခြင်းကို ဆိုလိုသည်။ ဤအက်ဥပဒေသည် ဂျဲန်ဒါအခြေပြု ခွဲခြားဆက်ဆံမှုကို ကာကွယ်တားဆီးရန်နှင့် တိုင်ကြားချက်များကို လက်ခံစီမံဆောင်ရွက်၍ လျော်ကြေးပေးချေမှု အပါအဝင် ကုစားမှုအစီအစဉ်များကို ဆောင်ရွက်နိုင်ရန် စနစ်များကို အကောင်အထည်ဖော်ထားသည်။ တိုင်ကြားချက်များကို ဂျဲန်ဒါတန်းတူညီမျှမှု မြှင့်တင်ရေး ကော်မတီနှင့် မတရားသော ဂျဲန်ဒါအခြေပြု ခွဲခြားဆက်ဆံမှုအပေါ် ဆုံးဖြတ်ချက်ချရေး ကော်မတီတို့မှ လုပ်ထုံးလုပ်နည်းအတိုင်း စိစစ်ဆောင်ရွက် သည်။ ထို့အပြင် ဤအက်ဥပဒေအရ ဂျဲန်ဒါတန်းတူညီမျှမှုကို မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ ဂျဲန်ဒါတန်းတူညီမျှမှု မြှင့်တင်ရေး ရန်ပုံငွေကို ထားရှိသည်။

# သတိပြုရန်

## မမှန်ကန်သော စွပ်စွဲချက်များသည် ပြင်းထန်သော ရာဇဝတ်မှုများဖြစ်သည်

မုဒိမ်းမှု၊ ထိပါးနှောင့်ယှက်မှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှု ကဲ့သို့သော ပြင်းထန်သည့် ရာဇဝတ်မှုများနှင့် ပတ်သက်၍ တစုံတဦးအား မမှန်ကန်သော စွပ်စွဲချက်များ ပြုလုပ်ရာတွင် စွပ်စွဲခံရသူမှ အမှန်တကယ် ပြစ်မှုမကျူးလွန်ခဲ့ပါက စွပ်စွဲသူအနေဖြင့် တရားရုံးတွင် တရားရင်ဆိုင်ရနိုင်ပြီး ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်ပါကျခံရနိုင်သည်။

စွပ်စွဲချက်တစ်ရပ်အား မမှန်ကန်ကြောင်း သက်သေထင်ရှားပြီး တစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာနှင့် နာမည်ကောင်းကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားကြောင်း တွေ့ရှိပါက အောက်ပါဥပဒေများ နှင့် အရေးယူခံရနိုင်သည်။

ထိုင်းနိုင်ငံတွင် အသရေဖျက်မှုကို ပြစ်မှုတစ်ရပ်အဖြစ် သတ်မှတ်ထားပြီး ရာဇဝတ်မှုဥပဒေနှင့် တရားမမှုဥပဒေအရ နှစ်မျိုးစလုံးဖြင့် တရားစွဲဆိုနိုင်ပါသည်။ ၎င်းတွင် နှုတ်ဖြင့် ပြောဆိုသော အသရေဖျက်မှု နှင့် စာဖြင့်ရေးသားခြင်း သို့မဟုတ် အွန်လိုင်းပေါ်တွင် ဖော်ပြခြင်း တို့ပါဝင်ပြီး၊ လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် နာမည်ကောင်းကို ထိခိုက်စေသော အကြောင်းအရာများပါဝင်သည်။ မုဒိမ်းမှု၊ ထိပါးနှောင့်ယှက်မှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုတို့နှင့် ပတ်သက်၍ မမှန်ကန်သော စွပ်စွဲချက်များ ပြုလုပ်ခြင်းကို အလွန်တင်းကျပ်စွာ ကိုင်တွယ်ဆောင်ရွက်ပြီး စွပ်စွဲသူအနေဖြင့် ထင်ရှားသော ဥပဒေဆိုင်ရာ အကျိုးဆက်များကို ရင်ဆိုင်ရနိုင်ပါသည်။

## မမှန်ကန်သော စွပ်စွဲချက်များနှင့် သက်ဆိုင်သော ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ

စွပ်စွဲချက်တစ်ရပ်သည် မမှန်ကန်ကြောင်း သက်သေထင်ရှားပြီး လူတစ်ဦး၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားကြောင်း တွေ့ရှိပါက အောက်ပါဥပဒေများ အကျုံးဝင်ပါသည် —

**• ပြစ်မှုဆိုင်ရာ အသရေဖျက်မှု (ရာဇဝတ်မှုဥပဒေ ပုဒ်မ ၃၂၆–၃၂၈)**

အထူးသဖြင့် လူမှုကွန်ရက်မီဒီယာများ သို့မဟုတ် ကြေညာချက်များ၊ စသည့် အများပြည်သူ သိရှိနိုင်သည့် နည်းလမ်းများဖြင့် လူတစ်ဦးအား မမှန်မကန် စွပ်စွဲပါက ထောင်ဒဏ် အများဆုံး ၂ နှစ်အထိ ချမှတ်ခံရနိုင်ပြီး ဘတ် ၂၀၀,၀၀၀ အထိ ငွေဒဏ်ချမှတ်ခံရနိုင်ပါသည်။

**• ကွန်ပျူတာရာဇဝတ်မှု ဥပဒေ (Computer Crime Act – CCA)**

မမှန်ကန်သော စွပ်စွဲချက်များကို ဖေ့စဘုတ်စာမျက်နှာ၊ Line သို့မဟုတ် အခြားသော လူမှုကွန်ရက်မီဒီယာများတွင် တင်ပြပါက၊ ကွန်ပျူတာရာဇဝတ်မှု ဥပဒေ ပုဒ်မ ၁၄(၁) အရ “မမှန်သတင်းအချက်အလက် ထည့်သွင်းခြင်း” ဖြင့် တရားစွဲဆိုခံရနိုင်ပါသည်။ ယင်းအမှုအတွက် အများဆုံး ထောင်ဒဏ် ၅ နှစ်နှင့် ဘတ် ၁၀၀,၀၀၀ အထိ ငွေဒဏ် ချမှတ်ခံရနိုင်ပါသည်။ ပို့စ်အား ဖျက်ပစ်ခြင်းသည် ဥပဒေဆိုင်ရာ တာဝန်မှ ကင်းလွတ်စေမည် မဟုတ်ပါ။ စခရင်ရှော့ပုံများ၊ အချိန်မှတ်တမ်းများ နှင့် ဒစ်ဂျစ်တယ် လမ်းကြောင်းမှတ်တမ်းများသည် တရားရုံးတွင် တင်သွင်းနိုင်သော သက်သေအထောက်အထားများဖြစ်ပါသည်။

**• မမှန်သတင်းပေးခြင်း / မမှန်အချက်အလက် တင်ပြခြင်း (ရာဇဝတ်မှုဥပဒေ ပုဒ်မ ၁၇၂–၁၇၄)**

မုဒိမ်းမှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့ သို့မဟုတ် အာဏာပိုင်များထံ မမှန်ကန်သော တိုင်ကြားချက်တင်ပြပါက၊ တိုင်ကြားသူသည် ထောင်ဒဏ် အများဆုံး ၂ နှစ်၊ ငွေဒဏ် သို့မဟုတ် နှစ်မျိုးစလုံး ချမှတ်ခံရနိုင်ပါသည်။ မမှန်မကန် စွပ်စွဲခံရသူအနေဖြင့်လည်း မမှန်စွပ်စွဲမှုအတွက် ပြစ်မှုဆိုင်ရာ တန်ပြန်တရားစွဲဆိုခြင်းနှင့် အသရေဖျက်မှုအတွက် တရားမမှုတရားစွဲဆိုခြင်းများကို ချက်ချင်း ဆောင်ရွက်နိုင်ပါသည်။

အလိုအလျောက်တုံ့ပြန်မှုစနစ် (ARM) ကို အသုံးပြုသူများအနေဖြင့် ၎င်းကို လိုအပ်သလို သင့်လျော်စွာ ပြင်ဆင်မွမ်းမံနိုင်သော စာတမ်းတစ်စောင်အဖြစ် သဘောပေါက်နားလည်ပေးမည်ဟု မျှော်လင့်ပါသည်။ ထို့အပြင် အကြံပြုချက်များကိုလည်း map@mapfoundationcm.org သို့ Subject: ARM ဟု ဖော်ပြ၍ ပေးပို့နိုင်ပါသည်။

**ရှင်းလင်းချက်** – ဤစာအုပ်တွင် ပါဝင်သော အချက်အလက်များသည် ၂၀၂၆ ခုနှစ် အစောပိုင်းအထိ ထုတ်ပြန်ထားသော ဥပဒေဆိုင်ရာ ပြောင်းလဲမှုများအပေါ် အခြေခံထားခြင်းဖြစ်ပြီး ဥပဒေဆိုင်ရာ အကြံပေးချက် မဟုတ်ပါ။ ဥပဒေများသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်သလို၊ အမှုတစ်ခုချင်းစီ၏ အခြေအနေအရလည်း အဓိပ္ပာယ်ဖွင့်ဆိုပုံ ကွဲပြားနိုင်ပါသည်။

## အတိုကောက်စကားလုံးများ

ARM – အလိုအလျောက်တုံ့ပြန်စနစ်
MAP – Migrant Assistance Program
FJS – Foundation for a Just Society
ILO – အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း
OSCC – အရေးပေါ်ထောက်ပံ့ကူညီရေး ဝန်ဆောင်မှုစင်တာ
CCA – ကွန်ပျူတာ ရာဇဝတ်မှု ဥပဒေ
WE – အမျိုးသမီးဆွေးနွေးပွဲ
NGO – အစိုးရမဟုတ်သော အဖွဲ့အစည်းများ
NHRC – အမျိုးသား လူ့အခွင့်အရေးကော်မရှင်
MoJ – တရားရေးဝန်ကြီးဌာန
DRLP – အခွင့်အရေးနှင့် လွတ်လပ်ခွင့် ကာကွယ်ရေးဌာန
ECP – အရေးပေါ် သန္ဓေတားဆေး
STIs – လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါများ
HIV – ခုခံအားကျဆင်းမှု ကူးစက်ရောဂါ
AZT – Azidothymidine
PEP – Post–Exposure Prophylaxis
GBV – ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု
PGE – ဂျဲန်ဒါတန်းတူညီမျှမှု မြှင့်တင်ရေးကော်မတီ
LPO – အလုပ်သမားကာကွယ်ရေးရုံး
WO – အမျိုးသမီးအဖွဲ့အစည်းများ
ID – အထောက်အထားစာရွက်စာတမ်း
CIOS – Court Integral Online Service
DV – အိမ်တွင်းအကြမ်းဖက်မှု
IPV – အရင်းနှီးဆုံးလက်တွဲဖော်အပေါ်အကြမ်းဖက်မှု
DVA – Victims of Domestic Violence Protection Act
MSDHS – လူမှုဖွံ့ဖြိုးရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန
CSOs – အရပ်ဘက် လူ့အဖွဲ့အစည်းများ
CBOs – ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ
VAW – အမျိုးသမီးများအပေါ်အကြမ်းဖက်မှု
POPs – Progestin Only Pills
COCs – Combined Oral Contraceptives
NCII – ခွင့်ပြုချက်မရှိဘဲ မျှဝေထားသော ကိုယ်ရေးကိုယ်တာဓာတ်ပုံများ
CSAM – ကလေးများအားလိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုမှုနှင့်သက်ဆိုင်သည့်အကြောင်းအရာ
CAR – အမှုကူညီမှုမှတ်တမ်း

# အပိုင်း (၁) – မုဒိမ်းမှု

## အထွေထွေ အဓိပ္ပါယ်ဖွင့်ဆိုချက်

**• မုဒိမ်းမှုဆိုသည်မှာ သဘောတူညီမှုမရှိဘဲ မည်သည့်အတိုင်းအတာမဆို လိင်အင်္ဂါ (vagina) သို့မဟုတ် စအို ထဲသို့ ခန္ဓာကိုယ်အစိတ်အပိုင်း သို့မဟုတ် အရာဝတ္ထုတစ်ခုခုဖြင့် ထိုးသွင်းခြင်း၊ သို့မဟုတ် လိင်အင်္ဂါဖြင့် ပါးစပ်ထဲသို့ ထိုးသွင်းခြင်းကို ဆိုလိုသည်။**

၎င်းတွင် အောက်ပါအချက်များလည်း ပါဝင်နိုင်သည် –

- မုဒိမ်းကျင့်ရန် ကြိုးစားခြင်း
- ကျူးလွန်ခံရသူအား လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များ ပြုလုပ်ရန် အတင်းအကျပ် ခိုင်းစေခြင်း
- ခြိမ်းခြောက်ခြင်း၊ လိမ်လည်ခြင်း၊ အပြစ်ပေးသည့်သဘော ဖန်တီးခြင်း သို့မဟုတ် ကြောက်ရွံ့စေခြင်းတို့ဖြင့် အတင်းအကျပ် သို့မဟုတ် ဖျားယောင်းသွေးဆောင်၍ လိင်ဆက်ဆံမှု ပြုလုပ်စေခြင်း
- အသက်အရွယ်မပြည့်မီခြင်း၊ မူးယစ်သောက်စားထားခြင်း၊ မသန်စွမ်းမှု၊ အိပ်မောကျနေခြင်း သို့မဟုတ် သတိမရှိခြင်း အခြေအနေတို့ကြောင့် သဘောတူညီမှု မပေးနိုင်သူနှင့် လိင်ဆက်ဆံခြင်း

**• အတင်းအကျပ် ဖိအားပေးခြင်း ဆိုသည်မှာ ဘာကို ဆိုလိုသနည်း**

အတင်းအကျပ် ဖိအားပေးခြင်း ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖိအားပေးခြင်း၊ စကားဖြင့် ခြိမ်းခြောက်ခြင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများ ပါဝင်နိုင်သည်။ ကျူးလွန်သူများသည် –

- ခြိမ်းခြောက်မှုများ အသုံးပြုခြင်း ("မလုပ်ဘူးဆိုရင် မင်း သို့မဟုတ် မင်းချစ်တဲ့သူတစ်ယောက်ယောက်ကို နာကျင်အောင်လုပ်မယ်")
- ကျူးလွန်ခံရသူ၏ စိတ်ခံစားမှု သို့မဟုတ် ယုံကြည်မှုကို ကြိုးကိုင်ခြယ်လှယ်ခြင်း
- အာဏာ သို့မဟုတ် အင်အားကို အသုံးပြု၍ ဖိအားပေးခြင်း
- သဘောတူညီနိုင်စွမ်းမရှိသော အခြေအနေကို အခွင့်ကောင်းယူခြင်း

**• သဘောတူညီမှု ဆိုသည်မှာ ဘာကို ဆိုလိုသနည်း**

သဘောတူညီမှုဆိုသည်မှာ လိင်ဆက်ဆံရန် လက်ခံသဘောတူခြင်းကို ဆိုလိုသည်။ ယခင် ဆက်ဆံရေးရှိခြင်း၊ ပရောပရည်လုပ်ခြင်း သို့မဟုတ် ယခင် လိင်ဆက်ဆံဖူးခြင်းတို့သည် အနာဂတ် လုပ်ရပ်များအတွက် သဘောတူညီမှုဟု မယူဆနိုင်ပါ။

## ထိုင်းဥပဒေအရ သတ်မှတ်ချက်များ

မုဒိမ်းမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ပြစ်ဒဏ် –

- မုဒိန်းမှုနှင့်ပတ်သက်၍ ရာဇဝတ်မှုဥပဒေ ပြင်ဆင်ချက် အမှတ် (၃၀/၂၀၂၅) သည် ကျူးလွန်သူနှင့် ကျူးလွန်ခံရသူ နှစ်ဦးစလုံးအတွက် လိင်အမျိုးအစားမရွေး အကျုံးဝင်စေပြီး ပုဒ်မ ၂၇၆ တွင် မုဒိမ်းမှု၏ အဓိပ္ပါယ်ကို ကျူးလွန်သူ၏ လိင်စိတ်ဆန္ဒ ပြည့်စုံစေရန် ထိုးသွင်းမှုပါဝင်သည့် မည်သည့် လုပ်ရပ်မဆို ပါဝင်စေရန် တိုးချဲ့ဖွင့်ဆိုထားသည်။
- ကျူးလွန်သူ၏ လိင်အင်္ဂါဖြင့် ကျူးလွန်ခံရသူ၏ ပါးစပ်၊ စအို သို့မဟုတ် မိန်းမကိုယ် လိင်အင်္ဂါထဲသို့ ထိုးသွင်းခြင်း။
- အတင်းအကျပ် ပါးစပ်ဖြင့် လိင်ဆက်ဆံစေခြင်း – ယခင်က "အရှက်ကွဲစေသော လုပ်ရပ်" အဖြစ် ခွဲခြားထားသော်လည်း ယခု မုဒိမ်းမှုအဖြစ် သတ်မှတ်ထားသည်။
- လက်ချောင်းကဲ့သို့သော အခြားခန္ဓာကိုယ်အစိတ်အပိုင်းများ သို့မဟုတ် အရာဝတ္ထုများဖြင့် ကျူးလွန်ခံရသူ၏ စအို သို့မဟုတ် မိန်းမကိုယ် လိင်အင်္ဂါထဲသို့ ထိုးသွင်းခြင်း။
- ကျူးလွန်ခံရသူအား ကိုယ်တိုင် သို့မဟုတ် ကျူးလွန်သူအပေါ် အထက်ဖော်ပြပါ အမျိုးမျိုးသော ထိုးသွင်းသည့် လုပ်ရပ်များ ပြုလုပ်ရန် အတင်းအကျပ် ခိုင်းစေခြင်း။
- ခွဲစိတ်ပြုပြင်ထားသောလိင်အင်္ဂါများကို ယခုအခါ ဥပဒေအရ လိင်အင်္ဂါများအဖြစ် တရားဝင်အသိအမှတ်ပြုထားပြီး မုဒိမ်းမှုများတွင် သဘာဝလိင်အင်္ဂါများနှင့် တန်းတူ သတ်မှတ်၍ အရေးယူပါသည်။ အမျိုးသမီးမှ အမျိုးသားအဖြစ် ပြောင်းလဲထားသူ၏ ခွဲစိတ်ပြုပြင်ထားသော လိင်အင်္ဂါ သို့မဟုတ် အမျိုးသားမှ အမျိုးသမီးအဖြစ် ပြောင်းလဲထားသူ၏ ခွဲစိတ်ပြုပြင်ထားသော လိင်အင်္ဂါများကိုလည်း သဘာဝလိင်အင်္ဂါများနှင့် တန်းတူ သတ်မှတ်ပါသည်။

### မုဒိမ်းမှု၏ အဓိက ဥပဒေရေးရာ အစိတ်အပိုင်းများ (ပုဒ်မ ၂၇၆)

အောက်ပါနည်းလမ်းများဖြင့် အထက်ဖော်ပြပါ လုပ်ရပ်များကို အခြားသူ၏ ဆန္ဒမရှိဘဲ ကျူးလွန်ခြင်း ကိုလည်း မုဒိမ်းမှုအဖြစ် သတ်မှတ်သည် –

- ခြိမ်းခြောက်ခြင်း/ဖိအားပေးခြင်း – ကျူးလွန်ခံရသူ၏ လုံခြုံရေး သို့မဟုတ် အကျိုးစီးပွားအတွက် ကြောက်ရွံ့စေမည့် နည်းလမ်းများ အသုံးပြုခြင်း။
- အကြမ်းဖက်ခြင်း – ကိုယ်ကာယ အင်အားသုံးခြင်း။
- တားဆီးနိုင်စွမ်းမရှိသည့်အခြေအနေတွင်ရှိခြင်း – သတိမရှိခြင်း၊ မူးယစ်ခြင်း သို့မဟုတ် ဆေးဝါးတမျိုးမျိုး၏ သက်ရောက်မှုအောက်တွင်ရှိခြင်း စသည့် အခြေအနေများကို အခွင့်ကောင်းယူခြင်း။
- ကျူးလွန်သူအား ကျူးလွန်ခံရသူမှ အခြားသူဟု မှားယွင်းယုံကြည်စေခြင်း။

## အမှုတိုင်ကြားရမည့် ကာလကန့်သတ်ချက်

အမှုများကို တိုင်ကြားရာတွင် သတ်မှတ်ထားသော ကာလအတွင်း တိုင်ကြားရမည်ဖြစ်ပြီး အဆိုပါ ကာလသည် ပြစ်မှုအတွက် ချမှတ်နိုင်သည့် ပြစ်ဒဏ်ကာလနှင့် ကိုက်ညီပါသည်။ ဥပမာအားဖြင့် — ပြစ်မှုသည် သေဒဏ်၊ တစ်သက်တစ်ကျွန်းထောင်ဒဏ် သို့မဟုတ် နှစ် (၂၀) ထောင်ဒဏ် ချမှတ်နိုင်ပါက အမှုကို နှစ် (၂၀) အတွင်း တိုင်ကြားရပါမည်။ ပြစ်မှုသည် (၁၀) နှစ် ထောင်ဒဏ် ချမှတ်နိုင်ပါက အမှုကို (၁၀) နှစ်အတွင်း တိုင်ကြားရပါမည်။

## လင်မယားအကြား မုဒိမ်းမှု

လင်မယားအကြား သဘောတူညီမှုမရှိဘဲ လိင်ဆက်ဆံခြင်းသည် ဥပဒေအရ တားမြစ်ထားသော လုပ်ရပ်ဖြစ်သည်။

လင်မယားအကြား မုဒိမ်းမှု ဖြစ်ပွားပြီး နှစ်ဦးစလုံး ပြန်လည်အတူနေလိုပါက တရားရုံးသည် ဥပဒေအရ သတ်မှတ်ထားသည့် ပြစ်ဒဏ်ထက် လျှော့ပေါ့၍ စီရင်ချက်ချနိုင်ခြင်း သို့မဟုတ် အကျဉ်းထောင်ဒဏ်အစား အပြုအမူပြုပြင်ရန် အမိန့်ဖြင့် အစားထိုးနိုင်သည်။

တရားရုံးမှ အကျဉ်းထောင်ဒဏ် ချမှတ်ပြီးနောက် တစ်ဖက်မှ ပြန်လည်အတူနေလိုခြင်း မရှိတော့ဘဲ လင်မယားကွာရှင်းလိုပါက၊ ထိုကွာရှင်းလိုသည့်ဘက်မှ တရားရုံးသို့ အသိပေးရမည်ဖြစ်ပြီး တရားရုံးသည် ပြည်သူ့အမှုစစ်ထံ အသိပေးကာ ကွာရှင်းအမှု တင်သွင်းရန် ဆောင်ရွက်စေရမည်။

ကျူးလွန်ခံရသူသည် ၃ လအတွင်း တိုင်ကြားနိုင်သည် (တိုင်ကြားနိုင်သည့် ကန့်သတ်ကာလ)။

## ကလေးများအပေါ် မုဒိမ်းမှု

အသက် ၁၅ နှစ်မပြည့်သေးသော ကလေးနှင့် လိင်ဆက်ဆံခြင်းသည် ဥပဒေအရ သတ်မှတ်ထားသော မုဒိမ်းမှု (statutory rape) ဖြစ်ပြီး ကလေး၏ သဘောတူညီမှုရှိမရှိ မကြည့်ဘဲ တရားမဝင်ဟု သတ်မှတ်ပြီး ပြစ်ဒဏ်ချမှတ်ခံရနိုင်သည်။

## အမှုတိုင်ကြားရမည့် ကာလကန့်သတ်ချက်

ကာလကန့်သတ်ချက်ကို တွက်ချက်ရာတွင် ကျူးလွန်ခံရသူသည် အသက် (၁၈) နှစ် ပြည့်သည့် အချိန်မှသာ စတင်တွက်ချက်ပါသည်။ ယေဘုယျအားဖြင့် အမှုတိုင်ကြားနိုင်သည့် ကာလကန့်သတ်ချက်မှာ နှစ် (၂၀) ဖြစ်ပြီး လူကြီးများအပေါ် မုဒိမ်းမှုများအတွက် သတ်မှတ်ထားသည်နှင့် တူညီပါသည်။

## မုဒိမ်းမှု ဖြစ်ပွားသောအခါ လုပ်ဆောင်ရမည့် အဆင့်များ အကျဉ်းချုပ်

| **အဆင့် ၁ – ကျူးလွန်ခံရသူသည် ထောက်ပံ့ပေးသူနှင့် စကားပြောခြင်း** |
|---|
| **ပါဝင်သူများ** – ကျူးလွန်ခံရသူ၊ ကူညီထောက်ပံ့ပေးသူ – ပထမဆုံး ဆက်သွယ်သူ ဖြစ်နိုင်သည်၊ အမျိုးသမီးခေါင်းဆောင်၊ NGO၊ လူမှုရေး ဝန်ထမ်း၊ မိသားစုဝင်<br>**အချိန်အတိုင်းအတာ** – ပထမဆုံး ဆက်သွယ်ပြီးနောက် အမြန်ဆုံး<br>**မျှော်မှန်းရလဒ်** – ထောက်ပံ့ပေးသူမှ ကျူးလွန်ခံရသူအား နှစ်သိမ့်ဆွေးနွေးပေးသည်။ ထောက်ပံ့ပေးသူမှ ဆေးရုံရှိ လုပ်ငန်းစဉ်များကို ရှင်းပြပေးသည်။ ကျူးလွန်ခံရသူနှင့် သူမ၏ မိသားစုတို့၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ ကျူးလွန်ခံရသူမှ သိလိုသည်များ မေးရန် အခွင့်အရေးရသည်။ |
| **အဆင့် ၂ – ထောက်ပံ့ပေး သူသည် ကျူးလွန်ခံရသူကို OSCC၊ ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ လိုက်ပါကူညီခြင်း** |
| **ပါဝင်သူများ** – ကျူးလွန်ခံရသူ၊ ထောက်ပံ့ပေးသူ၊ ကျန်းမာရေး ဝန်ထမ်း၊ ဘာသာပြန်သူ<br>**အချိန်အတိုင်းအတာ** – မုဒိမ်းမှုကို ဖြစ်နိုင်ပါက ချက်ချင်း စုံစမ်းပါ။ ချက်ချင်းမဖြစ်နိုင်ပါက သုံးရက်အတွင်း<br>**မျှော်မှန်းရလဒ်** – ကျူးလွန်ခံရသူသည် ထိခိုက်ဒဏ်ရာရမှုအတွက် ဆေးကုသမှုများ၊ ကာကွယ်ဆေးများ လိုအပ်သလို ရရှိပြီး မှုခင်းဆေးပညာ စစ်ဆေးခြင်းအစီရင်ခံစာကို ဆေးရုံမှ ရေးသွင်းသည်။ |
| **အဆင့် ၃ – ဥပဒေကြောင်းအရ အရေးယူမယူ ဆုံးဖြတ်ချက်ချခြင်း** |
| **ပါဝင်သူများ** – ကျူးလွန်ခံရသူ၊ ကူညီထောက်ပံ့ပေးသူ၊ မိသားစုဝင် နှင့်/သို့မဟုတ် အသိမိတ်ဆွေ သူငယ်ချင်းများ၊ ရှေ့နေ<br>**အချိန်အတိုင်းအတာ** – မုဒိမ်းမှု ဖြစ်ပွားပြီး မကြာမီ ချက်ချင်း သို့မဟုတ် ရက်အနည်းငယ်အတွင်း တိုင်ကြားရမည် (ချက်ချင်းတိုင်ကြားလျှင် ပိုကောင်းပါမည်)။ နောက်မှ တိုင်ကြားလိုလျှင်လည်းရသည်။ တိုင်ကြားမှုပုံစံအတွက် အထက်ပါ "အမှုတိုင်ကြားရမည့် ကာလကန့်သတ်ချက်" ကို ကိုးကားကြည့်ရှုနိုင်ပါသည်။ သို့သော် နောက်မှ တိုင်ကြားမည်ဆိုပါက သက်သေများပျောက်ပျက်သွားနိုင်ပါသည်။<br>**မျှော်မှန်းရလဒ်** – ကျူးလွန်ခံရသူနှင့် သူမ၏အဖွဲ့ ဆုံးဖြတ်ချက်ချသည်။ |

| အဆင့် ၄ – ရဲထံအမှုတိုင်ကြားခြင်း |
|---|
| **ပါဝင်သူများ –** ကျူးလွန်ခံရသူ၊ ထောက်ပံ့ပေးသူများ၊ ဘာသာပြန်သူ၊ ရှေ့နေ၊ အမျိုးသမီး ရဲ၊ လူမှုရေး ဝန်ထမ်း<br>**အချိန်အတိုင်းအတာ –** ဖြစ်နိုင်ပါက ချက်ချင်းတိုင်ကြားရမည်၊ ချက်ချင်းတိုင်ကြားရန်မဖြစ်နိုင်ပါက ရက်အနည်းငယ်အတွင်းတိုင်ကြားနိုင်ပါက အကောင်းဆုံးဖြစ်သည်။ ကျူးလွန်ခံရသူသည် အထောက်အထားမရှိပါက ရှေ့နေ သို့မဟုတ် အတွေ့အကြုံရှိသည့် ဥပဒေ သိနားလည်သူတဦးမှ ကျူးလွန်ခံရသူ ဖမ်းဆီးခံရခြင်း၊ ပြန်ပို့ခံရခြင်း မဖြစ်စေရန် ရဲစခန်းသို့ ဦးစွာအကြောင်းကြားထားရမည်။<br>**မျှော်မှန်းရလဒ် –** ရဲမှ နေ့စဉ် မှတ်တမ်းနှင့် ရာဇဝတ်မှု အစီရင်ခံစာ တင်သွင်းသည်။ |

| အဆင့် ၅ – အခြားအဖွဲ့အစည်းများထံမှ အကူအညီရယူခြင်း |
|---|
| **ပါဝင်သူများ –** ကျူးလွန်ခံရသူ၊ ကူညီထောက်ပံ့ပေးသူ၊ ကာကွယ်ပေးသည့်အဖွဲ့အစည်းများ၊ ရှေ့နေ၊<br>ထိုကဲ့သို့သော ကာကွယ်ပေးသည့် အဖွဲ့အစည်းများတွင် ပါဝင်နိုင်သည်မှာ —အမျိုးသား လူ့အခွင့်အရေးကော်မရှင် (NHRC)၊ တရားရေး ဝန်ကြီးဌာန (MoJ)၊ အခွင့်အရေးနှင့် လွတ်လပ်ခွင့် ကာကွယ်ရေးဌာန (DRLP)<br>**အချိန်အတိုင်းအတာ –** ကျူးလွန်ခံရသူ၏ လုံခြုံရေးနှင့် အမှုတိုးတက်မှုရှိစေရန်အတွက် လုံခြုံရေးတိုးမြှင့်ခြင်း၊ ကာကွယ်ပေးရေး သို့မဟုတ် ဖိအားပေးခြင်း လိုအပ်သည့်အခါ အခြားအဖွဲ့အစည်းများထံမှ အကူအညီရယူနိုင်သည်။<br>**မျှော်မှန်းရလဒ် –** ကျူးလွန်ခံရသူ၊ ထောက်ပံ့ကူညီသူများနှင့် သက်သေများအတွက် လုံခြုံရေးကာကွယ်မှု ပိုမိုမြင့်မားလာနိုင်သည်။ ကျူးလွန်ခံရသူအတွက် လျော်ကြေးရရှိသည်။ ဥပဒေဆိုင်ရာ ကုန်ကျစရိတ်အတွက် ထောက်ပံ့မှုရရှိသည်။ |

| အဆင့် ၆ – တရားရုံးမတိုင်မီနှင့် တရားရုံးတွင် |
|---|
| **ပါဝင်သူများ –** ရှင်သန်လွတ်မြောက်သူ၊ ထောက်ပံ့ပေးသူများ၊ ဘာသာပြန်သူ၊ ရဲ၊ ရှေ့နေ၊ ပြည်သူ့အမှုစစ်<br>**အချိန်အတိုင်းအတာ –** ထောက်ပံ့ပေးသည့် အဖွဲ့အစည်းသည် ရဲတပ်ဖွဲ့နှင့် ပုံမှန် ဆက်လက် စောင့်ကြည့်ဆောင်ရွက်ရမည်။ ကျူးလွန်ခံရသူသည် တစ်နှစ်မှ နှစ်နှစ်အတွင်း တရားရုံးကြားနာမှု ရုံးချိန်း အကြိမ်အများအပြား တက်ရောက်ရနိုင်သည်။<br>**မျှော်မှန်းရလဒ် –** တရားရုံးအမှုအတွက် ရက်ချိန်း သတ်မှတ်ထားသည်။ ကျူးလွန်ခံရသူနှင့် သံသယရှိသူများကို မေးမြန်းစစ်ဆေးသည်။ မျက်မြင် သက်သေများကိုလည်း မေးမြန်းစစ်ဆေးသည်။ |

| အဆင့် ၇ – အမှု နောက်ဆုံး ကြားနာခြင်း စီရင်ချက်ထုတ်ပြန်ခြင်း |
| --- |
| **ပါဝင်သူများ** – ရှင်သန်လွတ်မြောက်သူ၊ ထောက်ပံ့ပေးသူ/ အဖွဲ့အစည်း၊ ရှေ့နေ၊ မျက်မြင်သက်သေများ၊<br>**အချိန်အတိုင်းအတာ** – အမှုနောက်ဆုံး ကြားနာချိန်<br>**မျှော်မှန်းရလဒ်** – တရားသူကြီးသည် စီရင်ချက်ချမှတ်သည်၊ ကျူးလွန်သူသည် အပြစ်ရှိသည် သို့မဟုတ် အပြစ်မရှိ ဟုတွေ့ရှိနိုင်သည်။ |
| **အဆင့် ၈ – စီရင်ချက်ထုတ်ပြန် ပြီးနောက်** |
| **ပါဝင်သူများ** – ရှင်သန်လွတ်မြောက်သူ၊ မိသားစု၊ ထောက်ပံ့ပေးသူ သို့မဟုတ် အဖွဲ့အစည်း၊ ရှေ့နေ၊ မီဒီယာ၊ လူဝင်မှုကြီးကြပ်ရေး<br>**အချိန်အတိုင်းအတာ** – စီရင်ချက်ပြီးနောက်ချက်ချင်း<br>**မျှော်မှန်းရလဒ်** – စီရင်ချက်အပေါ် ကျေနပ်ပါက ရှင်သန်လွတ်မြောက်သူအနေဖြင့် မိသားစုနှင့် မိတ်ဆွေများနှင့်အတူ အချိန်ယူခြင်း သို့မဟုတ် တစ်ဦးတည်း သက်သာစွာအနားယူနိုင်ပါသည်။ ထို့အပြင် မီဒီယာများနှင့် ဆက်သွယ်ပြောဆိုရန်လည်း စဉ်းစားနိုင်ပါသည်။<br>စီရင်ချက်အပေါ် မကျေနပ်ပါက ရှင်သန်လွတ်မြောက်သူ၊ ထောက်ပံ့ကူညီရေးအဖွဲ့အစည်းနှင့် ရှေ့နေတို့သည် ဆက်လက်လုပ်ဆောင်နိုင်သော နည်းလမ်းများ (ဥပမာ— အယူခံတင်ခြင်း) ကို ဆွေးနွေးသုံးသပ်နိုင်ပါသည်။ ရှင်သန်လွတ်မြောက်သူသည် စာရွက်စာတမ်းမရှိပါက မူရင်းနိုင်ငံသို့ ပြန်ပို့ခံရနိုင်သည်။ မီဒီယာများသည် အမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်နိုင်သည်။ |
| **အဆင့် ၉ – မုဒိန်းမှုမှ ရှင်သန်လွတ်မြောက်ခြင်း** |
| **ပါဝင်သူများ** – ရှင်သန်လွတ်မြောက်သူ၊ မိတ်ဆွေနှင့် မိသားစုဝင်များ၊ ထောက်ပံ့ပေးသူ သို့မဟုတ် အဖွဲ့အစည်း၊ အကြံပေးဆွေးနွေးသူ<br>**အချိန်အတိုင်းအတာ** – စီရင်ချက်ချပြီးနောက်ပိုင်း ရေရှည်<br>**မျှော်မှန်းရလဒ်** – ရှင်သန်လွတ်မြောက်သူသည် လိုအပ်သည့် ထောက်ပံ့မှုများနှင့်အတူ မိမိဘဝကို ပြန်လည်တည်ဆောက်နိုင်ပါသည်။ |

## အဆင့် အသေးစိတ်များ

အခြေအနေသည် အရေးပေါ် အန္တရာယ်ရှိပါက ရဲတပ်ဖွဲ့သို့ 191 ကို ချက်ချင်း ဖုန်းခေါ်ပါ။
မုဒိမ်းကျင့်ခံရသူအနေဖြင့် အရေးပေါ် ဆေးကုသမှုလိုအပ်ပါက 1669 ကို ဖုန်းခေါ်ပါ။
အမှုနှစ်ခုလုံးတွင် သင်ရှိနေသောနေရာကို ပြောပြပြီး ဖြစ်စဉ်ကို အကျဉ်းချုံး ဖော်ပြပါ။

### အဆင့် ၁ – ကျူးလွန်ခံရသူသည် ထောက်ပံ့ပေးသူနှင့် စကားပြော၍ အကူအညီရယူခြင်း

ထောက်ပံ့သူသည် အေးချမ်းပြီး လုံခြုံသောနေရာ တစ်ခုတွင် ကျူးလွန်ခံရသူနှင့် ထိုင်ဆွေးနွေးရန် စီစဉ်ရမည်။ သူမကိုယ်တိုင် မိတ်ဆက်ပြီး အလားတူ အခြေအနေရှိသော အလုပ်သမားရွှေ့ပြောင်း အမျိုးသမီးများကို ကူညီခဲ့သည့် အတွေ့အကြုံရှိကြောင်း ရှင်းပြနိုင်သည်။ ပထမဆုံးဆက်သွယ်သူသည် သူငယ်ချင်း သို့မဟုတ် ဆွေမျိုးဖြစ်ပါက အတူ ရှိနေပေးနိုင်မလားဟု မေးပါ။ ပထမဆုံး ဆက်သွယ်သူသည် မသိသူ (လူစိမ်း) ဖြစ်ပါက ကျေးဇူးတင်ကြောင်း ပြောပြီး ထွက်ခွာမသွားမီ ရဲမှ မေးမြန်းရန် လိုအပ်လာပါက ဆက်သွယ်နိုင်ရန် သူတို့၏ ဆက်သွယ်ရန်အချက်အလက်ကို တောင်းယူပါ။

ထောက်ပံ့သူသည် –

၁. ကျူးလွန်ခံရသူကို နားထောင်ရမည်
၂. စာနာနားလည်မှု ပြသရမည်
၃. အပြစ်မတင်ရ၊ မဆုံးဖြတ်ရ၊ မဝေဖန်ရပါ
၄. ကျူးလွန်ခံရသူ၏ လက်ရှိ အရေးပေါ်လိုအပ်ချက်များကို သိရှိရန် ကြိုးစားပြီး တုံ့ပြန်ဆောင်ရွက်ရမည်
၅. လျှို့ဝှက်ချက် ထိန်းသိမ်းရမည်၊ ကျူးလွန်ခံရသူအား ကူညီပေးနိုင်မည့်သူများကိုသာ သတင်းအချက်အလက်မျှဝေမည့်အကြောင်း ကျူးလွန်ခံရသူကို ပြောပြထားရမည်

### သိရှိထားသင့်သည့် အချက်များ

လျှို့ဝှက်ထားရမည့် အချက်အလက်များကို အလုပ်တာဝန်အရ မသိမဖြစ် လိုအပ်သူများနှင့်သာ မျှဝေရပါမည်။ မုဒိမ်းမှုများတွင် အတွေ့အကြုံရှိသည့် ဝန်ထမ်းများသည် ကျူးလွန်ခံရသူ၏ အန္တရာယ်အခြေအနေကို သုံးသပ်နိုင်ရန်နှင့် ကျူးလွန်ခံရသူနှင့် ထောက်ပံ့ကူညီရေးဝန်ထမ်းများ၏ လုံခြုံရေးကို ကာကွယ်နိုင်ရန် သိရှိထားသင့်ပါသည်။ သို့သော် အချက်အလက်များကို မျှဝေရာတွင် လုံခြုံရေးအတွက် မဖြစ်မနေ လိုအပ်သောသူများကိုသာ အသိပေးရပါသည်။

တခါတရံ ဘာပြောရမည်ကို သိရန် ခက်ခဲနိုင်သည်။ စာနာမှုနှင့် စိုးရိမ်ပူပန်မှုကို ဖော်ပြရန် သင့်လျော်သော စကားလုံးများ ရှာဖွေရန် ခက်ခဲနိုင်သည်။

အောက်ပါတို့သည် ပထမဆုံးဆက်သွယ်သူဖြစ်ပါက အကူအညီဖြစ်စေရန် အကြံပြုချက်အချို့ ဖြစ်သည်

1. ကျူးလွန်ခံရသူအား ယခုလို ပြောနိုင်သည် —
   - ဒီလိုဖြစ်ခဲ့တာအတွက် စိတ်မကောင်းပါဘူး။
   - ဒါဟာ သင့်အပြစ် မဟုတ်ပါဘူး။
2. ကျူးလွန်ခံရသူ၏ အရေးပေါ်လိုအပ်ချက်များကို တုံ့ပြန်ခြင်း —
   - တနေရာရာက နာကျင်နေပါသလား။ ယခု ဆရာဝန်ကို တွေ့ချင်ပါသလား။ သွေးထွက်နေတာမျိုးရှိသလား။ (အတွင်းပိုင်း သွေးယိုခြင်း သို့မဟုတ် ဒဏ်ရာများ ရှိနိုင်သဖြင့် ဆရာဝန်ထံ ဖြစ်နိုင်သမျှအမြန်ဆုံး သွားသင့်သည်။)
   - မုဒိမ်းမှု/ဖြစ်စဉ် ဖြစ်ချိန်တွင် သင် ဘယ်ကို သွားနေခဲ့ ပါသလဲ။ ယခု သင့်ကို စောင့်နေသူ တစ်ယောက်ရှိပါသလား။ (ဤမေးခွန်းများအတွက် အခြားသူများ၏ လုံခြုံရေးကိုလည်း စစ်ဆေးရန် လိုအပ်ပါက သေချာစေရမည်။ ဥပမာ — သူမ၏ ကလေးများသည် ကျောင်း သို့မဟုတ် အိမ်တွင် စောင့်နေနိုင်သည်။ ဤအခြေအနေမျိုးဖြစ်ပါက ကလေးများအတွက် လိုအပ်သည်များ စီစဉ်နိုင်ရန် ကျူးလွန်ခံရသူနှင့် တိုင်ပင်ပါ)
   - သင် ဆက်သွယ်စေချင်သော သူငယ်ချင်း၊ ဆွေမျိုး သို့မဟုတ် အဖွဲ့အစည်း ရှိပါသလား။

ထောက်ပံ့ကူညီသူအနေဖြင့် မိမိသည် ရွှေ့ပြောင်းအမျိုးသမီးများကို ကူညီပံ့ပိုးပေးနေသော အမျိုးသမီးအဖွဲ့တစ်ဖွဲ့၏ အဖွဲ့ဝင်ဖြစ်ကြောင်း ရှင်းလင်းပြောကြားရပါမည်။ ထို့အပြင် MAP အဖွဲ့အစည်း[1]သည် ချင်းမိုင် နှင့် မဲဆောက် တွင် အခြေစိုက်လုပ်ကိုင်နေပြီး ယခုကဲ့သို့သော အခြေအနေများတွင် အတွေ့အကြုံရှိကြောင်း ရှင်းပြနိုင်ပါသည်။

မုဒိမ်းမှု ကြုံတွေ့ရသော အမျိုးသမီးများအနေဖြင့် ဆေးရုံသို့ သွားရောက်ကာ ဒဏ်ရာများကို ကုသခြင်း၊ ရောဂါကာကွယ်ရေးဆေးများ သို့မဟုတ် ကိုယ်ဝန်ကာကွယ်ရေးဆေးများ ရယူနိုင်ခြင်းနှင့် မုဒိမ်းမှုအတွက် သက်သေအဖြစ် အသုံးပြုနိုင်သော ဆေးဘက်ဆိုင်ရာ စစ်ဆေးမှု (forensic examination) ပြုလုပ်နိုင်ကြောင်း ရှင်းလင်းပြောကြားရပါမည်။ ထို့နောက် ဆန္ဒရှိပါက ရဲစခန်းသို့ သွားရောက်ကာ အမှုဖွင့်နိုင်ကြောင်းလည်း အသိပေးရပါမည်။

[1] မိမိချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်း၏ ဆက်သွယ်ရန် အချက်အလက်များကို ဖော်ပြပေးပါ။

ကျူးလွန်ခံရသူ၏ ကိုယ်ရေးအချက်အလက်များကို အမှုမှတ်တမ်းပုံစံတွင် မှတ်တမ်းတင်ရန် ခွင့်ပြုချက်ရှိမရှိ မေးမြန်းရပါမည်။ နောက်ဆက်တွဲ ၅ ကိုကြည့်ရန်

ဆေးရုံသို့ သွားရန် ကျူးလွန်ခံရသူအား အဆင်ပြေမပြေ မေးပါ။ One Stop Crisis Centre (OSCC) ရှိသည့် နေရာတွင် ရှိပါက ထိုနေရာသို့ တိုက်ရိုက် သွားပါ။ ဥပဒေအရ လက်ခံနိုင်သော သက်သေ အထောက်အထားဖြစ်ရန် မှုခင်းဆေးပညာအရ စစ်ဆေးစမ်းသပ်မှုကို မုဒိမ်းမှု ဖြစ်ပွားခဲ့သည့် နေရာနှင့် အနီးဆုံး အစိုးရဆေးရုံတွင် ပြုလုပ်ပြီးစီးရမည်။

ကျူးလွန်ခံရသူတွင် လူမှုဖူလုံရေး သို့မဟုတ် ကျန်းမာရေးအာမခံ သို့မဟုတ် စာရွက်စာတမ်းများ ရှိမရှိ မေးပါ။ မရှိလျှင်လည်း အရေးမကြီးကြောင်း စိတ်သက်သာရန် အားပေးပြီး ဆေးရုံတွင် မှတ်ပုံတင်ဖို့အတွက် ကြိုတင်ပြင်ဆင်ရန်သာ မေးခြင်းခြင်းဖြစ်ကြောင်း ပြောပါ။

ကျူးလွန်ခံရသူသည် ပုံမှန် သားဆက်ခြားဆေး/နည်းလမ်းများ အသုံးပြုသလား မေးပါ။ ဘယ် အမျိုးအစား (ဆေးပြား၊ Depo provera/ ထိုးဆေး၊ Rod implants (Norplant) အပ်ထည့်ခြင်း) အသုံးပြုသလဲ၊ ယခုလက်ရှိ အသုံးပြုနေသလား မေးပါ။ မုဒိမ်းကျင့်သူက ကွန်ဒုံး အသုံးပြုခဲ့သလား မေးပါ (တချို့ ကျူးလွန်သူများအနေဖြင့် ကွန်ဒုံးအသုံးပြုနိုင်သည်)။

ဤအဆင့်တွင် ကျူးလွန်ခံရသူသည် အဝတ်အစားလဲခြင်း၊ ရေချိုးခြင်း လုပ်ချင်သော်လည်း ယခု အချိန်တွင် မပြုလုပ်သင့်ကြောင်း ပြောပြရန် အရေးကြီးပါသည်။ အကြောင်းမှာ ဆရာဝန် သို့မဟုတ် ရဲတပ်ဖွဲ့မှ မုဒိမ်းကျင့်သူကို ခွဲခြားသိနိုင်ရန် သက်သေအထောက်အထားများ ခန္ဓာကိုယ် ပေါ်တွင် ကျန်ရှိနေနိုင်သောကြောင့် ဖြစ်သည်။

သူမရေသောက်လိုပါက ပိုက်ဖြင့် အနည်းငယ်သောက်နိုင်သည် (သက်သေအားမပျောက်ပျက်စေ ရန် ဖြစ်သည်)

သူမ ဆီးသွားလိုပါက သူမစောင့်နိုင်ပါသလား မေးမြန်းပါ၊ မစောင့်နိုင်ပါက သန့်ရှင်းခြောက်သွေ့ သော ဘူးတခုခုထဲသို့ သွားစေပြီး ဆေးရုံသို့ယူဆောင်သွားပါ။

သူမဆေးလိပ်သောက်လိုပါက၊ ဆံပင်ခေါင်းဖြီးလိုပါက သို့မဟုတ် သွားတိုက်လိုပါက ဆေးရုံမှ သက်သေများ ရယူပြီးသည့်အချိန်ထိ စောင့်ဆိုင်းစေပါ။

သူမ ဆေးရုံမသွားလိုပါက —

ဆေးရုံသို့ သွားခြင်းသည် အလွန်အရေးကြီးသော်လည်း မသွားလိုကြောင်း သေချာပါက —

အရိုးကျိုးခြင်း၊ သွေးယိုခြင်း ရှိမရှိ စစ်ဆေးပါ။ ဘယ်နေရာတွင် နာကျင်နေသလဲ ထပ်မံ မေးပါ။ ဝမ်းဗိုက်ဧရိယာတွင် နာကျင်နေပါက အတွင်းပိုင်း သွေးယိုခြင်း ဖြစ်နိုင်ကြောင်း ပြော၍ ဆေးရုံသို့ သွားရမည်ဟု ပြောပါ။

သူမသည် သားဆက်ခြားနည်းလမ်းများ အသုံးမပြုနေပါက/ နှင့် မုဒိမ်းကျင့်သူက ကွန်ဒုံး အသုံးမပြုခဲ့ပါက — အမျိုးသားအင်္ဂါဖြင့် ထိုးသွင်းခဲ့ပါက ကိုယ်ဝန်တားဆီးရန် အရေးပေါ် သန္ဓေတားဆေး (ECP) သောက်နိုင်ကြောင်း ပြောပါ။ ဆေးသောက်ချင်သလား မေးပါ။ အရေးပေါ် သန္ဓေတားဆေး မရှိပါက နီးစပ်ရာ ဆေးဆိုင်မှ ဝယ်ပေးရန် တယောက်ယောက်ကို တောင်းဆိုပါ။ ဆေး၏ထိရောက်မှုရှိစေရန် ထိုးသွင်းခံရပြီး ၇၂ နာရီအတွင်း သောက်ရမည်။

ECP အကြောင်း အသေးစိတ်အတွက် နောက်ဆက်တွဲ ၂ ကို ကြည့်ပါ။

### အဆင့် ၂ – ထောက်ပံ့ပေးသူသည် ကျူးလွန်ခံရသူကို OSCC၊ ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ လိုက်ပါကူညီခြင်း

OSCC (One Stop Crisis Center) — ဆေးရုံအတွင်း အရေးပေါ်ထောက်ပံ့ကူညီရေး ဝန်ဆောင်မှု

OSCC သည် ထိုင်းနိုင်ငံရှိ ဆေးရုံများတွင်ရှိသော ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး အကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသူများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများကို အကူအညီပေးရန် ရည်ရွယ်ထားပါသည်။

OSCC တွင် ဝန်ဆောင်မှုအမျိုးမျိုးကို တစ်နေရာတည်းတွင် ပံ့ပိုးပေးထားပြီး ပါဝင်သော ဝန်ဆောင်မှုများမှာ—

ကျန်းမာရေး စောင့်ရှောက်မှု

စိတ်ပိုင်းဆိုင်ရာ အကြံပေးဆွေးနွေးမှုနှင့် အားပေးပံ့ပိုးမှု တို့ဖြစ်ပါသည်။

ကျူးလွန်ခံရသူအတွက် လိုအပ်ပါက ဆေးရုံတွင် ဘာသာပြန်သူကို လိုက်ပါကူညီပေးရန် ဆက်သွယ်ပါ။

OSCC သို့မဟုတ် ဆေးရုံ၏ ပြင်ပလူနာ အရေးပေါ်ဌာနတွင် ဤအမျိုးသမီးသည် မုဒိမ်းကျင့်ခံရပြီး ဆေးကုသမှု၊ ကာကွယ်ဆေးများ နှင့် မှုခင်းဆေးပညာ အရ စစ်ဆေးမှု လိုအပ်ကြောင်း ရှင်းပြပါ။ (အမျိုးသမီးဆရာဝန်ဖြစ်ပါက ပိုကောင်းမည်ဖြစ်သည်)

သူမသည် အရေးပေါ် သန္ဓေတားဆေး သို့မဟုတ် အခြားဆေးများ သောက်ပြီးပါက ဆရာဝန်အား အသိပေးပါ။

ယခုဘာဖြစ်နေသည်၊ ဆက်လက်၍ ဘာဖြစ်မည်ကို ရှင်းပြခြင်းဖြင့် သူမကို ထိန်းချုပ်မှုရှိနေသည့် အနေအထားနှင့် ထို ခံစားမှု ရစေပါ။

ဖြစ်နိုင်သမျှ သူမကို ကိုယ်တိုင် ရှင်းပြပြောဆိုခွင့်ပေးပါ၊ သို့သော် ထိုသို့ပြောရန်အတွက် သူမအတွက် အလွန်ဖိအားများပါက ကူညီပေးပါ။ မှုခင်းဆေးပညာ စမ်းသပ်မှုအချို့သည် သူမအတွက် အလွန်ကိုယ်ရေးကိုယ်တာထိခိုက်စေပြီး ခက်ခဲစေနိုင်သည်။ ဥပမာ — မိန်းမကိုယ်၊ စအို၊ ပါးစပ်ကို စစ်ဆေးခြင်း၊ စစ်ဆေးရန် သက်သေယူခြင်း စသည့်အခြေအနေများ။ ဆရာဝန်သည် အတတ်နိုင်ဆုံး သန့်ရှင်းညင်သာစွာ ပြုလုပ်မည်ဖြစ်ပြီး သူမကို ကူညီရန်သာ ဖြစ်ကြောင်း ရှင်းပြပါ။ နာကျင်ပါက ဆရာဝန်အား ပြောနိုင်ကြောင်း ပြောပါ။

မှုခင်းဆေးပညာအရ စစ်ဆေးမှုအတွင်း ဆရာဝန်သည် —

- မိန်းမကိုယ်မှ သက်သေအထောက်အထားများ (သုတ်ရည်၊ ဆီးခုံမွှေး) ကို စုဆောင်းသည်။
- ပါးစပ်မှ ဝွမ်းတံ (cotton swabs) အသုံးပြု၍ သက်သေအထောက်အထားများ စုဆောင်းသည်။
- လက်သည်းအောက်မှ သက်သေအထောက်အထားများ (ကျူးလွန်သူ၏ အရေပြားအပိုင်းအစများ) ကို စုဆောင်းသည်။
- သက်သေအထောက်အထားအတွက် ဓာတ်ပုံများ (အရေပြားပွန်းပဲ့ရာများ၊ ခြစ်ရာများ စသည်) ရိုက်ယူသည်။

မှုခင်းဆေးပညာအရ စစ်ဆေးမှုကို မုဒိမ်းမှု ဖြစ်ပွားပြီး ၇၂ နာရီအတွင်း ပြုလုပ်ရမည်။ စစ်ဆေးမှုရလဒ်များ ရရှိလာသောအခါ ဆရာဝန်သည် အဖြစ်အပျက် အစီရင်ခံစာ တစ်စောင် ရေးသားမည်။ ကျူးလွန်ခံရသူ၏ သဘောတူညီချက်ဖြင့် မှုခင်းဆေးပညာ အစီရင်ခံစာကို ရဲထံပို့ပေးမည်။

ကျူးလွန်ခံရသူသည် ပြင်းထန်စွာ စိတ်ဒဏ်ရာ ရရှိထားပြီး ကိုယ်တိုင် ဆုံးဖြတ်နိုင်ခြင်း မရှိပါက ဆေးရုံသည် ဥပဒေအရ ရဲသို့ အသိပေးရန် တာဝန်ရှိသည်။

ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုအတွင်း ဆရာဝန်သည် ကိုယ်ခန္ဓာပြင်ပနှင့် အတွင်းပိုင်း ဒဏ်ရာများကို စစ်ဆေးပြီး ကုသပေးသည်။
ဆရာဝန်သည် ကာကွယ်ရန် ဆေးဝါးများကိုလည်း ပေးနိုင်သည်၊ ဥပမာ —

- လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများကို ကာကွယ်ရန် ပိုးသတ်ဆေးများ
- HIV ကို ကာကွယ်ရန် AZT သို့မဟုတ် PEP (၂၈ ရက် ကုသမှု)
  ဤကာကွယ်ဆေးများကို ၇၂ နာရီအတွင်း သောက်သုံးရမည်။
- သန္ဓေတားရန် အရေးပေါ် သန္ဓေတား ဆေးများ (ECP)

၇၂ နာရီအတွင်း ကျူးလွန်ခံရသူအနေဖြင့် အရေးပေါ်သန္ဓေတားဆေး မသောက်သုံးမိ၍ ကိုယ်ဝန်ရှိလာပါက တရားဝင်ကိုယ်ဝန်ဖျက်ချနိုင်သည်။

OSCC သို့ သွားပါက နှစ်သိမ့်ဆွေးနွေးပေးသည့်ဝန်ထမ်းများက ကျူးလွန်ခံရသူကို အကြံပေး ဆွေးနွေးပေးနိုင်ပြီး စိတ်ပိုင်းဆိုင်ရာ အကဲဖြတ်ခြင်းကိုလည်း ပြုလုပ်နိုင်သည်။ အချို့အစိုးရဆေးရုံ များတွင်လည်း အကြံပေးဆွေးနွေးဝန်ဆောင်မှုများလည်း ထောက်ပံ့ပေးသည်။

ဆေးရုံတွင် ဆရာဝန်များ၊ ဆေးစစ်ချက် ရလဒ်များ စောင့်ဆိုင်းရသော အချိန်များ ရှိနိုင်သည်။ ထို အချိန်တွင် ကျူးလွန်ခံရသူ၏ စိတ်ကို ခဏသက်သာရာရစေရန် သင့်အဖွဲ့အစည်းအကြောင်း အကျဉ်းချုံး ရှင်းပြနိုင်သည်။ သူမ ငြိမ်သက်စွာ ထိုင်စောင့်နေချင်ပါက သူမနှင့်အတူ ငြိမ်သက်စွာ ထိုင်ပါ။ သူမမှ ဆက်သွယ်စကားပြောချင်သူ ရှိမရှိ ထပ်မံ စစ်ဆေးပါ။

သူမသည် မုဒိမ်းမှုအတွက် စိတ်ပူပန်၍ ကိုယ့်အပြစ်ဟု ခံစားနေရပါက —
"ဒါဟာ ညီမ/အစ်မ အပြစ် မဟုတ်ပါဘူး၊ ဘယ်သူမှ မုဒိမ်းကျင့်မခံရသင့်ပါဘူး။"
"အရေးကြီးတာက အခု အသက်ရှင်သန်ခဲ့တာပဲ။"
"အဲ့ဒီအကြောင်း ပြောပြချင်လား။ ဖြစ်ပျက်ခဲ့တာတွေအကြောင်း ပြောပြချင်လား။"
(အတင်းအကျပ်မလုပ်ပါနှင့်။ သူမသည် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာကို အကြိမ်ကြိမ် ပြန်ပြော ရနိုင်သည်။ သို့သော် သူပြောပြလိုပါက သေချာနားထောင်ပေးပါ၊ နောင်တချိန် သူမ အသေးစိတ် မမှတ်မိတော့ပါက ပြန်လည် သတိပေးရန် အထောက်အကူဖြစ်နိုင်သည်)

ဆေးသောက်ရန် ညွှန်ကြားချက်များ (ကျူးလွန်ခံရသူအား ပြန်လည်ရှင်းပြရန်)၊ ရက်ချိန်းများ (ကိုယ်ဝန်၊ STI၊ HIV စစ်ဆေးရန်) နှင့် အထွေထွေ ကျန်းမာရေးအခြေအနေများအတွက် ဆရာဝန်၏ ညွှန်ကြားချက်များကို နားထောင်ရန် သင်အတူရှိနေပေးရန်လိုမလို ကျူးလွန်ခံရသူအားမေးပါ။ သူမသည် မှုခင်းဆေးပညာ အစီရင်ခံစာကို ရဲထံ ပို့ရန် သဘောတူပါက — ရဲများ မည်သည့်အချိန် တွင် အစီရင်ခံစာ ရရှိမည်၊ သူမ မည်သည့်အချိန်တွင် ရဲထံ သွားရမည်ကို ဆရာဝန်အား မေးပါ။

လိုအပ်ပါက ကျသင့်ငွေပေးချေရန် စီစဉ်ပါ။
လျှို့ဝှက်ချက်ကို တင်းကြပ်စွာ ထိန်းသိမ်းပါ။ အနည်းဆုံး သိရန်လိုအပ်သည်များကိုသာ မျှဝေပါ။

ရဲစခန်းသို့ တိုက်ရိုက် သွားမည်ဆိုပါက သင့်အဖွဲ့အစည်း သို့မဟုတ် နှစ်သိမ့်ဆွေးနွေးပေးသူအား အသိပေးပါ။ ဖြစ်နိုင်ပါက ဘာသာပြန်ပေးမည့်သူနှင့် ရှေ့နေကို ဆက်သွယ်ပါ။ ရဲစခန်းတွင် ဓာတ်ပုံရိုက်သူ၊ သတင်းယူသူ ရှိနေနိုင်သဖြင့် သူမ၏ ဦးခေါင်းကို ဖုံးရန် ပုဝါတခုခုပေးထားပါ။

နောက်နေ့များတွင် ရဲစခန်းသို့ သွားမည်ဆိုပါက သူမ နေထိုင်ရန် လုံခြုံသောနေရာ စီစဉ်ပေးပါ၊ (သူငယ်ချင်း၊ မိသားစု သို့မဟုတ် သင်နှင့်အတူ နေထိုင်ရန်)။ ထိုအချိန်တွင် မှုခင်းဆေးပညာအရ စစ်ဆေးမှုများ ပြုလုပ်ပြီး၍ သူမ ရေချိုးလို့ရပြီဖြစ်ပြီး အစားအစာလည်း စားသောက်နိုင်ပါသည်။

အကယ်၍ ကျူးလွန်ခံရသူသည် အထောက်အထားမရှိပါက ရှေ့နေအားဆက်သွယ်ပြီး အမှုအား အသေးစိတ်ရှင်းပြပါ။ ရှေ့နေအား ရဲစခန်းသို့ ဖုန်းဆက်စေပြီး အမှုအခြေအနေကိုရှင်းပြစေပြီး အကယ်၍ ရဲစခန်းတွင်အမှုတိုင်ကြားမည်ဆိုပါက ကျူးလွန်ခံရသူအား အထောက်အထားမရှိသည့် အကြောင်းပြချက်ဖြင့် ဖမ်းဆီးခြင်း၊ သို့မဟုတ် နိုင်ငံသို့ပြန်ပို့ခြင်း မပြုလုပ်ရန် အာမခံချက်တောင်းဆိုစေပါ။ ရဲမှ အာမခံချက်မပေးနိုင်ပါက ကျူးလွန်ခံရသူအားရှင်းပြပြီး ရှေ့ဆက် မည်သို့ဆောင်ရွက်မည်ကို ဆုံးဖြတ်စေပါ။ (ဥပမာ – ပြန်ပို့ခံရမည်ဆိုလျှင်လည်း အမှုကိုတိုင်ကြားမည်၊ သို့မဟုတ် အမှုမတိုင်ကြားဘဲ ထိုင်းနိုင်ငံတွင်ဆက်လက်နေထိုင်မည်)

အထောက်အထားအပြည့်အစုံရှိသည့် ကျူးလွန်ခံရသူသည် ရဲထံ မတိုင်ကြားလိုပါက — သူမတွင် လုံခြုံစွာ နေထိုင်နိုင်သည့်နေရာ ရှိရန် သေချာစေပြီး ထောက်ပံ့ပေးနိုင်သော သူငယ်ချင်းများ ရှိရန် သေချာစေပါ။ စိတ်ပြောင်းသွားပါက မည်သည့်အချိန်တွင်မဆို တိုင်ကြားနိုင်ကြောင်း ရှင်းပြပါ။ သူမနှင့် ဆက်သွယ်ရန် အချက်အလက်များ ဖလှယ်ပါ။

**မည်သည့်အချိန်တွင်မဆို ကျူးလွန်ခံရသူ သို့မဟုတ် ထောက်ပံ့သူ အကူအညီ ထပ်မံလိုအပ်ပါက ထိုင်းနိုင်ငံ အကူအညီပေးဌာန များသို့ ဆက်သွယ်နိုင်သည် —**

- လူမှုအကူအညီ 1300
- စိတ်ပိုင်းဆိုင်ရာအကူအညီ 1323 (ဖေ့စဘွတ်မှတဆင့်လည်း ရနိုင်သည်)
- ဤ အကူအညီပေးရေးအဆက်အသွယ် များသည် ၂၄ နာရီဝန်ဆောင်မှုဖြစ်ပြီး လျှို့ဝှက်ထားပါသည်။

## အဆင့် ၃ – ဥပဒေကြောင်းအရ အမှုစွဲဆိုခြင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချခြင်း

ဥပဒေကြောင်းအရ ဆက်လက်လုပ်ဆောင်မည် မလုပ်ဆောင်မည် ဆုံးဖြတ်ခြင်းသည် လွယ်ကူမည်မဟုတ်ပါ။ မဆုံးဖြတ်မီ စဉ်းစားသင့်သည့် အချက်များ ရှိသည်။ ထောက်ပံ့သူသည် ထိုအချက်အလက်များကို ပြောပြပေးနိုင်သည် —

### ဥပဒေရေးရာ လမ်းကြောင်း ရွေးချယ်ရန် ကျူးလွန်ခံရသူ သိသင့်သည့်အချက်များ

**စာရွက်စာတမ်း အထောက်အထားရှိသည့် ရွှေ့ပြောင်းလုပ်သားများ**
စာရွက်စာတမ်း ပြည့်စုံပါက တရားရုံးတွင်အမှုစွဲဆိုနိုင်ပြီး စာရွက်စာတမ်း သက်တမ်းမကုန်ဆုံးသေးသရွေ့ ထိုင်းနိုင်ငံတွင် ဥပဒေအရ ဆက်လက်နေထိုင်နိုင်သည်။ ထောက်ပံ့ပေးသည့် အဖွဲ့အစည်းက အမှုသက်တမ်း ကာလတလျှောက် စာရွက်စာတမ်း သက်တမ်းမကုန်ဆုံးအောင် ကူညီနိုင်သည်။

သို့သော် ထိုင်းနိုင်ငံတွင် ထိရောက်သော သက်သေကာကွယ်ရေးစနစ် မရှိသေးသဖြင့် ပြစ်မှုကျူးလွန်သူသည် လွှမ်းမိုးမှုရှိသူ၊ အာဏာရှိသူဖြစ်ပါက ကျူးလွန်သူ သို့မဟုတ် မျက်မြင် သက်သေတို့၏ လုံခြုံရေးကို အာမခံရန် ခက်ခဲနိုင်သည်။

**စာရွက်စာတမ်း၊ အထောက်အထားမရှိသော ရွှေ့ပြောင်းလုပ်သားများ**
နစ်နာသူသည် အထောက်အထားမရှိသည့် ရွှေ့ပြောင်းတစ်ဦးဖြစ်နေပါကလည်း တရားမျှတမှုရယူရန်နှင့် တရားရုံးတွင် အမှုစွဲဆိုရန် အခွင့်အရေးရှိပါသည်။ သို့သော် အမှုရင်ဆိုင်နေစဉ်အတွင်း ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့် နိုင်ငံသို့ ပြန်ပို့ခံရခြင်းကြုံရနိုင်ပါသည်။ ထို့ကြောင့် အမှု ဆက်လက်စွဲဆိုနိုင်ရန်နှင့် တရားရုံးအမှု ပြီးဆုံးသည့်အထိ နေထိုင်ခွင့်ရရှိစေရန် ကူညီပေးနိုင်ရန် ရှေ့နေတစ်ဦး ပါဝင်ဆောင်ရွက်သင့်ပါသည်။ အမှုပြီးဆုံးပါက လူဝင်မှုကြီးကြပ်ရေးမှ မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်သည်။ NGO သည် ပြန်လည်ပို့ဆောင်ရာတွင် ကျူးလွန်သူမှ နောက်ယောင်ခံမလိုက်စေရန်နှင့် နှောင့်ယှက်မှုမပြုစေရန် လုံခြုံရေး စောင့်ကြည့်ပေးနိုင်သည်။

**အချိန်ကာလ**
တရားရုံးအမှုများသည် အချိန်ကြာမြင့်နိုင်ပြီး များသောအားဖြင့် နှစ်နှစ်အထိ ကြာနိုင်သည်။ သူမသည် တရားရုံးချိန်းတိုင်းကို တက်ရောက်ရမည်။

**လုံခြုံရေး**

ကျူးလွန်ခံရသူအနေဖြင့် သူမ သို့မဟုတ် သူမမိသားစု၏ လုံခြုံရေးကို စဉ်းစားရမည်ဖြစ်သည်။ ဥပဒေကြောင်းအရ တရားမစွဲဆိုပါက ကျူးလွန်သူသည် သူမ၊ သူမ၏ မိသားစု သို့မဟုတ် အခြားအမျိုးသမီးတစ်ဦးကို ထပ်မံ တိုက်ခိုက်နိုင်သည်။

အမှုစွဲဆိုပြီး ထောင်ဒဏ်ရှည်ချခံရပါက သူမ၊ သူမ၏ မိသားစုနှင့် အခြားအမျိုးသမီးများ လုံခြုံမည်။ ကျူးလွန်သူသည် လွှမ်းမိုးမှုရှိသူ၊ အာဏာရှိသူဖြစ်ပါက အမှုကို လက်လျှော့ရန် ခြိမ်းခြောက်နိုင်သည်။

**ထောက်ပံ့မှု**

အမှုကာလအတွင်း အရေးပေါ် ထောက်ပံ့ပေးမည့်သူ ပြောင်းလဲနိုင်သော်လည်း ထောက်ပံ့ပေးသည့်အဖွဲ့အစည်းသည် အမှုပြီးဆုံးသည်အထိ ကူညီမည်ဟု အာမခံပေးသင့်သည်။

**အခြားရွေးချယ်စရာများ**

ကျူးလွန်ခံရသူသည် ဥပဒေကြောင်းအရ တရားမစွဲဆိုလိုပါက —

- အခွင့်အရေးနှင့် လွတ်လပ်ခွင့် ကာကွယ်ရေးဌာန မှတဆင့် လျော်ကြေးတောင်းဆိုနိုင်သည်
- အမျိုးသမီးအပေါ် အကြမ်းဖက်မှုဆန့်ကျင်ရေး တက်ကြွ လှုပ်ရှားသူတယောက် ဖြစ်လာနိုင်သည်
- ငြိမ်သက်စွာ နေထိုင်၍ ဘဝကို ပြန်လည်တည်ဆောက်နိုင်သည်
- ဖြစ်နိုင်ပါက အလုပ် အမြန်ဆုံး ပြန်သွားနိုင်သည်
- ဘာသာရေး၊ တရားထိုင်ခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ ယောဂ စသည်ဖြင့် စိတ်ပိုင်းဆိုင်ရာ/ ခံစားမှုဆိုင်ရာ ကုသမှု ရယူနိုင်သည်
- စာရေးခြင်း၊ ဒရာမာ၊ အနုပညာ စသည့် ဖန်တီးမှုနည်းလမ်းများဖြင့် ဖြစ်ရပ်ကို ဖော်ပြနိုင်သည်
- မိသားစုထံပြန်နိုင်သည်
- သို့မဟုတ် အခြား အကြံဉာဏ်ကောင်းများ ရှိနိုင်သည်။ သူမကို နားထောင်ပေးပြီး ထောက်ပံ့ပေးရန် အရေးကြီးသည်။

➢ *ရဲထံ အကြောင်းကြားပြီး ဥပဒေကြောင်းအရ အမှုစွဲဆိုလိုပါက အဆင့် ၄ သို့ ဆက်သွားပါ။*

➢ *တရားရေးဝန်ကြီးဌာန၊ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကာကွယ်ရေး ဌာနထံမှ လျော်ကြေးတောင်းလိုပါက အဆင့် ၅ သို့ ဆက်သွားပါ။*

ဤဆုံးဖြတ်ချက်များသည် သီးခြားစီ မဟုတ်ဘဲ တပြိုင်နက်တည်း အတူတူ ပြုလုပ်နိုင်သည်။ ကျူးလွန်သူ၏ ဆုံးဖြတ်ချက်များကို လေးစား၍ ထောက်ပံ့ပေးရမည်။

**အဆင့် ၄ – ရဲထံ အမှုတိုင်ကြားခြင်း**

ထောက်ပံ့ပေးသူသည် ကျူးလွန်ခံရသူနှင့်အတူ ရဲစခန်းသို့ လိုက်သွားပေးရမည်။ လိုအပ်ပါက ဘာသာပြန်သူနှင့်အတူ၊ ဖြစ်နိုင်ပါက ရှေ့နေကိုပါအတူ ခေါ်သွားရမည်။ အကယ်၍ ကျူးလွန်ခံရသူ သည် အထောက်အထားမရှိ၍ ရှေ့နေအမှန်တကယ်လိုအပ်ပါက HRDF သို့မဟုတ် SHERO ကဲ့သို့သော မိတ်ဖက်အဖွဲ့အစည်းများမှ ရှေ့နေဝန်ဆောင်မှု ရယူနိုင်သည် (ဥပဒေရေးရာ အကူအညီပေးသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ရန် အချက်အလက်များအတွက် နောက်ဆက်တွဲ ၁ ကို ကြည့်ပါ)။

ရဲလုပ်ထုံးလုပ်နည်းများအရ မုဒိမ်းမှုများတွင် အမှုကို ဦးဆောင်ကိုင်တွယ်ရမည့်သူမှာ အမျိုးသမီးရဲအရာရှိ ဖြစ်သင့်ပါသည်။ သို့သော် ထိုင်းရဲတပ်ဖွဲ့တွင် အမျိုးသမီးရဲအရာရှိများသည် ၁၀% ထက်နည်းသောကြောင့် အမျိုးသမီးရဲအရာရှိ မရှိနိုင်ပါ။ ထို့ကြောင့် အမျိုးသားရဲအရာရှိ တစ်ဦးနှင့် တွေ့ဆုံရနိုင်ကြောင်း ကြိုတင်ပြင်ဆင်ထားပါ။

ကျူးလွန်ခံရသူသည် ဆေးရုံသို့ သွားပြီး မှုခင်းဆေးပညာ စစ်ဆေးမှု ပြုလုပ်ပြီးဖြစ်ကြောင်း ရဲအား အသိပေးပါ။ ရဲထံတွင် မှုခင်းဆေးပညာ အစီရင်ခံစာ ရရှိမှုရှိမရှိ စစ်ဆေးပါ။ ဆေးရုံမသွားရသေးပါက သို့မဟုတ် မှုခင်းဆေးပညာ စစ်ဆေးမှု မပြုလုပ်ရသေးပါက ရဲများသည် (မုဒိမ်းမှု စစ်ဆေးမှု အထောက်အကူ) rape kit ဖြင့် အခြေခံ စမ်းသပ်မှု ပြုလုပ်နိုင်သည်။ ဤစမ်းသပ်မှုကို အမျိုးသမီးရဲအရာရှိမှ ပြုလုပ်သင့်သည်။ အမျိုးသမီးရဲအရာရှိမှ မပြုလုပ်ပါက သို့မဟုတ် အမျိုးသမီးရဲအရာရှိ မရှိပါက ကျူးလွန်ခံရသူအား ဆေးရုံသို့ လွှဲပြောင်းသင့်သည်။

ရဲများသည် သက်သေအထောက်အထားအဖြစ် အဝတ်အစားများနှင့် အီလက်ထရောနစ်ပစ္စည်းများ တောင်းယူနိုင်သည်။ ရဲမှ သိမ်းဆည်းထားသော ပစ္စည်းများစာရင်းကို ကျူးလွန်ခံရသူက လက်မှတ်ရေးထိုးထားသင့်ပြီး မိတ္တူတစ်စုံကိုလည်း လုံခြုံစွာ သိမ်းဆည်းထားသင့်ပါသည်။ စုံစမ်းစစ်ဆေးမှု သို့မဟုတ် တရားရုံးအမှု ပြီးဆုံးသည့်အခါ အဆိုပါပစ္စည်းများကို ပြန်ပေးမည်ဖြစ်သည်။

ရဲထံမှ မေးခွန်းများကြောင့် ကျူးလွန်ခံရသူသည် ဖိအားနှင့် ရှက်ရွံ့မှု ခံစားနိုင်သည်။ စိတ်တည်ငြိမ်စေရန် ကူညီပြီး ဖြေဆိုနိုင်ရန် လုံလောက်သော အချိန်ပေးပါ။ ဘာသာပြန်သူ ပြန်ဆိုနိုင်ရန်နှင့် ရဲများ အလောတကြီးမလုပ်စေရန် တောင်းဆိုပါ။ ကျူးလွန်ခံရသူအတွက် ခက်ခဲလွန်းပါက ခဏအနားယူလိုကြောင်း တောင်းဆိုပါ။

ရဲမှ မျက်မြင်သက်သေရှိမရှိ မေးနိုင်သည်။ ကျူးလွန်ခံရသူ မှတ်မိချင်မှ မှတ်မိမည်ဖြစ်သည်။ သင့်အနေဖြင့် ရဲအား အခင်းဖြစ်သည့်နေရာ အနီးတဝိုက်တွင် စီစီတီဗွီရှိမရှိ မေးနိုင်သည်။

ရဲသည် ကျူးလွန်ခံရသူကို အမှုဖြစ်ပွားရာ နေရာသို့ ခေါ်ဆောင်နိုင်ပြီး CCTV မှတ်တမ်းများကို ပြန်လည် စစ်ဆေးနိုင်သည်။ ရဲသည် မုဒိမ်းမှုနှင့် ပတ်သက်၍ ကျူးလွန်ခံရသူ ပြောဆိုသည့် အရာအားလုံးကို မှတ်တမ်းတင်ရေးသားမည်။ ဖြစ်ပွားခဲ့သည့် အကြောင်းအရာအသေးစိတ်များ၊ ဖြစ်ပွားရာ နေရာ၊ အချိန်နှင့် ပြစ်မှုကျူးလွန်သူ(များ)၏ အသွင်အပြင် စသည်တို့ကို မှတ်တမ်းတင်မည်။ ထိုမှတ်တမ်းသည် ကျူးလွန်ခံရသူ၏ ထွက်ဆိုချက် ဖြစ်သည်။ မှန်ကန်ကြောင်း ဖတ်ရှုစစ်ဆေးပြီး လက်မှတ်ထိုးရန် ကျူးလွန်ခံရသူအား ပေးရမည်။ မမှန်ကန်ပါက ပြင်ဆင်ရန် တောင်းဆိုနိုင်သည်။ ရေးသားထားသည့် အကြောင်းအရာကို သူမ နားလည်ရမည်ဖြစ်သဖြင့် ဘာသာပြန်သူ တစ်ဦး ရှိရမည်။ သို့မဟုတ် သူမသည် ထိုင်းဘာသာ အပြောဘာသာစကားကို နားလည်သည်ဆိုပါက ဖြည်းဖြည်းချင်း၊ ခဏရပ်၍ ဖတ်ပြပေးရမည်။ ကျူးလွန်ခံရသူသည် ထွက်ဆိုချက် မိတ္တူတစ်စောင်ကို တောင်းယူထားသင့်သည်။

ကျူးလွန်ခံရသူသည် အသက် ၁၈ နှစ်အောက် ဖြစ်ပါက မေးမြန်းသည့်အချိန်တွင် လူမှုရေးဝန်ထမ်း၊ ရှေ့နေ၊ အုပ်ထိန်းသူနှင့် စိတ်ရောဂါအထူးကုဆရာဝန် ပါအတူရှိနေရမည်။

ရဲများသည် ကျူးလွန်ခံရသူ၏ ထွက်ချက်နှင့် မှုခင်းဆေးပညာ အစီရင်ခံစာ ရရှိပြီးနောက် အမှု၏ သံသယရှိသူအားဖမ်းဆီးရန်၊ မျက်မြင်သက်သေများအား စုံစမ်းစစ်ဆေးရန်နှင့် စီစီတီဗွီအား စစ်ဆေးရန်အတွက် စုံစမ်းစစ်ဆေးမှု စတင်ရမည်။ မျက်မြင်သက်သေများအား ဖိတ်ခေါ်ရန် ကြေညာနိုင်သည်။ ရဲများမှ ကျူးလွန်ခံရသူ၏ အမည် သို့မဟုတ် ခွဲခြားသိနိုင်စေမည့် အချက်အလက်များကို မဖော်ပြရပါ။

ရဲတပ်ဖွဲ့သည် သံသယရှိသူကို ရှာဖွေနေစဉ်၊ ဖမ်းဝရမ်း ရယူနေစဉ် စသည်တို့ လုပ်ဆောင်နေချိန်တွင် ပြည်သူ့အမှုစစ်မှ သက်သေအထောက်အထားများကို တရားရုံးသို့ မတင်သွင်းမီအထိ ရှေ့နေသည် အမှုမှတ်တမ်းများကို ကြည့်ရှုခွင့် မရှိပါ။

သံသယရှိသူကို တွေ့ရှိပါက ကျူးလွန်ခံရသူအား ခွဲခြားအတည်ပြု ဖော်ထုတ်ရန် တောင်းဆိုနိုင်သည်။ သူမကို မုဒိမ်းကျင့်သူနှင့် မျက်နှာချင်းဆိုင် တွေ့စေနိုင်ပြီး ထိုအခြေအနေသည် အလွန်စိတ်ဒဏ်ရာရစေနိုင်သည်။ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ထောက်ပံ့ပေးသည့်အဖွဲ့အစည်း သို့မဟုတ် အတွေ့အကြုံရှိသည့် နှစ်သိမ့်ဆွေးနွေးအကြံပေးသူကို ထောက်ပံ့ပေးသူမှ အသိပေးထားသင့်သည်။ လိုအပ်ပါက ထပ်ဆောင်း အကူအညီ တောင်းခံပါ။

ရဲတပ်ဖွဲ့သည် အမှုကို တစ်လအတွင်း ပြည်သူ့အမှုစစ်ထံ အကြောင်းကြားရမည်။

### အဆင့် ၅ – အခြား အဖွဲ့အစည်းများထံမှ အကူအညီ ရယူခြင်း

ပြစ်မှုကျူးလွန်သူသည် ဩဇာအာဏာရှိသူ သို့မဟုတ် အင်အားကြီးသူ ဖြစ်ခြင်းကြောင့် ကျူးလွန်ခံရသူနှင့်/ သို့မဟုတ် ထောက်ပံ့ပေးသူ/ အဖွဲ့အစည်းသည် လုံခြုံမှုမရှိသကဲ့သို့ ခြိမ်းခြောက်ခံနေရသည့် အခြေအနေများ ရှိနိုင်သည်။ သို့မဟုတ် ဥပဒေကြောင်းအရ အမှုသည် တိုးတက်မှုမရှိဘဲ ရပ်တန့်နေသည့် အခြေအနေများလည်း ရှိနိုင်သည်။ ထိုကဲ့သို့သော အခြေအနေများတွင် ကျူးလွန်ခံရသူ၏ သဘောတူညီချက်ဖြင့် ပိုမိုကာကွယ်မှုရရှိရန်၊ အခြားရွေးချယ်စရာများ သို့မဟုတ် ထပ်ဆောင်းကူညီနိုင်မည့် နည်းလမ်းများ ရရှိရန် ထောက်ပံ့ပေးသည့် အဖွဲ့အစည်းသည် အခြား အဖွဲ့အစည်းများထံ ပူးပေါင်းဆောင်ရွက်ရန် ဆက်သွယ်နိုင်သည်။

#### တရားရေးဝန်ကြီးဌာန

တရားစွဲဆိုရေး အဆင့်တွင် တရားရေးဝန်ကြီးဌာန အောက်ရှိ ရှေ့နေချုပ်ရုံးသည် အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်သည်။ ၎င်းသည် တရားစွဲဆိုမည် မစွဲဆိုမည် ဆုံးဖြတ်ခြင်း၊ အမှုဖိုင်တွဲများ ပြုစုခြင်းနှင့် တရားရုံးတွင် အမှုကို ဆောင်ရွက်ခြင်းတို့ ပြုလုပ်ပြီး လိုအပ်ပါက ရဲအား နောက်ထပ် စစ်ဆေးမှု တောင်းဆိုနိုင်သည်။

#### တရားရေး ရန်ပုံငွေ (Justice Fund)

ဤရန်ပုံငွေသည် တရားရေးဝန်ကြီးဌာန အောက်တွင် ရှိပြီး အောက်ပါ စရိတ်များကို ကူညီပေးနိုင်သည် —

- ဥပဒေရေးရာကုန်ကျစရိတ်များ
- ရှေ့နေခများ
- တရားရုံး စရိတ်များ

တရားရေးဝန်ကြီးဌာန (MoJ) အောက်ရှိ အခွင့်အရေးနှင့် လွတ်လပ်ခွင့် ကာကွယ်ရေးဌာန (DRLP) သည် —

- အရေးပေါ် ငွေကြေးထောက်ပံ့မှု ပေးနိုင်သည်။
- ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု၊ ဝင်ငွေဆုံးရှုံးမှု၊ ဆေးကုသစရိတ်များအတွက် အစိုးရမှ လျော်ကြေးပေးနိုင်သည်။ မုဒိမ်းမှုမှ ရှင်သန်လွတ်မြောက်သူများသည် လျော်ကြေးလျှောက်ထားရန် ပြစ်မှု အပြစ်စီရင်ချက် (conviction) မလိုအပ်ကြောင်း သတိပြုရန်။
- ဥပဒေအကူအညီ / ရှေ့နေ စီစဉ်ပေးနိုင်သည်။
- စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးမှု ပေးနိုင်သည်။

- သက်သေများအတွက် ကာကွယ်ရေးအစီအမံများ ကူညီပေးနိုင်သည်။
- ထိလွယ်ရှလွယ်ဖြစ်သော ကျူးလွန်ခံရသူများ (ကလေးများ၊ ရွှေ့ပြောင်းလုပ်သားများ၊ မသန်စွမ်းသူများ) ကို ထောက်ပံ့ပေးနိုင်သည်။

ကျူးလွန်ခံရသူသည် ပထမဦးစွာ DRLP သို့ လျှောက်ထားပြီးနောက် ဥပဒေရေးရာ လမ်းကြောင်းကို ဆက်လက်သွားနိုင်သည်။ သို့မဟုတ် ပထမဦးစွာ ရဲသို့ တိုင်ကြားပြီး လိုအပ်ပါက နောက်မှ DRLP သို့ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်ထားသော NGO တစ်ခုသည် အမှုကို DRLP သို့ တိုက်ရိုက် တင်နိုင်သည်။ သို့မဟုတ် OSCC မှလည်း ကျူးလွန်ခံရသူ၏ သဘောတူညီချက်ဖြင့် DRLP သို့ လွှဲပြောင်းပေးနိုင်သည်။

**လျော်ကြေး**

တရားရေးဝန်ကြီးဌာနသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများကို လူဝင်မှုကြီးကြပ်ရေး ပြစ်မှုကျူးလွန်သူမဟုတ်ဘဲ ကျူးလွန်ခံရသူအဖြစ် ဆက်ဆံသည်။ ထို့ကြောင့် စာရွက်စာတမ်းမရှိသူများအပါအဝင် ရွှေ့ပြောင်းလုပ်သားများသည် မုဒိမ်းမှု တိုင်ကြားနိုင်ပြီး တရားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုနှင့် လျော်ကြေးကို လျှောက်ထားနိုင်သည်။ အလွယ်ကူဆုံးနည်းလမ်းမှာ မှတ်ပုံတင်ထားသော NGO မှ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကာကွယ်ရေး ဌာန (ခရိုင်သို့မဟုတ် မြို့နယ်အဆင့်) သို့ ဆက်သွယ်ခြင်း ဖြစ်သည် သို့မဟုတ် OSCC မှ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကာကွယ်ရေး ဌာန သို့ တိုက်ရိုက် လွှဲပြောင်းနိုင်သည်။

အရေးကြီးသည့်အချက်မှာ ဥပဒေအရ အမှုစွဲဆိုခြင်းလုပ်ငန်းစဉ်ပြီးနောက် ကျူးလွန်သူအား အပြစ်ရှိကြောင်း မဆုံးဖြတ်နိုင်ခဲ့သည့် အမှုများတွင်ပင် နစ်နာသူသည် လျော်ကြေးငွေ လျှောက်ထားနိုင်သည် ဆိုသောအချက်ဖြစ်ပါသည်။

**အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (NHRC)** သည် အာဏာပိုင်များမှ နှောင့်နှေးမှုများ သို့မဟုတ် ပျက်ကွက်မှုများ ဖြစ်ပေါ်သည့်အခါများတွင် သို့မဟုတ် ကျူးလွန်သူသည် အစိုးရဝန်ထမ်း ဖြစ်သည့် အမှုများတွင် ထောက်ပံ့ရေးနှင့် တာဝန်ယူမှု ရှုထောင့်မှ ကူညီပေးသည်။ ထောက်ပံ့ပေးသည့် အဖွဲ့အစည်းသည် အမှုနှင့်ပတ်သက်၍ တိုးတက်မှုမရှိခြင်း သို့မဟုတ် အင်အားကြီးသူများ၏ ဩဇာလွှမ်းမိုးမှု အပေါ် စိုးရိမ်ချက်များကို အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သို့ တင်ပြနိုင်သည်။

ကျူးလွန်ခံရသူသည် နိုင်ငံသားဖြစ်စေ မဖြစ်စေ၊ စာရွက်စာတမ်း အထောက်အထား ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ကျူးလွန်ခံရသူ မည်သူမဆို အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သို့ တိုင်ကြားနိုင်သည်။

အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ၏ အာဏာတာဝန်များမှာ —

၁. အမှုတွင် ပါဝင်သည့် အစိုးရ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို စောင့်ကြည့်ခြင်း
၂. ရဲ၊ တရားစွဲဆိုသည့် အရာရှိများ သို့မဟုတ် ထောင်များ၊ ထိန်းသိမ်းရေးစခန်းများထံမှ စာရွက်စာတမ်းများနှင့် ရှင်းလင်းချက်များ တောင်းခံနိုင်ခြင်း။ ဖမ်းဆီးခြင်းခံရစဉ် သို့မဟုတ် ထိန်းသိမ်းခံရစဉ် မုဒိမ်းမှု ဖြစ်ပွားခဲ့ပါက ထိန်းသိမ်းရေးစခန်းများကို သွားရောက်စစ်ဆေး နိုင်ခြင်း
၃. အမှုဆောင်ရွက်မှု လုပ်ငန်းစဉ် စာရွက်စာတမ်းများကို လက်ခံရရှိ၍ အစိုးရထံ စည်းရုံး လှုံ့ဆော်ရေး၊ တောင်းဆိုရေး (advocacy) အတွက် အသုံးပြုနိုင်ခြင်း
၄. အစိုးရ သက်ဆိုင်ရာ အဖွဲ့အစည်းများကို အမှု၏ လုပ်ငန်းစဉ်အပေါ် အစီရင်ခံရန် ဖိတ်ခေါ် နိုင်ခြင်း
၅. အကြံပြုချက်များ ထုတ်ပြန်၍ အစိုးရဌာနများသို့ ပေးပို့ခြင်း
၆. အမှုကို ကိုင်တွယ်ပုံနှင့် ကျူးလွန်ခံရသူအတွက် ကာကွယ်ရေးတွင် တိုးတက်ကောင်းမွန် စေရန် တောင်းဆိုနိုင်ခြင်း

အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကြံပြုချက်များသည် ဥပဒေအရ မလိုက်နာရမည့် အမိန့် (စည်းနှောင်မှုရှိသော အမိန့်) မဟုတ်သော်လည်း နိုင်ငံရေးနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ လေးနက်မှု ရှိသည်။

ကျူးလွန်ခံရသူများအားကာကွယ်ပေးခြင်း

အာဏာရှိသူများ ပါဝင်သည့် အမှုများတွင် လူ့အခွင့်အရေး ကာကွယ်ရေး လှုပ်ရှားသူများကို ကာကွယ်ပေးသည့် NGO များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နိုင်သည်။ အဖွဲ့အစည်းများနှင့် ဆက်သွယ်ရန် အချက်အလက်များအတွက် Annex III ကို ကြည့်ပါ။

**အဆင့် ၆ – တရားရုံးမတိုင်မီနှင့် တရားရုံးတွင်**

ရဲ နှင့် ဆက်လက် ဆောင်ရွက်ခြင်း

၁. ရှေ့နေအား ရဲနှင့် တရားရုံး၏ လုပ်ဆောင်ချက်များကို စောင့်ကြည့်စစ်ဆေးရန် တောင်းဆိုပြီး နှောင့်နှေးမှု အနည်းဆုံးဖြစ်စေရန်နှင့် သင့်လျော်သော လုပ်ဆောင်ချက်များ ရှိစေရန် သေချာစေပါ။
၂. ရဲနှင့် ရှင်သန်လွတ်မြောက်သူအကြား ဆက်သွယ်ညှိနှိုင်းပေးပါ။
၃. လျော်ကြေး ပေးနိုင်သော အမှုများတွင် ကျူးလွန်ခံရသူနှင့်အတူ ညှိနှိုင်းဆွေးနွေးမှုများ တွင် လိုက်ပါပြီး တရားမျှတပြီး သင့်လျော်သော ဖြေရှင်းချက် ရရှိစေရန် ထောက်ပံ့ပေးပါ။

၄. တရားရေး လုပ်ငန်းစဉ် ကိုင်တွယ်မှု မှားယွင်းခြင်း၊ အတင်းအကျပ် ပြုလုပ်ခြင်း သို့မဟုတ် ခြိမ်းခြောက်မှုများ ရှိပါက အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ထံ တင်ပြပြီး ဥပဒေရေးရာ လုပ်ဆောင်မှု စဉ်းစားပါ။

## လျော်ကြေး

ကျူးလွန်သူကို ဖမ်းဆီးထားပြီး ဖြစ်ပါက အချို့အမှုများတွင် ရဲက လျော်ကြေးပေး၍ အမှုညှိနှိုင်း ဖြေရှင်းရန် အဆိုပြုနိုင်သည်။ ကျူးလွန်ခံရသူသည် လျော်ကြေးကို လက်ခံ၍ အမှုကို ပိတ်နိုင်သည်။ သို့မဟုတ် လျော်ကြေးကို ငြင်းပယ်၍ အမှုကို ဥပဒေကြောင်းအရ တရားစွဲဆိုနိုင်သည်။

အောက်ပါ အခြေအနေများတွင် ရဲသည် လျော်ကြေးပေးညှိနှိုင်းရန်အတွက် အဆိုပြုရန် အခွင့်အရေး မရှိပါ —

၁. မုဒိမ်းကျင့်ခံရသူသည် အသက် ၁၅ နှစ်အောက် ဖြစ်ပါက
၂. မုဒိမ်းကျင့်ခံရသူသည် ပြင်းထန်စွာ ဒဏ်ရာရရှိထားခြင်းဖြစ်ပါက သို့မဟုတ် သေဆုံးသွားပါက
၃. ပြစ်မှုကျူးလွန်သူ နှစ်ဦးထက် ပို၍ ပါဝင်ခဲ့ပါက
၄. ပြစ်မှုကျူးလွန်သူတွင် သေနတ် သို့မဟုတ် ပေါက်ကွဲစေသည့် ဗုံးရှိခဲ့ပါက
၅. ပြစ်မှုကျူးလွန်သူသည် ကျူးလွန်ခံရသူ၏ ဖခင်၊ အဘိုး၊ ဆရာ သို့မဟုတ် ကျူးလွန်ခံရသူ အပေါ် အာဏာလွှမ်းမိုးမှုရှိသူ (ဥပမာ အလုပ်ရှင်) ဖြစ်ပါက
၆. မုဒိမ်းမှုသည် အများပြည်သူ မြင်နိုင်သော နေရာတွင် ဖြစ်ပွားခဲ့ပါက
၇. မုဒိမ်းမှု ဖြစ်ပွားချိန်တွင် ကျူးလွန်ခံရသူသည် ပြစ်မှုကျူးလွန်သူ၏ ကာကွယ်ထိန်းသိမ်းမှု အောက်တွင် ရှိခဲ့ပါက (ဥပမာ ထောင်ဝန်ထမ်း၊ လူဝင်မှုကြီးကြပ်ရေး အရာရှိ)
၈. ပြစ်မှုကျူးလွန်သူသည် ကျူးလွန်ခံရသူ၏ အုပ်ထိန်းသူ ဖြစ်ပါက (ဥပမာ – စိတ်ကျန်းမာရေး စောင့်ရှောက်ပေးမှု)

ကျူးလွန်ခံရသူအား လျော်ကြေး အဆိုပြုထားပါက ရဲက ညှိနှိုင်းဖြေရှင်းမှု အစီရင်ခံစာ မပြုလုပ်မီ လျော်ကြေးငွေ အားလုံးကို လက်ခံရရှိရမည်ဖြစ်ပြီး ပမာဏကို စစ်ဆေးရမည်။ လျော်ကြေး အမှုများတွင် ရှေ့နေမှ အတူရှိနေရမည်ဟူ၍ မရှိပါ။ သို့သော် ညှိနှိုင်းဆွေးနွေးမှုအတွင်း ထောက်ပံ့မှု ပေးနိုင်ရန် ဥပဒေရေးရာအကူအညီပေးနိုင်သူ၊ NGO ဝန်ထမ်း သို့မဟုတ် အမျိုးသမီး အဖွဲ့ အစည်းမှ ကိုယ်စားလှယ် တယောက်ယောက် ရှိနေခြင်းအတွက် အကြံပြုလိုပါသည်။

တရားရုံးအမှု စောင့်ဆိုင်းနေစဉ်

၁. ရှင်သန်လွတ်မြောက်သူအား သူမ၏ ထွက်ဆိုချက်ကို အတည်ပြုရန်နှင့် ထပ်မံ အချက်အလက် ပေးရန် တောင်းဆိုနိုင်သည်။

၂. သူမတွင် လုံခြုံသော နေထိုင်ရာနေရာရှိစေရန်နှင့် ထောက်ပံ့ပေးနိုင်သော သူငယ်ချင်းများ ရှိစေရန် သေချာစေပါ။

၃. ဆက်လက် ထောက်ပံ့မှုနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးမှုများ ပေးပါ။

၄. ရှင်သန်လွတ်မြောက်သူ၏ ဆုံးဖြတ်ချက်များကို ထောက်ပံ့ပေးပါ။

၅. ရှင်သန်လွတ်မြောက်သူနှင့် နီးနီးကပ်ကပ် ပြုစုစောင့်ရှောက်မည့်သူများပံ့ပိုးပေးပါ။

၆. ရှင်သန်လွတ်မြောက်သူနှင့် ရှေ့နေ တွေ့ဆုံရန် စီစဉ်ပေးပါ။

၇. ဘာသာပြန်သူ စီစဉ်ပေးပါ။

၈. ဆေးရုံ ရက်ချိန်းများ ပုံမှန် သွားရောက်နိုင်စေရန် သေချာစေပါ။

၉. လိုအပ်ပါက ရဲစခန်းသို့ နောက်ဆက်တွဲ ချိန်းဆိုချက်များအတွက် လိုက်သွားပေးပါ။

တရားရုံးအမှု စောင့်ဆိုင်းသည့် အချိန်ကို ရှင်သန်လွတ်မြောက်သူအတွက် ပြင်ဆင်ရန်အချိန်အဖြစ် အသုံးချနိုင်သည် —

၁. ရှေ့နေသည် တရားရုံး လုပ်ငန်းစဉ်နှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းပြနိုင်ပြီး တရားရုံး အခန်း အပြင်အဆင်နှင့် တရားသူကြီး သို့မဟုတ် တရားရုံးဝန်ထမ်းများကဲ့သို့ ပါဝင်သူများ၏ အခန်းကဏ္ဍများနှင့် ရင်းနှီးစေနိုင်သည်။

၂. ဖြစ်နိုင်သည့် ရလဒ်အားလုံးကို ရှင်းပြပါ။

**တရားရုံး အမှုကြားနာစစ်ဆေးနေစဉ်**

ရှင်သန်လွတ်မြောက်သူကို ပြစ်မှုကျူးလွန်သူ (စွပ်စွဲခံရသူ/တရားပြိုင်) ၏ ရှေ့နေမှ အပြန်အလှန် စစ်ဆေး မေးမြန်းနိုင်သည်။ သို့မဟုတ် စွပ်စွဲခံရသူ/ကျူးလွန်သူ သည် အပြစ်မရှိကြောင်း ဝန်ခံ ထားပါက သူကိုယ်တိုင် အပြန်အလှန် စစ်ဆေးမေးမြန်းခံရနိုင်သည်။

ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ဥပဒေ (ပုဒ်မ ၂၂၆/၄) အရ အပြန်အလှန် စစ်ဆေးမေးမြန်းမှုတွင် ကျူးလွန်ခံရသူ၏ လိင်ပိုင်းဆိုင်ရာ အပြုအမူများနှင့် ပတ်သက်သည့် မေးခွန်းများ မပါဝင်ရ။ တရားသူကြီးသည် မသင့်လျော်သော မေးခွန်းများ မမေးမြန်းစေရန် တားမြစ်မည်ဖြစ်သည်။ ရှေ့နေကလည်း လိုအပ်ပါက ထိုသို့မမေးမြန်းအောင်ကူညီနိုင်သည်။

တရားရုံး အမှုကြားနာပြီးနောက် စွပ်စွဲခံရသူကို အန္တရာယ်ရှိသူဟု မသတ်မှတ်ပါက သို့မဟုတ် ထွက်ပြေးနိုင်ခြေ မရှိဟု ယူဆပါက အာမခံပေးပြီး လွတ်လပ်စွာ နေခွင့်ပြုမည်။ အန္တရာယ်ရှိသူ

သို့မဟုတ် နောက်လာမည့် တရားရုံး ရုံးချိန်းများသို့ မလာနိုင်ခြေ ရှိသည်ဟု ယူဆပါက သတ်မှတ်ကာလ အတွင်း ထိန်းသိမ်းထားမည်။ စွပ်စွဲခံရသူအား အာမခံမပေးပါက ထိန်းသိမ်းချုပ်နှောင်ထားမည် ဖြစ်ပါသည်။ မုဒိမ်းမှုကဲ့သို့သော ပြင်းထန်သော ရာဇဝတ်မှုများအတွက် တရားရုံးသည် တစ်ကြိမ်လျှင် အများဆုံး ၁၂ ရက်စီဖြင့် ဆက်တိုက် ချုပ်နှောင်ခွင့်အမိန့်များ ထုတ်ပေးနိုင်ပြီး စုစုပေါင်း ၈၄ ရက်အထိ ချုပ်နှောင်ထားနိုင်ပါသည်။ ထိုကာလ ကျော်လွန်သွားပါက တရားရုံးကြားနာမှု မတိုင်မီအထိ တရားခံသည် လွတ်မြောက်နေမည် ဖြစ်ပါသည်။

တရားရုံးသည်
တရားရုံးတွင် ရှင်သန်လွတ်မြောက်သူ၊ စွပ်စွဲခံရသူနှင့် သက်သေများ၏ ထွက်ဆိုချက်များကို မှတ်တမ်းတင်ထားမည်။
နောက်တစ်ကြိမ် တရားရုံး ရုံးချိန်း ရက်စွဲ သတ်မှတ်မည်။
နောက်ဆုံး တရားရုံး ရုံးချိန်းတွင် အမှုစီရင်ချက် ထုတ်ပြန်မည်။

**အဆင့် ၈ – စီရင်ချက် ထုတ်ပြန်ခြင်း**

တရားသူကြီးသည် စွပ်စွဲခံရသူနှင့် ပတ်သက်၍ အပြစ်ရှိသည် သို့မဟုတ် အပြစ်မရှိ ဟု စီရင်ချက် ထုတ်ပြန်မည်။

အပြစ်မရှိဟု စီရင်ပါက သူသည် လွတ်လပ်စွာ ထွက်ခွာနိုင်သည်။ အပြစ်ရှိသည်ဟု စီရင်ပါက အများအားဖြင့် ထောင်ဒဏ် ချမှတ်ခံရမည် သို့မဟုတ် ဒဏ်ငွေ ချမှတ်ခံရနိုင်သည် သို့မဟုတ် ထောင်ဒဏ် ငွေဒဏ် နှစ်မျိုးလုံး ချမှတ်ခံရနိုင်သည်။

ရှင်သန်လွတ်မြောက်သူသည် (စာရွက်စာတမ်း အထောက်အထား မရှိခြင်းကြောင့် တရားရုံးက ပြန်လည်ပို့ဆောင်ခြင်း မပြုပါက) မိမိ၏ လက်ရှိဘဝသို့ ပြန်သွားနိုင်သည်။

ထောက်ပံ့ပေးသူများနှင့် အဖွဲ့အစည်းသည် စီရင်ချက် ထုတ်ပြန်ပြီးနောက် သူမအနေဖြင့် စီရင်ချက်၏ အဓိပ္ပါယ်ကို နားလည်ကြောင်း သေချာစေရမည်။

စွပ်စွဲခံရသူသည် အပြစ်ရှိသည် ဟု တွေ့ရှိပါက တစ်လအတွင်း အယူခံတင်ရန် အခွင့်အရေး ရှိသည်။

အပြစ်ရှိသည်ဟု တွေ့ရှိပြီး ထောင်ဒဏ် ချမှတ်ခံရပါက ရှင်သန်လွတ်မြောက်သူသည် အောင်မြင်မှုကို ဆင်နွှဲနိုင်သည်။ အခမ်းအနားတစ်ခု စီစဉ်နိုင်သည်။

စွပ်စွဲခံရသူ တရားခံကို ငွေဒဏ်သာ ချမှတ်ခဲ့ပါက သို့မဟုတ် အပြစ်မရှိဟု တွေ့ရှိပါက သူမသည် စိတ်မကောင်းခြင်း၊ ဒေါသထွက်ခြင်း သို့မဟုတ် ကြောက်ရွံ့ခြင်း ခံစားရနိုင်သည်။ ထိုကာလ အတွင်း သူမအတွက် လုံခြုံသော နေရာ စီစဉ်ပေးခြင်းနှင့် အကြံပေးဆွေးနွေးပေးမည့်သူများ စီစဉ် ပေးခြင်း လိုအပ်သလိုပြုလုပ်နိုင်ပြီး ဆက်လက် ထောက်ပံ့ပေးရမည်။

**အဆင့် ၉ – စီရင်ချက် ထုတ်ပြန်ပြီးနောက် (ချက်ချင်း)**

လူဝင်မှုကြီးကြပ်ရေးမှ ရှင်သန်လွတ်မြောက်သူအား ပြန်လည်ပို့ဆောင်ရန် စီစဉ်နေပါက ထောက်ပံ့ ပေးသည့်အဖွဲ့အစည်းသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်၍ ပြန်လည်ပို့ဆောင် မှု လုပ်ငန်းစဉ်ကို စောင့်ကြည့်ကာ သူမ၏ လုံခြုံရေးကို  သေချာစေရမည်။

ထောက်ပံ့ပေးသည့် အဖွဲ့အစည်းသည် လုပ်ငန်းစဉ်နှင့် ဥပဒေရေးရာ ဆောင်ရွက်မှုများအပေါ် အသေးစိတ် အစီရင်ခံစာ တစ်စောင် ရေးသားရမည်။ ထိုစာရွက်စာတမ်းများကို မည်သို့ အသုံးပြု မည်ကို (စည်းရုံးလှုံ့ဆော် တောင်းဆိုရေး၊ သင်တန်းပို့ချရန် ရည်ရွယ်ချက်များ၊ ငွေကြေးပံ့ပိုးသူ မှတ်တမ်းများအတွက်) ရှင်သန်လွတ်မြောက်သူနှင့် ဆွေးနွေးသင့်သည်။

ကျူးလွန်သူ တရားခံအား ထောင်ဒဏ် မချမှတ်ခဲ့ပါက သို့မဟုတ် အပြစ်မရှိဟု တွေ့ရှိခဲ့သော်လည်း ရှင်သန်လွတ်မြောက်သူသည် သူကို မုဒိမ်းမှုကျူးလွန်သူဖြစ်ကြောင်း အလွန်သေချာနေပါက အယူခံတင်ခြင်း၊ မီဒီယာ အသုံးပြုခြင်း၊ အသနားခံစာအတွက် လက်မှတ်တောင်းဆိုခြင်း စသဖြင့် အခြား လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းများကို သူမနှင့် ရှေ့နေများနှင့် ဆွေးနွေးပါ။

**မီဒီယာ အဖွဲ့အစည်းများ**

ထောက်ပံ့အဖွဲ့အစည်းသည် အမှုနှင့် ပတ်သက်သော အချက်အလက် အချို့ကို မီဒီယာ အဖွဲ့ အစည်းများသို့ ပေးနိုင်သည်။ ကျူးလွန်ခံရသူသည် မိမိ၏ ထောက်ပံ့ပေးသူများနှင့် မိသားစုနှင့် ဆွေးနွေးပြီး လူသိရှင်ကြား ထုတ်ဖော်လိုကြောင်း ဆုံးဖြတ်ထားခြင်း မရှိပါက သူမ၏ အမည်ကို မီဒီယာတွင် လုံးဝမဖော်ပြသင့်ပါ။ ထို့အပြင် လူမျိုးရေးခွဲခြားမှုနှင့် နိုင်ငံခြားသားဆန့်ကျင်ရေး စိတ်ဓာတ်များကို လှုံ့ဆော်စေနိုင်သည့် အချက်အလက်များကိုလည်း မဖော်ပြသင့်ပါ။ သို့သော် ရွှေ့ပြောင်းအမျိုးသမီးတစ်ဦးအတွက် တရားမျှတမှု ရရှိသည့် အောင်မြင်သော အမှုတစ်ခုသည် အခြားရွှေ့ပြောင်းအမျိုးသမီးများအားလည်း တရားရေးစနစ်ကို အသုံးပြုရန် အားတက်စေမည် ဖြစ်ပါသည်။

## အဆင့် ၉ – မုဒိမ်းမှုမှ ရှင်သန်လွတ်မြောက်ခြင်း (ရေရှည်)

ရှင်သန်လွတ်မြောက်သူ အလိုရှိသမျှ ကာလပတ်လုံး ဆက်လက် ဆက်သွယ်နေပါ။ မုဒိမ်းမှုကဲ့သို့ ဆိုးရွားသော အတွေ့အကြုံနှင့် ထို့နောက် တရားမျှတမှု ရှာဖွေရန် အလွန် အားထုတ်ကြိုးပမ်းခဲ့သည့် ကာလအပြီးတွင် သူမတွင် စိတ်ခံစားချက် မျိုးစုံ ဖြစ်ပေါ်နေနိုင်သည်။ ထောက်ပံ့ပေးနိုင်သော သူငယ်ချင်းအဖွဲ့ တခုရှိစေရန် ကြိုးစားပါ။ နောက်ထပ် မည်သို့ ဆက်လုပ်လိုသည်ကို သူမနှင့် ဆွေးနွေးပါ။ အမှုကို ရင်ဆိုင်ခဲ့သည့် သူမ၏ သတ္တိအတွက် ချီးကျူးပါ။ အခြား အမျိုးသမီးများအတွက် အတုယူစရာခွန်အား ဖြစ်ကြောင်း အသိပေးပါ။ သူမ၏ အတွေ့အကြုံကို အခြားအမျိုးသမီးများအား ကူညီရန် အသုံးချလိုပါက မျှဝေခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနည်းလမ်းကို သင်ယူခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ခြင်း စသည့် အခွင့်အလမ်းများကို ဆွေးနွေးပါ။ ရှင်သန်လွတ်မြောက်သူသည် တိတ်ဆိတ်စွာ နေထိုင်၍ မိမိဘဝကို ပြန်လည်တည်ဆောက်လိုခြင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ပြုပြင်ထူထောင်ရေး လုပ်ငန်းများ (ဥပမာ— တရားထိုင်ခြင်း၊ ယောဂလေ့ကျင့်ခြင်း) တွင် ပါဝင်လိုခြင်း ဖြစ်နိုင်ပါသည်။ အခြားသော ရွေးချယ်စရာများလည်း ရှိနိုင်သောကြောင့် သူမ၏ ဆန္ဒနှင့် အမြင်များကို နားထောင်ကာ လိုအပ်သည့်အတိုင်း ပံ့ပိုးပေးရန် အရေးကြီးပါသည်။

------------

*နောက်ဆက်တွဲ ၁ တွင် ထိုင်းနိုင်ငံရှိ OSCC များ၏ ဆက်သွယ်ရန် အသေးစိတ် အချက်အလက်များကို ကြည့်ပါ။*

*နောက်ဆက်တွဲ ၂ တွင် အရေးပေါ် သန္ဓေတားဆေး (ECP) အကြောင်း အသေးစိတ် အချက်အလက်များကို ကြည့်ပါ။*

# အပိုင်း (၂): ထိပါးနှောင့်ယှက်ခြင်း (Harassment)

ထိပါးနှောင့်ယှက်ခြင်းသည် လုပ်ငန်းခွင်အတွင်း၊ အများပြည်သူပိုင်နေရာများ၊ အိမ်၊ အွန်လိုင်းပေါ်တွင် သို့မဟုတ် ဖုန်းဖြင့် ဆက်သွယ်မှုများအတွင်း ဖြစ်ပွားနိုင်ပါသည်။

**အထွေထွေ အဓိပ္ပါယ်ဖွင့်ဆိုချက်**

ထိပါးနှောင့်ယှက်ခြင်း (လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှု အပါအဝင်) ဆိုသည်မှာ လူတဦး၏ ဂုဏ်သိက္ခာကို လျော့ပါးစေခြင်း၊ စော်ကားခြင်း၊ ခြိမ်းခြောက်နေသော သို့မဟုတ် လုံခြုံမှုမရှိဟု ခံစားရစေသော ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသည့် မလိုလားအပ်သော၊ လက်မခံနိုင်သော သို့မဟုတ် ဥပဒေနှင့် မကိုက်ညီသော အပြုအမူများကို ရည်ညွှန်းပါသည်။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း ဆိုသည်မှာ လူတဦး၏ လိင် သို့မဟုတ် ဂျဲန်ဒါပေါ်မူတည်၍ ထိုသူကို ဦးတည်၍ ပြုလုပ်သော မလိုလားအပ်သည့် လိင်ပိုင်းဆိုင်ရာ စကားအပြောအဆိုများ၊ ကိုယ်ဟန်အမူအရာများ သို့မဟုတ် ကိုယ်ထိလက်ရောက် အပြုအမူများကို ဆိုလိုပါသည်။ ထိုအပြုအမူများသည် တကြိမ်တည်း ဖြစ်ပွားနိုင်သကဲ့သို့ ထပ်ခါထပ်ခါ ဖြစ်ပွားနိုင်ပြီး ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို ဖြစ်စေရန် ရည်ရွယ်ခြင်း၊ ဖြစ်စေခြင်း သို့မဟုတ် ဖြစ်လာနိုင်စေရန် အလားအလာရှိခြင်းတို့ ပါဝင်ပါသည်။

**ဥပမာများ**

**ထိပါးနှောင့်ယှက်ခြင်း**

- လူကို ထိခိုက်စေသော စနောက်ကျီစယ်မှုများ၊ အမည်ခေါ်၍ မထီမဲ့မြင် စော်ကားမှုများ သို့မဟုတ် အနိုင်ကျင့်မှုများကို မျက်နှာချင်းဆိုင် သို့မဟုတ် အွန်လိုင်းပေါ်တွင် ပြုလုပ်ခြင်း
- ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် မလိုလားအပ်သော ကိုယ်ထိလက်ရောက် ထိတွေ့မှုများကို ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခြင်း

**လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှု**

- မလိုလားအပ်သော လိင်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုများ၊ လိင်ပိုင်းဆိုင်ရာ တောင်းဆိုမှုများ သို့မဟုတ် ညစ်ညမ်းသောစကားများ ပြောဆိုခြင်း

- သဘောတူညီမှု မရှိဘဲ ထိတွေ့ခြင်း၊ ဖက်ခြင်း သို့မဟုတ် နမ်းခြင်း
- လိင်ဆိုင်ရာ အကြောင်းအရာပါဝင်သည့် ရုပ်ပုံများ သို့မဟုတ် အကြောင်းအရာများကို ပြသခြင်း
- တဦးတယောက်ကို လိုက်လံခြေရာခံစောင့်ကြည့်ခြင်း (မျက်နှာချင်းဆိုင် သို့မဟုတ် အွန်လိုင်းပေါ်တွင်)
- ကိုယ်ရေးကိုယ်တာ အကြောင်းအရာများကို ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းပေါ်တွင် တင်ခြင်း သို့မဟုတ် အကြောင်းအရာ/ဓာတ်ပုံများကို ပြင်ဆင်ဖန်တီး၍ ဖြန့်ဝေခြင်း

**ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ အနိုင်ကျင့်ထိခိုက်စေခြင်း**

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ အနိုင်ကျင့်ထိခိုက်စေခြင်း ဆိုသည်မှာဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး တဦးတယောက်ကို လိုက်လံခြေရာခံစောင့်ကြည့်ခြင်း၊ ထိပါးနှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် အခြားသူတယောက်အဖြစ် အသွင်ယူ ဟန်ဆောင်ခြင်းတို့ကို ရည်ညွှန်းပါသည်။ ထိုအပြုအမူများတွင် လူမှုကွန်ယက်များမှတဆင့် လိုက်လံစောင့်ကြည့်ခြင်း ဥပမာ – စာတို သို့မဟုတ် မက်ဆေ့ချ်များဖြင့် နှောင့်ယှက်ခြင်း၊ ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုများကို အွန်လိုင်းပေါ်တွင် တင်၍ အရှက်ခွဲခြင်းတို့ ပါဝင်နိုင်ပါသည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ အနိုင်ကျင့်ထိခိုက်စေသော အပြုအမူ ဥပမာများ

- ခွင့်ပြုချက်မရှိဘဲ သင့်လူမှုကွန်ယက်အကောင့်များကို အသုံးပြုခြင်း
- သင့်အကြောင်းအရာများကို အွန်လိုင်းပေါ်တွင် သို့မဟုတ် စာတို/မက်ဆေ့ချ်များမှတဆင့် ဖြန့်ဝေခြင်း
- သင့်ခွင့်ပြုချက်မရှိဘဲ သင့်ကိုယ်စားပြု ပရိုဖိုင်စာမျက်နှာတစ်ခု ဖန်တီးခြင်း
- သင့်ထံသို့ ခြိမ်းခြောက်သည့် မက်ဆေ့ချ်များ ပို့ခြင်း
- သင်ကဲ့သို့ ဟန်ဆောင်၍ အခြားသူများထံ ခြိမ်းခြောက်သည့် မက်ဆေ့ချ်များ ပို့ခြင်း
- သဘောတူညီမှုမရှိဘဲ သင့်ဓာတ်ပုံများကို အွန်လိုင်းပေါ်တွင် တင်ခြင်း (အရှက်ကွဲစေရန် ရည်ရွယ်သည့် ကိုယ်ရေးကိုယ်တာ လိင်ပိုင်းဆိုင်ရာ ရုပ်ပုံများ မျှဝေခြင်း)
- သင့် ဒီဂျစ်တယ် ပစ္စည်းကိရိယာများတွင် လျှို့ဝှက်စောင့်ကြည့်ရန် အသုံးပြုသော နည်းပညာဆော့ဝဲများ ထည့်သွင်း၍ သင့်လှုပ်ရှားမှုများကို လိုက်လံခြေရာခံစောင့်ကြည့်ခြင်း

### ထိုင်းနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များ –

**၂၀၁၅ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့သည့် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ကာကွယ်တားဆီးရေးနှင့် ပြန်လည်ပြုပြင်ရေး ဆိုင်ရာ ဝန်ကြီးများရုံး၏ ဆုံးဖြတ်ချက်ပါ အစီအမံများအရ** မလိုလားအပ်သော လိင်ပိုင်းဆိုင်ရာ အပြုအမူများ ကြောင့် ကျူးလွန်ခံရသူအား စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ အဆင်မပြေမှု ခံစားရစေခြင်း၊ ရှက်ရွံ့စေခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေခြင်း သို့မဟုတ် စော်ကားခံရသည်ဟု ခံစားရစေသော အပြုအမူများကို လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုအဖြစ် သတ်မှတ်ထားသည်။ ထိုသို့သော အပြုအမူများတွင် အမြင်အားဖြင့်၊ စကားအပြောအဆိုအားဖြင့်၊ ကိုယ်ထိလက်ရောက်အားဖြင့် အပါအဝင် အကျိုးအမြတ်တစုံတရာကို လဲလှယ်ရယူရန် ရည်ရွယ်၍ ပြုလုပ်သည့် အပြုအမူများလည်း ပါဝင်သည်။

ထိုအစီအမံများကို နောက်တဆင့်အနေဖြင့် ကျဲန်ဒါတန်းတူညီမျှမှု မြှင့်တင်ရေးကော်မတီ (PGE)၊ အမျိုးသမီးရေးရာနှင့် မိသားစုဖွံ့ဖြိုးရေးဌာန၊ လူမှုဖွံ့ဖြိုးရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနတို့မှ ပြန်လည်ပြင်ဆင်ခဲ့ပြီး ၂၀၂၀ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ပြင်ဆင်ထားသည့် ဝန်ကြီးများရုံး ဆုံးဖြတ်ချက်ကို အတည်ပြုချမှတ်ခဲ့ပါသည်။ ထိုအတည်ပြုချက်အရ အစီအမံ စုစုပေါင်း (၁၂) ချက်ကို ချမှတ်ခဲ့ပြီး လုပ်ငန်းခွင်များအနေဖြင့် အဆိုပါ ချမှတ်ထားချက်များကို အခြေခံ၍ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်း (Code of Conduct) များကို ပြုစုရေးဆွဲရခြင်း၊ ကျဲန်ဒါအခြေပြု အကြမ်းဖက်မှု (GBV) နှင့် ပတ်သက်သည့် ပညာပေးခြင်းနှင့် အသိပညာမြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရခြင်း၊ ထို့အပြင် တိုင်ကြားသူများ၊ မျက်မြင်သက်သေများနှင့် စွပ်စွဲခံရသူများအား ကာကွယ်ပေးနိုင်သည့် တိုင်ကြားမှုဖြေရှင်းရေးစနစ်များကို ဖော်ဆောင်ခြင်း စသည်တို့ကို ထည့်သွင်းထားသည်။[2] အဆိုပါ ဝန်ကြီးများရုံး ဆုံးဖြတ်ချက်သည် ခေါင်းဆောင်မှုအဆင့်မှ တာဝန်ယူမှုရှိစေရန်၊ ပညာပေးရေးနှင့် အသိပညာမြှင့်တင်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်၊ ထို့အပြင် ဖောက်သည်များ၊ စားသုံးသူများ၊ ဝန်ဆောင်မှုအသုံးပြုသူများ ကဲ့သို့သော တတိယပုဂ္ဂိုလ်မှ ပြုလုပ်သော ထိပါးနှောင့်ယှက်ခြင်းများကို အလေးထားဖြေရှင်းရန်၊ ကျူးလွန်သူများအပေါ် သင့်လျော်သော အရေးယူမှုများဆောင်ရွက်ခြင်းနှင့် ကျူးလွန်ခံရသူများအား ကာကွယ်စောင့်ရှောက်မှုနှင့် ထောက်ပံ့မှုများ ပေးနိုင်သည့် အားလုံးပါဝင်နိုင်သော၊ တန်ဖိုးထားလေးစားမှုရှိသည့် လုပ်ငန်းခွင်ပတ်ဝန်းကျင်တရပ်ကို ဖော်ဆောင်ရန် ရည်ရွယ်သည်။ ထို့အပြင် အဆိုပါအကောင်အထည်ဖော်ဆောင်ရွက်မှုရလဒ်များကို နှစ်စဉ် ကျဲန်ဒါတန်းတူညီမျှမှု မြှင့်တင်ရေးကော်မတီထံ အစီရင်ခံတင်ပြရမည်ဟု သတ်မှတ်ထားသည်။ ထို့နောက် ဝန်ကြီးများရုံးအနေဖြင့်

[2] ကျဲန်ဒါတရားမျှတမှုဆီသို့: ထိုင်းအစိုးရမှ ကျင့်သုံးသင့်သည့် အလေ့အကျင့်ကောင်းများ : အမျိုးသမီးရေးရာနှင့် မိသားစုဖွံ့ဖြိုးရေး ဌာန၊ ဩဂုတ်လ ၂၀၂၂ https://www.dop.go.th/download/news/hr/th1678867262-335_0.pdf

ပုဂ္ဂလိကကဏ္ဍအတွင်း အဆိုပါအစီအမံများကို အသုံးပြုနိုင်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို မြှင့်တင်ရန် အလုပ်သမားဝန်ကြီးဌာနအား တာဝန်ပေးအပ်ထားပါသည်။[3]

**၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့** တွင် တော်ဝင်ပြန်တမ်းမှ ထိပါးနှောင့်ယှက်မှုနှင့်ပတ်သက်၍ အရေးကြီးသည့် **ရာဇဝတ်မှုဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ (အမှတ် ၃၀) ထိုင်းသက္ကရာဇ် ၂၅၆၈ (ခရစ်နှစ် ၂၀၂၅)** ကို ထုတ်ပြန်ကြေညာခဲ့ပြီး ထိုပြင်ဆင်ချက်သည် ချက်ချင်း အာဏာသက်ဝင်မှုရှိသည်။ ဤပြင်ဆင်ချက်အရ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၏ အဓိပ္ပါယ်ကို ပိုမိုအလွန်ကျယ်ပြန့်စွာ ပြန်လည်သတ်မှတ်ထားသည့် အပိုဒ်သစ်တရပ် ပါဝင်သည်။

- ကိုယ်ထိလက်ရောက်ကျူးလွန်သည့် အပြုအမူများ၊ နှုတ်ဖြင့် ထိပါးနှောင့်ယှက်သော အပြုအမူ များ၊ အသံပြုခြင်းဖြင့်၊ လက်ဟန်ဖြင့် သို့မဟုတ် ကိုယ်ဟန်အမူအရာဖြင့်ကျူးလွန်ခြင်း၊ နည်းအမျိုးမျိုးဖြင့် ဆက်သွယ်ခြင်း၊ လိုက်လံစောင့်ကြည့်ခြင်း၊ ခြေရာခံခြင်း၊ မည်သည့်နည်းလမ်းဖြင့်မဆို (ကွန်ပျူတာနည်းစနစ်များ၊ ဆက်သွယ်ဆောင်ရွက်ရေးကိရိယာများ သို့မဟုတ် အခြား အီလက်ထရောနစ်ကိရိယာများ အပါအဝင်) လိင်ပိုင်းဆိုင်ရာသဘောမျိုး အဓိပ္ပာယ်သက်ရောက်စေသည့် အကြောင်းအရာများကို တဦးတယောက်အား စိတ်ဖိစီးစေရန်၊ စိတ်အနှောင့်အယှက်ဖြစ်စေရန်၊ အရှက်ရစေရန်၊ ကြောက်ရွံ့စေရန် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ စိတ်မလုံခြုံမှုဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သော အပြုအမူအားလုံးပါဝင်သည်။

လိင်ပိုင်းဆိုင်ရာ သဘောသက်ရောက်မှုရှိသော အပြုအမူသည် ကျူးလွန်ခံရသူအား စိတ်ဖိစီးမှု၊ စိတ်အနှောင့်အယှက်ဖြစ်မှု၊ အရှက်ရမှု၊ ကြောက်ရွံ့မှု သို့မဟုတ် လုံခြုံမှုမရှိဟု ခံစားရစေပါက ထိုအပြုအမူအား ပြစ်မှုအဖြစ် ချက်ချင်း သတ်မှတ်နိုင်သည်။

ဤပြင်ဆင်ချက်သည် အသက်အရွယ်၊ ဂျဲန်ဒါ၊ လိင်စိတ်တိမ်းညွတ်မှု စသည်တို့အပေါ်မူတည်၍ မခွဲခြားဘဲ လူတိုင်းအကျုံးဝင်သည်။

ထို့အပြင် ယခုပြင်ဆင်ချက်တွင် ယခင်ထက် ပိုမိုပြင်းထန်သည့် ပြစ်ဒဏ်များကိုလည်း ထည့်သွင်းသတ်မှတ်ထားပြီး ပြစ်ဒဏ်များကို ကျူးလွန်မှုပုံစံ၏ ပြင်းထန်မှု၊ ဖြစ်ပွားသည့် အခြေအနေများနှင့် ကျူးလွန်ခံရသူ၏ ထိခိုက်နိုင်မှုအခြေအနေများအပေါ် မူတည်၍ ကြီးလေးမှု အဆင့်အလိုက်သတ်မှတ်ထားသည်။

[3] https://www.unwomen.org/sites/default/files/Headquarters/Attachments/Sections/CSW/64/National-reviews/Thailand-en.pdf

**အထွေထွေ ထိပါးနှောင့်ယှက်ခြင်း**

လိင်ပိုင်းဆိုင်ရာ သဘောသက်ရောက်မှုရှိသော်လည်း မဖွယ်မရာ အဆင့်အထိ မရောက်ရှိသေးဘဲ ကျူးလွန်ခံရသူအား စိတ်ဖိစီးမှု သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်စေသော အပြုအမူများ

**ပြစ်ဒဏ်** – ထောင်ဒဏ် အများဆုံး တနှစ် အထိ၊ သို့မဟုတ် ငွေဒဏ် အများဆုံး ဘတ် ၂၀,၀၀၀ အထိ၊ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး

**ထပ်ခါထပ်ခါ သို့မဟုတ် ဆက်တိုက် ထိပါးနှောင့်ယှက်ခြင်း**

ထပ်ခါထပ်ခါ သို့မဟုတ် ဆက်တိုက် ကျူးလွန်ခြင်းကြောင့် ကျူးလွန်ခံရသူ၏ ပုံမှန်ဘဝနေထိုင်မှုကို အနှောင့်အယှက်ဖြစ်စေသော အပြုအမူများ

**ပြစ်ဒဏ်** – ထောင်ဒဏ် အများဆုံး နှစ်နှစ် အထိ၊ သို့မဟုတ် ငွေဒဏ် အများဆုံး ဘတ် ၄၀,၀၀၀ အထိ၊ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး

**အများပြည်သူပိုင်နေရာ သို့မဟုတ် အွန်လိုင်းပေါ်တွင် ထိပါးနှောင့်ယှက်ခြင်း**

အများပြည်သူပိုင်နေရာတွင် သို့မဟုတ် အခြားသူများ မြင်နိုင်သည့် နေရာများတွင် ကျူးလွန်ခြင်း၊ သို့မဟုတ် ကွန်ပျူတာစနစ်များမှတဆင့်ကျူးလွန်ခြင်း (ဥပမာ– အရှက်ရစေသည့် အကြောင်းအရာများ ရေးသား၍ ပို့စ့်တင်ခြင်း၊ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာ အကြောင်းအရာများ ပါဝင်သည့် မက်ဆေ့ချ်များ ပို့ခြင်း)

**ပြစ်ဒဏ်** – ထောင်ဒဏ် အများဆုံး သုံးနှစ် အထိ၊ သို့မဟုတ် ငွေဒဏ် အများဆုံး ဘတ် ၆၀,၀၀၀ အထိ၊ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး

**အာဏာရှိသူမှ ကျူးလွန်သည့် ထိပါးနှောင့်ယှက်ခြင်း**

အလုပ်ရှင်၊ ကြီးကြပ်သူ၊ ဆရာ/ဆရာမ၊ ပြုစုစောင့်ရှောက်သူ သို့မဟုတ် ကျူးလွန်ခံရသူအပေါ် အာဏာ သို့မဟုတ် ထိန်းချုပ်နိုင်သည့် အနေအထားရှိသူမှ ကျူးလွန်သော ထိပါးနှောင့်ယှက်သည့် အပြုအမူများ

**ပြစ်ဒဏ်** – ထောင်ဒဏ် အများဆုံး သုံးနှစ် အထိ၊ သို့မဟုတ် ငွေဒဏ် အများဆုံး ဘတ် ၆၀,၀၀၀ အထိ၊ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး

**ကလေးအား ကျူးလွန်သည့် ထိပါးနှောင့်ယှက်ခြင်း**

ကျူးလွန်ခံရသူသည် အသက် တဆယ့်ငါးနှစ် မပြည့်သေးသူ ဖြစ်ပါက သဘောတူညီမှု ရှိသည် ဖြစ်စေ မရှိသည်ဖြစ်စေ ထိပါးနှောင့်ယှက်မှုအဖြစ် သတ်မှတ်သည်။

**အများဆုံး ပြစ်ဒဏ်** – ထောင်ဒဏ် အများဆုံး ငါးနှစ် အထိ၊ သို့မဟုတ် ငွေဒဏ် အများဆုံး ဘတ် ၁၀၀,၀၀၀ အထိ၊ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး

**ကွန်ပျူတာဒေတာများကို ထည့်သွင်းခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ကွန်ပျူတာစနစ် ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည့် အပိုင်းတွင်လုပ်ကိုင်လျက်ရှိသော ကျူးလွန်သူသည်၊ ထိုဒေတာများသည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ဖြစ်စေကြောင်း သိရှိလျက်ဖြင့်၊ ဒေတာထည့်သွင်းခြင်း၊ စနစ်အသုံးပြုခွင့်ပေးခြင်း**

**ပြစ်ဒဏ်** – ထောင်ဒဏ် အများဆုံး ခြောက်လအထိ၊ သို့မဟုတ် ငွေဒဏ် အများဆုံး ဘတ် ၁၀,၀၀၀ အထိ၊ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး

ရာဇဝတ်မှုဥပဒေအောက်တွင် အမျိုးသမီးများ ကြုံတွေ့ရနိုင်သော ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုအဖြစ် သတ်မှတ်နိုင်သည့် မတရား ဖမ်းဆီးချုပ်နှောင်ထားခြင်း၊ ပြန်ပေးဆွဲခြင်း၊ ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာ ရစေခြင်း၊ အနိုင်ကျင့်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် အပြုအမူများကိုလည်း အခြားအပိုဒ်များအရ ပြစ်မှုအဖြစ် သတ်မှတ်၍ အရေးယူနိုင်ပါသည်။

လုပ်ငန်းခွင်အတွင်း **အလုပ်သမားကာကွယ်ရေးဥပဒေ ပုဒ်မ ၁၆** အရ "အလုပ်ရှင်၊ တာဝန်ခံပုဂ္ဂိုလ်၊ ကြီးကြပ်သူ သို့မဟုတ် အလုပ်သမားစစ်ဆေးရေးအရာရှိသည် အလုပ်သမားအပေါ် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု၊ ထိပါးနှောင့်ယှက်မှု သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်စေသော အပြုအမူများကို မပြုလုပ်ရ" ဟု ပြဌာန်းထားသည်။

အလုပ်သမားကာကွယ်ရေးဥပဒေသည် အလုပ်ရှင်မှ အလုပ်သမားအပေါ် ပြုလုပ်သည့် အနိုင်ကျင့်မှုနှင့် ထိပါးနှောင့်ယှက်မှုများကို တားမြစ်ထားသော်လည်း လုပ်ဖော်ကိုင်ဖက်များအကြား ဖြစ်ပေါ်သည့် အနိုင်ကျင့်မှုနှင့် ထိပါးနှောင့်ယှက်မှုများကို ဖြေရှင်းရန် ဖော်ပြထားခြင်း မရှိပါ။

## ထိပါးနှောင့်ယှက်ခံရမှု ဖြစ်ပွားသောအခါ လုပ်ဆောင်ရမည့် အဆင့်များ အကျဉ်းချုပ်

| |
|---|
| **အဆင့် ၁ – အန္တရာယ်ရှိနိုင်ခြေကို သုံးသပ်ပြီး လုံခြုံရေးကိုဦးစားပေးခြင်း** |
| **ပါဝင်သူများ –** ကျူးလွန်ခံရသူ၊ ထောက်ပံ့ကူညီသူ၊ ယုံကြည်ရသော သူငယ်ချင်း<br>**အချိန်အတိုင်းအတာ –** ဖြစ်နိုင်ပါက ချက်ချင်း<br>**မျှော်မှန်းရလဒ် –** လုံခြုံရေးအစီအမံများ ချမှတ်သည်။ |
| **အဆင့် ၂ – မှတ်တမ်းတင်ခြင်းနှင့် လုံခြုံစွာထိန်းသိမ်းထားခြင်း** |
| **ပါဝင်သူများ** – ကျူးလွန်ခံရသူ<br>**အချိန်အတိုင်းအတာ** – ဖြစ်ပွားချိန်တွင် ချက်ချင်း<br>အချိန်ကာလသည် ထိပါး နှောင့်ယှက်မှု ဖြစ်ပွားသည့် အကြိမ် အရေအတွက်အပေါ် မူတည်သည်။ ထိပါးနှောင့်ယှက်မှုသည် မကြာခဏ ပိုမို ဖြစ်ပွားလာပါက သို့မဟုတ် ပိုမိုပြင်းထန်လာပါက အဆင့် ၃ ကို ဆက်လက် လုပ်ဆောင်ပါ။<br>**မျှော်မှန်းရလဒ်** – ကျူးလွန်ခံရသူအနေဖြင့် ထိပါးနှောင့်ယှက်မှု ဖြစ်ပွားသည့် အကြိမ်တိုင်း၏ အချိန်၊ နေရာနှင့် ဖြစ်စဉ် အသေး စိတ် များကို မှတ်တမ်း ရှိနေမည်။ |
| **အဆင့် ၃ – အမှုကို သက်ဆိုင်သူ များထံ တိုင်ကြားခြင်း**<br>**(ထိပါးနှောင့်ယှက်မှု ဖြစ်ပွားသည့်နေရာ၊ ပြင်းထန်မှုနှင့် အန္တရာယ်ရှိမှု အခြေ အနေအပေါ်မူတည်၍ ကွဲပြားနိုင်သည်။ အွန်လိုင်း ထိပါးနှောင့်ယှက်မှု လည်းပါဝင်သည်။)** |
| **ပါဝင်နိုင်သော သက်ဆိုင်သူများ –** လုပ်ငန်းခွင် ကိုယ်စားလှယ်၊ မန်နေဂျာ၊ အလုပ်ရှင်၊ အလုပ်သမား ကာကွယ် စောင့်ရှောက်ရေးရုံး၊ လူမှုရေး ဝန်ထမ်း၊ ဒေသအာဏာပိုင်၊ ရပ်ရွာလူကြီး။<br>**အချိန်အတိုင်းအတာ –** အချိန်မရွေး၊ ထိပါးနှောင့်ယှက်မှု အရှိန်မြင့်တက်လာပါက တတ်နိုင်သမျှအမြန်ဆုံး<br>**မျှော်မှန်းရလဒ် –** သက်ဆိုင်သူ/ အာဏာပိုင်များသည် ထိပါးနှောင့်ယှက်မှုအကြောင်း သတင်းရရှိသည်။ |

| အဆင့် ၄ – နောက်ဆက်တွဲ ဆောင်ရွက်ချက်များ |
|---|
| **ပါဝင်သူများ –**<br>**လုပ်ငန်းခွင်အတွင်း ထိပါးနှောင့်ယှက်ခြင်း အတွက်** – NGO၊ အမျိုးသမီးအဖွဲ့ နှင့် NGO မှ ထောက်ပံ့ ကူညီသူများ၊ မျက်မြင်သက်သေများ၊ လုပ်ငန်းခွင် ကိုယ်စားလှယ်များ၊ အလုပ်သမားကာကွယ် စောင့်ရှောက်ရေးရုံး<br>**အများပြည်သူပိုင်နေရာတွင် ထိပါးနှောင့်ယှက် ခြင်းအတွက်** – ကျူးလွန်ခံရသူ၊ ရပ်ရွာလူကြီး၊ ရဲဌာန၊ လူမှုရေးဝန်ထမ်း၊ မျက်မြင်သက်သေ<br>**အိမ်တွင်း ထိပါးနှောင့်ယှက်ခြင်း အတွက်** – အပိုင်း (၃) အိမ်တွင်းအကြမ်းဖက်မှု အဆင့် ၃ ကိုသွားပါ<br>**အချိန်အတိုင်းအတာ** – အလုပ်သမားကာကွယ်စောင့်ရှောက်ရေးရုံးသည် အလုပ်ရှင် သို့မဟုတ် လုပ်ငန်းခွင်ကော်မတီကို ခေါ်ယူမေးမြန်းစစ်ဆေး နိုင်ပြီး လိုအပ်ပါက ကျူးလွန်ခံရသူကိုလည်း ခေါ်ယူကာ ညှိနှိုင်းဆောင်ရွက်နိုင်သည်။<br>နစ်နာမှုအတွက် လျော်ကြေးရယူနိုင်သည့် နည်းလမ်းများမှာ— အလုပ်သမားတရားရုံး၊ အရပ်ဘက်တရားရုံး မှတဆင့် လျော်ကြေးတောင်းခံခြင်း ဒေသအာဏာပိုင်များသည် မျက်မြင်သက်သေများ၊ ကျူးလွန်ခံရသူ နှင့် ကျူးလွန်သူတို့ကို ခေါ်ယူမေးမြန်း စစ်ဆေးကာ ကျူးလွန်သူအား သတိပေး နိုင်ပြီး၊ အမှုအခြေအနေ ပြင်းထန်သည် ဟု ယူဆပါက ရဲဌာနထံ အသိပေး အကြောင်းကြားနိုင်ပါသည်။ |
| **အဆင့် ၅ – ဆုံးဖြတ်ချက်ချခြင်း** |
| **ပါဝင်သူများ** – ကျူးလွန်ခံရသူ၊ အမျိုးသမီးအဖွဲ့ နှင့် NGO မှ ထောက်ပံ့ ကူညီသူများ၊ လုပ်ငန်းခွင် ကိုယ်စားလှယ်၊ အလုပ်ရှင်၊ ကျူးလွန်သူ |

## အဆင့် အသေးစိတ်များ

### လုပ်ငန်းခွင်အတွင်း ထိပါးနှောင့်ယှက်မှု

### အဆင့် (၁): အန္တရာယ်ရှိနိုင်ခြေကို သုံးသပ်ပြီး လုံခြုံရေးကို ဦးစားပေးခြင်း

ရွှေ့ပြောင်း အမျိုးသမီးတဦးသည် ထိပါးနှောင့်ယှက်မှုကျူးလွန်ခံရပါက သူမအနေဖြင့် ယုံကြည်ရသော သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက် သို့မဟုတ် ကူညီထောက်ပံ့ပေးသူတဦးဦးအား မျှဝေပြောဆိုလိုမည်ဖြစ်သည်။

ထိုသို့ပြောဆိုရာတွင် ဆွေးနွေးရန်လိုအပ်သည်မှာ –

ထိပါးနှောင့်ယှက်မှုသည် အချို့အခြေအနေများတွင် ထင်ရှားပြတ်သားစွာ ခွဲခြားမရနိုင်ပါ။ ဥပမာအားဖြင့် ကျူးလွန်ခံရသူ၏ ကိုယ်ခန္ဓာအပေါ်ပိုင်း နှင့် မတော်တဆ ထိမိသွားခြင်း ဖြစ်နိုင်ပါသည်။ သို့မဟုတ် ထိုသူသည် စကားပြောနေစဉ်တွင် အလွန်နီးကပ်လာသည်ကို မသိလိုက်ခြင်း ဖြစ်နိုင်ပါသည်။ ထိုသို့သော အခြေအနေများတွင် ကျူးလွန်ခံရသူအနေဖြင့် ယုံကြည်ရသူတဦးနှင့် ဆွေးနွေးတိုင်ပင်လိုခြင်း ဖြစ်နိုင်ပါသည်။

ထိုအပြုအမူသည် ထိပါးနှောင့်ယှက်မှု ဖြစ်၊ မဖြစ်ကို သိရှိနိုင်ရန် ပြုလုပ်သူအား ယဉ်ကျေးစွာဖြင့် မိမိအဆင်မပြေကြောင်း ပြောကာ အပြုအမူကိုမပြုလုပ်ရန် တောင်းဆိုနိုင်ပါသည်။ ဥပမာအားဖြင့်–

> *"ကျွန်မနားကို ဒီလောက်နီးနီးကပ်ကပ် မလာပါနဲ့။ ကျွန်မအတွက်အဆင်မပြေပါဘူး။"*

> *"ကျွန်မနောက်ကို မလိုက်ပါနဲ့။ အဆင်မပြေဘူး / ထူးဆန်းသလို ခံစားရတယ် / ကြောက်တယ်။"*

အပြုအမူသည် မရည်ရွယ်ဘဲ ဖြစ်ပွားခဲ့ပါက အများအားဖြင့် ကျူးလွန်သူက တောင်းပန်ပြီး ထပ်မံမပြုလုပ်တော့ပါ။ သို့သော် ရည်ရွယ်ချက်ရှိရှိ ထိပါးနှောင့်ယှက်နေပါက ရယ်ခြင်း၊ ကျူးလွန်ခံရသူသည် အလွန်အမင်း အရေးတယူလုပ်လွန်းသည်ဟု ဆိုခြင်း သို့မဟုတ် တောင်းပန်ပြီးနောက် ထပ်မံ ပြုလုပ်လာခြင်းတို့ ဖြစ်နိုင်ပါသည်။

ထိုအပြုအမူကို ထပ်မံ ပြုလုပ်လာပါက ကျူးလွန်ခံရသူမှ မလိုလားကြောင်းနှင့် ထိုအပြုအမူကို ဆက်မလုပ်ရန် ရှင်းလင်းပြတ်သားစွာ တိုက်ရိုက် ပြောဆိုရန် လိုအပ်ပါသည်။ ထိုသို့ ပြောဆိုရာတွင် မျက်နှာချင်းဆိုင် (ဖြစ်နိုင်ပါက သက်သေတယောက်ယောက်နှင့်အတူ) သို့မဟုတ် စာဖြင့် ပြောကြားနိုင်ပါသည်။ အဓိကရည်ရွယ်ချက်မှာ ဆက်ဆံရေးတွင် ကျူးလွန်ခံရသူအတွက် စည်းတခုသတ်မှတ်ခြင်း ဖြစ်သဖြင့် အငြင်းအခုံ မလုပ်ရန် လိုအပ်ပါသည်။ ကျူးလွန်သူ ဒေါသထွက်လာပါက ထိုနေရာမှ ချက်ချင်း ထွက်ခွာပါ။

အပြုအမူသည် ရည်ရွယ်ချက်ရှိရှိထိပါးနှောင့်ယှက်ခြင်းဖြစ်သည်၊ သို့မဟုတ် ကြောင်တောင်တောင်နိုင်သည့် အမူအရာတခုသာဖြစ်သည်ကို မသေချာသေးပါက အဆင့် (၂) သို့ ဆက်လက်လုပ်ဆောင်နိုင်ပါသည်။

ထိပါးနှောင့်ယှက်မှုဖြစ်ကြောင်း သေချာနေပြီး ကျူးလွန်သူကို ကြောက်ရွံ့ရသည်ဟု ခံစားရပါက အဆင့် (၃) သို့ ဆက်လက်လုပ်ဆောင်သင့်ပါသည်။

ကျူးလွန်ခံရသူသည် လုပ်ဖော်ကိုင်ဖက်တဦးထံမှ ထိပါးနှောင့်ယှက်ခြင်းခံရပြီး ယုံကြည်စိတ်ချရသော သက်သေများ ရှိပါက၊ အဆိုပါ ထိပါးနှောင့်ယှက်မှုကို ချက်ချင်း တိုင်ကြားနိုင်ပါသည်။ ထိုအခါ အဆင့် (၃) သို့ တိုက်ရိုက် ဆက်လက်လုပ်ဆောင်ပါ။

ကျူးလွန်ခံရသူသည် လုပ်ဖော်ကိုင်ဖက်တဦးထံမှ ထိပါးနှောင့်ယှက်ခြင်း ခံရသော်လည်း သက်သေများ၊ CCTV သို့မဟုတ် အခြား အထောက်အထားများ မရှိနေပါက၊ သူမအားမယုံကြည်နိုင်ခြင်း၊ ကာကွယ်မှု မရှိသည့်အခြေအနေတွင် ထပ်မံ ထိပါးနှောင့်ယှက်ခံရနိုင်ခြင်း သို့မဟုတ် အလုပ်မှ ထုတ်ပယ်ခံရနိုင် ခြင်းတို့ကို စိုးရိမ်သောကြောင့် ချက်ချင်း မတိုင်ကြားလိုခြင်း ဖြစ်နိုင်ပါသည်။ ထိုအခြေအနေတွင် အဆင့် (၂) ကို ဆက်လက်လုပ်ဆောင်ပါ။

ကျူးလွန်ခံရသူသည် ၎င်း၏ အလုပ်ရှင် သို့မဟုတ် အာဏာရှိသူတဦးထံမှ ထိပါးနှောင့်ယှက်ခြင်း ခံရပါက ၎င်း၏ လုံခြုံရေးကို အထူးဂရုပြုစဉ်းစားရန် လိုအပ်ပါသည်။ ဖြစ်နိုင်ပါက ကျူးလွန်သူနှင့် တဦးတည်း ရှိနေခြင်း မဖြစ်စေရန် ရှောင်ရှားပါ။ အကူအညီဖြစ်မည် လိုအပ်မည်ဆိုပါက ဆုံးဖြတ်ချက်ချရန် အလုပ်မှ ခဏနားပြီး အချိန်ယူနိုင်ပါသည်။ ထိုနောက် အဆင့် (၃) ကို ဆက်လက်လုပ်ဆောင်ပါ။

## အဆင့် (၂) — မှတ်တမ်းတင်ခြင်းနှင့် လုံခြုံရေးကို ထိန်းသိမ်းခြင်း

ထိပါးနှောင့်ယှက်မှုသည် အများအားဖြင့် တကြိမ်တည်းဖြစ်ပွားခြင်း မဟုတ်ဘဲ ထပ်ခါထပ်ခါ ဖြစ်ပွားလာတတ်ပြီး အကြိမ်ရေအားဖြင့်လည်းကောင်း၊ ပြင်းထန်မှုအဆင့်အားဖြင့်လည်းကောင်း တဖြည်းဖြည်း မြင့်တက်လာနိုင်ပါသည်။ ထို့ကြောင့် ထိပါးနှောင့်ယှက်မှု ဖြစ်ပွားသည့် အကြိမ်တိုင်းကို မှတ်တမ်းတင်ထားခြင်းသည် အခြေအနေ ပြောင်းလဲလာမှုကို စောင့်ကြည့်သုံးသပ်နိုင်ရန်နှင့် နောက်တဆင့်တွင် အမှုတိုင်ကြားရာ၌ အသုံးပြုနိုင်ရန် အရေးကြီးပါသည်။

မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းနိုင်ရန် မှတ်စုစာအုပ်တအုပ်ကို သီးသန့် ထားရှိ၍ ထိပါးနှောင့်ယှက်မှုနှင့် သက်ဆိုင်သော အချက်အလက်များကို တနေရာတည်းတွင် မှတ်တမ်းတင်ထားပါ။ အွန်လိုင်းမှ ဖြစ်ပွားသော အထောက်အထားများကိုလည်း အွန်လိုင်းဖိုင်ဖိုလ်ဒါတခုအတွင်း စုစည်းသိမ်းဆည်းထားရန် သို့မဟုတ် ဝင်ရောက်ကြည့်ရှုနိုင်သည့် နည်းလမ်းကို မှတ်သားထားရန် လိုအပ်ပါသည်။

(တိုင်ကြားမှု ပုံစံအတွက် နောက်ဆက်တွဲ ၃ – တိုင်ကြားမှု ဖောင်ပုံစံ ကို ကိုးကားနိုင်ပါသည်။)

### မှတ်တမ်းတင်ခြင်း

ထိပါးနှောင့်ယှက်မှု ဖြစ်ပွားသည့် အကြိမ်တိုင်းကို အသေးစိတ် မှတ်တမ်းတင်ထားပါ။

ပါဝင်သင့်သော အချက်အလက်များမှာ — ဖြစ်ပွားသည့် ရက်စွဲ၊ အချိန်နှင့် နေရာ၊ ကျူးလွန်သူ၏ အမည် (သိရှိပါက) သို့မဟုတ် သွင်ပြင်လက္ခဏာဖော်ပြချက်၊ ထိပါးနှောင့်ယှက်ပုံ အသေးစိတ် ဖော်ပြချက် (မည်သို့ပြောဆိုသည်၊ မည်သို့ပြုလုပ်သည် စသည်)၊ ဖြစ်နိုင်သည့် သက်သေများ၏ အမည်စာရင်း၊ ဖြစ်ပွားမှု၏ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုများ (ရှိပါက)၊ CCTV မှတ်တမ်းများ (ရယူနိုင်ပါက)

### လုံခြုံစွာ ထိန်းသိမ်းခြင်း

ထိပါးနှောင့်ယှက်သူသည် အာဏာရှိသူ သို့မဟုတ် ဩဇာကြီးသူ ဖြစ်ပါက အထူးသဖြင့် ယုံကြည်စိတ်ချရသော မိတ်ဆွေများနှင့်သာ ဆွေးနွေးပြောဆိုသင့်သည်။

CCTV မှတ်တမ်းကဲ့သို့ အခြားသူများထံမှ အချက်အလက် ရယူရန် လိုအပ်ပါက ကျူးလွန်ခံရသူကိုယ်တိုင် မလုပ်ဘဲ ယုံကြည်ရသော မိတ်ဆွေ သို့မဟုတ် ထောက်ပံ့ကူညီသူမှ ကူညီပေးသင့်ပါသည်။

ကျူးလွန်ခံရသူသည် အနီးအနားတွင် လူအများရှိသော နေရာများတွင် နေရန် ကြိုးစားပြီး တဦးတည်း သီးခြားနေရာများတွင် မနေသင့်ပါ။ တဦးတည်း သွားလာရမည့် အခြေအနေ (ဥပမာ— သိုလှောင်ခန်း၊ ရပ်ကွက်ဆိုင်များသို့ သွားရမည့်အခါ) တွင် ယုံကြည်ရသောသူတဦးအား မည်သည့်နေရာသို့ သွားမည်၊ မည်သည့်အချိန်တွင် ပြန်လာမည်ကို ကြိုတင် အသိပေးထားနိုင်ပါသည်။ ကျူးလွန်သူမသိနိုင်စေရန် နေ့စဉ် လမ်းကြောင်း၊ အချိန်ဇယားများကို ဖြစ်နိုင်သမျှ မတူညီအောင် ပြောင်းလဲထားပါ။

ဖုန်းကို အမြဲ ကိုယ်နှင့်အတူ ထားသင့်ပြီး နှောင့်ယှက်ခံနေရသည့် သို့မဟုတ် စိုးရိမ်နေရသည့် အခြေအနေတွင်ရှိပါက ယုံကြည်ရသော မိတ်ဆွေ သို့မဟုတ် ထောက်ပံ့ကူညီသူထံ ချက်ချင်း ဖုန်းခေါ်နိုင်ရန် ပြင်ဆင်ထားသင့်သည်။

အသံကျယ်သော ကိရိယာ (ဥပမာ—ခရာ) တခုကို ဆောင်ထားနိုင်ပြီး အန္တရာယ်ရှိလာပါက အသုံးပြုနိုင်ပါသည်။ အသံကျယ်ခြင်းသည် အခြားသူများ၏ အာရုံစိုက်မှုကို ဆွဲဆောင်နိုင်ပြီး ထိပါးနှောင့်ယှက်မှုကို တားဆီးနိုင်ပါသည်။ ထွက်ပြေးနိုင်သည့် လမ်းကြောင်းကိုလည်း ကြိုတင် စဉ်းစားထားပါ။

လမ်းပေါ်တွင် လိုက်လံခြေရာခံစောင့်ကြည့်ခြင်း/ နောက်ယောင်ခံလိုက်ခြင်း ခံရပါက ဆိုင်တဆိုင်အတွင်း ဝင်ရောက်နိုင်ပါသည်။ ဆိုင်အတွင်းတွင် လုံခြုံသည်ဟုယူဆရသည်အထိ နေနိုင်ပြီး လိုအပ်ပါက ဆိုင်ရှင်အား မိမိသည် တစုံတယောက်က နောက်ယောင်ခံလိုက်နေ၍ ကြောက်ရွံ့နေရသည့် အခြေအနေတွင်ရှိနေကြောင်း ပြောနိုင်ပါသည်။

**သင်၏မှတ်စုများအရ ထိပါးနှောင့်ယှက်မှုသည် ပိုမို မကြာခဏ ဖြစ်လာခြင်း သို့မဟုတ် ပိုမို ပြင်းထန်လာခြင်းကို တွေ့ရှိပါက အဆင့် (၃) ကို ချက်ချင်း ဆက်လက်လုပ်ဆောင်ရမည် ဖြစ်ပါသည်။**

## အဆင့် (၃) — အမှုကို သက်ဆိုင်ရာတွင် တိုင်ကြားခြင်း

ထိပါးနှောင့်ယှက်မှုသည် မရပ်တန့်သွားဘဲ ဆက်လက်ဖြစ်ပွားနေခြင်း၊ သို့မဟုတ် ဖြစ်ပွားမှုအကြိမ်ရေ ပိုမိုများလာခြင်း၊ ပြင်းထန်မှုအဆင့် ပိုမိုမြင့်တက်လာခြင်းများ ဖြစ်ပေါ်နေပါက အာဏာရှိသူများက တာဝန်ယူဖြေရှင်းနိုင်ရန် တိုင်ကြားခြင်းကို ပြုလုပ်သင့်ပါသည်။

### လုပ်ငန်းခွင်အတွင်း ထိပါးနှောင့်ယှက်မှု

ကျူးလွန်ခံရသူသည် ၎င်းအတွက် လုံခြုံသည်ဟု ခံစားရပြီး လုပ်ဖော်ကိုင်ဖက်များကို ယုံကြည်ရသည်ဆိုပါက ဖြစ်ပွားနေသော အခြေအနေကို မျှဝေပြောကြားနိုင်ပါသည်။ ထိပါးနှောင့်ယှက်သူသည် ကျူးလွန်ခံရသူတဦးတည်းကိုသာ မဟုတ်ဘဲ အခြားအမျိုးသမီးများကိုလည်း ထိပါးနှောင့်ယှက်နေခြင်းဖြစ်နေနိုင်သောကြောင့် အတူတကွပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အပြုအမူကို ရပ်တန့်နိုင်ပါသည်။

တိုင်ကြားရာတွင် အတွေ့အကြုံရှိသူ သို့မဟုတ် အာဏာရှိသူတဦး၏ အကူအညီကို တောင်းနိုင်ပါသည်။ ၎င်းမှာ လုပ်ငန်းခွင်ခေါင်းဆောင်၊ အလုပ်သမားသမဂ္ဂခေါင်းဆောင်၊ အမျိုးသမီးဆွေးနွေးပွဲ ခေါင်းဆောင် သို့မဟုတ် ဒေသခံအဖွဲ့အစည်းမှ ဝန်ထမ်းတဦးဦး ဖြစ်နိုင်ပါသည်။

ကျူးလွန်ခံရသူ၏ ကြီးကြပ်သူ၊ လူ့စွမ်းအားအရင်းအမြစ်တာဝန်ခံ (HR) သို့မဟုတ် အလုပ်ရှင်ထံသို့ တိုင်ကြားနိုင်ပါသည်။ အချို့လုပ်ငန်းခွင်များတွင် ထိပါးနှောင့်ယှက်မှုဆိုင်ရာ မူဝါဒများ ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မတီများလည်း ဖွဲ့စည်းထားတတ်ပါသည်။ ကျူးလွန်ခံရသူ၏ လုပ်ငန်းခွင်တွင် ထိုသို့သော မူဝါဒ သို့မဟုတ် ကော်မတီ ရှိ၊ မရှိကို မေးမြန်းပြီး ရှိပါက ထိုကော်မတီထံသို့ တိုက်ရိုက် တိုင်ကြားနိုင်ပါသည်။

အတူတကွ သက်သေအထောက်အထားများကို စုစည်း၍ အသေးစိတ်အကြောင်းအရာများ ပါဝင်သည့် တရားဝင် တိုင်ကြားစာကို ပြင်ဆင်ပြီး စုံစမ်းစစ်ဆေးရန် တောင်းဆိုနိုင်ပါသည်။ ခေါ်ယူဆွေးနွေးရာတွင် မှတ်စုစာအုပ်၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ စခရင်ရှော့ပုံများ စသည့် သက်သေအထောက်အထားများ အားလုံးကို ယူဆောင်သွားပါ။

လုပ်ငန်းခွင်အတွင်း တိုင်ကြားထားပြီးဖြစ်သော်လည်း အလေးမထားခြင်း သို့မဟုတ် အရေးယူဆောင်ရွက်မှု မရှိပါက အလုပ်သမားကာကွယ်ရေးရုံးသို့ တိုက်ရိုက် တိုင်ကြားနိုင်ပါသည်။ ကျူးလွန်ခံရသူ တဦးတည်း သွားရောက်နိုင်သလို ထိုရုံးသို့သွားဖူးသည့် အတွေ့အကြုံရှိသူတဦး၏ အကူအညီဖြင့် လည်း သွားရောက်နိုင်ပါသည်။

အလုပ်သမားကာကွယ်ရေးရုံးသည် လုပ်ငန်းခွင်များအား အလုပ်သမားကာကွယ်ရေးဥပဒေနှင့် ကိုက်ညီမှု ရှိစေရန် တာဝန်ယူထားသော အဖွဲ့အစည်းဖြစ်ပြီး အလုပ်ရှင်က ပြုလုပ်သော ထိပါးနှောင့်ယှက်မှုကို ပြစ်မှုအဖြစ် သတ်မှတ်ပါသည်။ ထိပါးနှောင့်ယှက်မှုကို လုပ်ဖော်ကိုင်ဖက်က ပြုလုပ်ခဲ့ပြီး အလုပ်ရှင်ထံသို့ တိုင်ကြားထားသော်လည်း အလုပ်ရှင်က မဖြေရှင်းပေးပါက အလုပ်ရှင်ကိုလည်း ထိပါးနှောင့်ယှက်မှုတွင် ကြံ့ရာပါအဖြစ် သတ်မှတ်နိုင်ပါသည်။

စုံစမ်းစစ်ဆေးမှုအတွင်း ကျူးလွန်သူ၊ မျက်မြင်သက်သေများနှင့် ကျူးလွန်ခံရသူအား မေးမြန်းပါမည်။ ထိုကာလအတွင်း လုံခြုံရေးအတွက် ကြီးကြပ်သူထံသို့ အလုပ်နေရာ သို့မဟုတ် နေထိုင်ရာနေရာ ပြောင်းလဲပေးရန် တောင်းဆိုနိုင်ပါသည်။

စုံစမ်းစစ်ဆေးနေစဉ် ကျူးလွန်သူအား အလုပ်နေရာ ပြောင်းရွှေ့စေနိုင်သလို အချို့အခြေအနေများတွင် ကျူးလွန်ခံရသူကိုလည်း နေရာပြောင်းရွှေ့စေနိုင်ပါသည်။ ထိုသို့ ပြောင်းရွှေ့ခြင်းသည် ပိုမိုလုံခြုံမှု ရှိ၊ မရှိနှင့် လစာ လျော့နည်းသွားခြင်း မရှိကြောင်းကို သေချာမေးမြန်းရပါမည်။

စုံစမ်းစစ်ဆေးမှု မပြီးဆုံးမချင်း ကျူးလွန်ခံရသူနှင့် ကူညီထောက်ပံ့ပေးသူသည် ၎င်းနှင့် နီးစပ်သူများ နှင့် ယုံကြည်ရသူများမှအပ အခြားသူများအား အမှုအကြောင်းကို မပြောပြသင့်ပါ။ ကျူးလွန်ခံရသူသည် ၎င်း၏ လုံခြုံရေးအတွက် ပိုမိုသတိရှိနေပြီး သံသယဖြစ်စရာ အခြေအနေများကို ချက်ချင်း အလုပ်ရှင်၊  အလုပ်သမားကာကွယ်ရေးရုံး သို့မဟုတ် ရဲဌာနသို့ တိုင်ကြားရပါမည်။

ကျူးလွန်သူတွင်လည်း အခွင့်အရေးများ ရှိသဖြင့် စုံစမ်းစစ်ဆေးမှုသည် တရားမျှတမှုရှိရပါမည်။ သို့သော် ကျူးလွန်ခံရသူအနေဖြင့် ၎င်း၏ လုံခြုံရေးကို အမြဲ ဦးစားပေး စဉ်းစားရပါမည်။ တာဝန်ရှိသူက စေ့စပ်ညှိနှိုင်းမှု ပြုလုပ်ရန် ကျူးလွန်ခံရသူနှင့် ကျူးလွန်သူအား တွေ့ဆုံစေမည်ဆိုပါက ကျူးလွန်ခံရသူသည် ၎င်းအတွက်မလုံခြုံဟု ခံစားရပါက သို့မဟုတ် မညှိနှိုင်းလိုပါက ငြင်းပယ်ခွင့် ရှိပါသည်။

## အဆင့် (၄) — တရားမျှတမှု ရရှိရေး

ဥပဒေ ပြင်ဆင်ချက်များအရ ပြစ်မှုဆိုင်ရာ ဥပဒေ ပြင်ဆင်ချက် အမှတ် (၃၀) တွင် နောက်ယောင်ခံ စောင့်ကြည့်ခြင်း နှင့် အွန်လိုင်းမှ ထိပါးနှောင့်ယှက်မှုများကို ပြစ်မှုအဖြစ် အသိအမှတ်ပြု ထားပြီး ဖြစ်သော်လည်း လက်တွေ့တွင် ရဲဘက်မှ အမှုကို အလေးအနက်ထား လက်ခံဆောင်ရွက်ရန် အခက်အခဲများ ရှိနေဆဲ ဖြစ်နိုင်ပါသည်။ တရားရေးစနစ်အတွင်း အမှုတိုးတက်မှုရှိစေရန် ကျူးလွန်ခံရသူအား ထောက်ပံ့ကူညီနေသော အဖွဲ့အစည်းတွင် ဥပဒေရေးရာ အကြံပေးရှေ့နေတဦး ရှိခြင်း သို့မဟုတ် အနည်းဆုံးအနေဖြင့် ဥပဒေရေးရာ အကြံဉာဏ် ရယူထားခြင်းသည် အထောက်အကူ ဖြစ်နိုင်ပါသည်။

ယေဘုယျအားဖြင့် အမှုကို တရားရုံး ဆုံးဖြတ်ချက်ချသည်အထိ ဆက်လက်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်များသည် ယခင် အပိုင်း (၁) မုဒိမ်းမှု အပိုင်း တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များ နှင့် အခြေခံအားဖြင့် တူညီပါသည်။

လျော်ကြေးတောင်းခံမှုအတွက် ပြစ်မှုဆိုင်ရာအမှုများတွင် ထိခိုက်နစ်နာသူအား လျော်ကြေး နစ်နာကြေး ပေးအပ်ရေးနှင့် မှားယွင်းစွပ်စွဲခံရသူအား လျော်ကြေးနှင့် ကုန်ကျစရိတ် ပေးအပ်ရေး အက်ဥပဒေ (ခရစ်နှစ် ၂၀၀၁) (ထိုင်းသက္ကရာဇ် ၂၅၄၄) အရ ထိခိုက်နစ်နာသူ အမျိုးသမီးများသည် ဆေးကုသမှုကုန်ကျစရိတ်၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး ကုန်ကျစရိတ်နှင့် ဆုံးရှုံးသွားသော ပစ္စည်းဥစ္စာများအတွက် လျော်ကြေးငွေများကို တောင်းခံနိုင်ပါသည်။ ၂၀၂၅ ခုနှစ် ဥပဒေပြင်ဆင်ချက် များတွင် ထိပါးနှောင့်ယှက်မှုနှင့် အနိုင်ကျင့်စော်ကားမှုများကို ပြင်းထန်သော ပြစ်မှုများအဖြစ် သတ်မှတ်ထားသဖြင့် ယခင်က အရေးမကြီးသည့် အမှုများအဖြစ် သတ်မှတ်ခံရသည့် အမှုများ အတွက်ပါ ထိခိုက်နစ်နာသူများအတွက် လျော်ကြေးငွေပေးအပ်ရေး ရန်ပုံငွေမှ နစ်နာသူများအား ပိုမိုအဆင်ပြေ ချောမွေ့စွာ ထောက်ပံ့ကူညီလာနိုင်ပြီဖြစ်သည်။

ထို့အပြင် ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေ ပုဒ်မ ၄၄/၁ အရ တရားရုံးထံသို့ တိုက်ရိုက် လျော်ကြေးပေးရန်အမိန့် ချမှတ်စေရန် တောင်းဆိုနိုင်ပါသည်။ ၎င်းပုဒ်မအား ယခုပြင်ဆင် သတ်မှတ် ထားသော ထိပါးနှောင့်ယှက်မှုဆိုင်ရာ ပြစ်မှုများအတွက် ပိုမို အသုံးချနိုင်လာပါသည်။

**အများပြည်သူပိုင်နေရာများတွင် ဖြစ်ပွားသော ထိပါးနှောင့်ယှက်မှု**

**အဆင့် (၁): ယုံကြည်ရသော သူငယ်ချင်း သို့မဟုတ် ထောက်ပံ့ပေးသူနှင့်အတူ အန္တရာယ်ရှိနိုင်ခြေကို သုံးသပ်ပြီး လုံခြုံရေးကို ဦးစားပေးခြင်း**

ကျူးလွန်ခံရသူသည် ဖြစ်ပွားခဲ့သည့် အခြေအနေကို ယုံကြည်စိတ်ချရသော မိတ်ဆွေတဦးနှင့် မျှဝေပြောဆိုနိုင်သည်။ အထူးသဖြင့် လူတဦးထံမှ ထပ်ခါထပ်ခါ ထိပါးနှောင့်ယှက်ခံရခြင်း သို့မဟုတ် နောက်ယောင်ခံစောင့်ကြည့်ခံရခြင်း ဖြစ်ပါက ကျူးလွန်ခံရသူမှ ၎င်း၏ စိုးရိမ်မှုများကို ထည့်သွင်းပြောဆိုရန် လိုအပ်ပါသည်။

ဖြစ်နိုင်ပါက တဦးတည်း မရှိနေပါစေနှင့်။ ကျူးလွန်ခံရသူ၏အခြေအနေကို ယုံကြည်ရသော အမျိုးသားမိတ်ဆွေများ နှင့် မျှဝေပြောဆိုပါက တခြားသူများမှလည်း လိုအပ်သည့်အခါ ၎င်းအား လိုက်ပါကူညီနိုင်မည် ဖြစ်သည်။

ကျူးလွန်ခံရသူသည် အများပြည်သူပိုင်နေရာတွင် ထိပါးနှောင့်ယှက်ခြင်း ခံရပြီး သက်သေများ သို့မဟုတ် CCTV ရှိပါက၊ ထိုအမှုကို ချက်ချင်း တိုင်ကြားနိုင်ပါသည်။ ထိုအခါ အဆင့် (၃) ကို ဆက်လက်လုပ်ဆောင်ပါ။

အများပြည်သူပိုင်နေရာတွင် ထိပါးနှောင့်ယှက်ခြင်း ခံရသော်လည်း သက်သေများ မရှိပါက အဆင့် (၂) ကို ဆက်လက်လုပ်ဆောင်ပါ။

လူတယောက်တည်းထံမှ ထပ်ခါထပ်ခါ ထိပါးနှောင့်ယှက်ခံရခြင်း သို့မဟုတ် လိုက်လံခြေရာခံစောင့်ကြည့်ခံရခြင်း ကြုံရပါက အဆင့် (၃) ကို ဆက်လက်လုပ်ဆောင်ပါ။

**အဆင့် (၂) — မှတ်တမ်းတင်ခြင်းနှင့် လုံခြုံရေးကို ထိန်းသိမ်းခြင်း**

ထိပါးနှောင့်ယှက်မှုသည် အများအားဖြင့် တကြိမ်တည်းဖြစ်ပွားခြင်း မဟုတ်ဘဲ ထပ်ခါထပ်ခါ ဖြစ်ပွားလာတတ်ပြီး အကြိမ်ရေအားဖြင့်လည်းကောင်း၊ ပြင်းထန်မှုအဆင့်အားဖြင့်လည်းကောင်း တဖြည်းဖြည်း မြင့်တက်လာနိုင်ပါသည်။ ထို့ကြောင့် ထိပါးနှောင့်ယှက်မှု ဖြစ်ပွားသည့် အကြိမ်တိုင်းကို မှတ်တမ်းတင်ထားခြင်းသည် အခြေအနေ ပြောင်းလဲလာမှုကို စောင့်ကြည့်သုံးသပ်နိုင်ရန်နှင့် နောက်တဆင့်တွင် အမှုတိုင်ကြားရာ၌ အသုံးပြုနိုင်ရန် အရေးကြီးပါသည်။

မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းနိုင်ရန် မှတ်စုစာအုပ်တအုပ်ကို သီးသန့် ထားရှိ၍ ထိပါးနှောင့်ယှက်မှုနှင့် သက်ဆိုင်သော အချက်အလက်များကို တနေရာတည်းတွင် မှတ်တမ်းတင်ထားပါ။ အွန်လိုင်းမှ ဖြစ်ပွားသော အထောက်အထားများကိုလည်း အွန်လိုင်းဖိုင်ဖိုလ်ဒါတခုအတွင်း စုစည်းသိမ်းဆည်းထားရန် သို့မဟုတ် ဝင်ရောက်ကြည့်ရှုနိုင်သည့် နည်းလမ်းကို မှတ်သားထားရန် လိုအပ်ပါသည်။

(တိုင်ကြားမှု ပုံစံအတွက် နောက်ဆက်တွဲ ၃ – တိုင်ကြားမှု ဖောင်ပုံစံ ကို ကိုးကားနိုင်ပါသည်။)

**မှတ်တမ်းတင်ခြင်း**

ထိပါးနှောင့်ယှက်မှု ဖြစ်ပွားသည့် အကြိမ်တိုင်းကို အသေးစိတ် မှတ်တမ်းတင်ထားပါ။

ပါဝင်သင့်သော အချက်အလက်များမှာ — ဖြစ်ပွားသည့် ရက်စွဲ၊ အချိန်နှင့် နေရာ၊ ကျူးလွန်သူ၏ အမည် (သိရှိပါက) သို့မဟုတ် သွင်ပြင်လက္ခဏာဖော်ပြချက်၊ ထိပါးနှောင့်ယှက်ပုံ အသေးစိတ် ဖော်ပြချက် (မည်သို့ပြောဆိုသည်၊ မည်သို့ပြုလုပ်သည် စသည်)၊ ဖြစ်နိုင်သည့် သက်သေများ၏ အမည်စာရင်း၊ ဖြစ်ပွားမှု၏ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုများ (ရှိပါက)၊ CCTV မှတ်တမ်းများ (ရယူနိုင်ပါက)

**လုံခြုံစွာ ထိန်းသိမ်းခြင်း**

ထိပါးနှောင့်ယှက်သူသည် အာဏာရှိသူ သို့မဟုတ် သြဇာကြီးသူ ဖြစ်ပါက အထူးသဖြင့် ယုံကြည်စိတ်ချရသော မိတ်ဆွေများနှင့်သာ ဆွေးနွေးပြောဆိုသင့်သည်။

CCTV မှတ်တမ်းကဲ့သို့ အခြားသူများထံမှ အချက်အလက် ရယူရန် လိုအပ်ပါက ကျူးလွန်ခံရသူကိုယ်တိုင် မလုပ်ဘဲ ယုံကြည်ရသော မိတ်ဆွေ သို့မဟုတ် ထောက်ပံ့ကူညီသူမှ ကူညီပေးသင့်ပါသည်။

ကျူးလွန်ခံရသူသည် အနီးအနားတွင် လူအများရှိသော နေရာများတွင် နေရန် ကြိုးစားပြီး တဦးတည်း သီးခြားနေရာများတွင် မနေသင့်ပါ။ တဦးတည်း သွားလာရမည့် အခြေအနေ (ဈေးဝယ်ထွက်ခြင်း၊ ကလေးကျောင်းကြိုခြင်း) တွင် ယုံကြည်ရသောသူတဦးအား မည်သည့်နေရာသို့ သွားမည်၊ မည်သည့်အချိန်တွင် ပြန်လာမည်ကို ကြိုတင် အသိပေးထားနိုင်ပါသည်။

ကျူးလွန်သူမသိနိုင်စေရန် နေ့စဉ် လမ်းကြောင်း၊ အချိန်ဇယားများကို ဖြစ်နိုင်သမျှ မတူညီအောင် ပြောင်းလဲထားပါ။

ဖုန်းကို အမြဲ ကိုယ်နှင့်အတူ ထားသင့်ပြီး နှောင့်ယှက်ခံနေရသည့် သို့မဟုတ် စိုးရိမ်နေရသည့် အခြေအနေတွင်ရှိပါက ယုံကြည်ရသော မိတ်ဆွေ သို့မဟုတ် ထောက်ပံ့ကူညီသူထံ ချက်ချင်း ဖုန်း ခေါ်နိုင်ရန် ပြင်ဆင်ထားသင့်သည်။

အသံကျယ်သော ကိရိယာ (ဥပမာ—ခရာ) တခုကို ဆောင်ထားနိုင်ပြီး အန္တရာယ်ရှိလာပါက အသုံးပြုနိုင်ပါသည်။ အသံကျယ်ခြင်းသည် အခြားသူများ၏ အာရုံစိုက်မှုကို ဆွဲဆောင်နိုင်ပြီး ထိပါး နှောင့်ယှက်မှုကို တားဆီးနိုင်ပါသည်။ ထွက်ပြေးနိုင်သည့် လမ်းကြောင်းကိုလည်း ကြိုတင် စဉ်းစား ထားပါ။

ကျူးလွန်သူသည် လမ်းပေါ်တွင် လိုက်လံခြေရာခံစောင့်ကြည့်ခြင်း/ နောက်ယောင်ခံလိုက်ခြင်း ပြုလုပ်ပါက ဆိုင်တဆိုင်အတွင်း ဝင်ရောက်နိုင်ပါသည်။ ဆိုင်အတွင်းတွင် လုံခြုံသည်ဟုယူဆရ သည်အထိ နေနိုင်ပြီး လိုအပ်ပါက ဆိုင်ရှင်အား မိမိသည် တစုံတယောက်က နောက်ယောင်ခံ လိုက်နေ၍ ကြောက်ရွံ့နေရသည့် အခြေအနေတွင်ရှိနေကြောင်း ပြောနိုင်ပါသည်။

**သင်၏မှတ်စုများအရ ထိပါးနှောင့်ယှက်မှုသည် ပိုမို မကြာခဏ ဖြစ်လာခြင်း သို့မဟုတ် ပိုမို ပြင်းထန်လာခြင်းကို တွေ့ရှိပါက အဆင့် (၃) ကို ချက်ချင်း ဆက်လက်လုပ်ဆောင်ရမည် ဖြစ် ပါသည်။**

### အဆင့် (၃) — အမှုကို သက်ဆိုင်ရာတွင် တိုင်ကြားခြင်း

ထိပါးနှောင့်ယှက်မှုသည် မရပ်တန့်သွားဘဲ ဆက်လက်ဖြစ်ပွားနေခြင်း၊ သို့မဟုတ် ဖြစ်ပွားမှုအကြိမ် ရေ ပိုမိုများလာခြင်း၊ ပြင်းထန်မှုအဆင့် ပိုမိုမြင့်တက်လာခြင်းများ ဖြစ်ပေါ်နေပါက အာဏာရှိ သူများက တာဝန်ယူဖြေရှင်းနိုင်ရန် တိုင်ကြားခြင်းကို ပြုလုပ်သင့်ပါသည်။

ထိပါးနှောင့်ယှက်မှု ဖြစ်ပွားခဲ့သည့် ဒေသအတွင်း အာဏာရှိသူများကို ခွဲခြားသတ်မှတ်ပါ။ ၎င်း တို့မှာ အားကိုးရသော အမျိုးသမီးခေါင်းဆောင်၊ ရွာသူကြီး၊ ဆရာ/ဆရာမ သို့မဟုတ် ရဲဌာန ဖြစ် နိုင်ပါသည်။

ကျူးလွန်သူကို သိရှိပါက (ဂျန်ဒါအရေးကို နားလည်ပြီး တရားမျှတသူဟု ယုံကြည်ရပါက) ရွာသူကြီးထံသို့ ပြောကြားနိုင်ပြီး၊ ၎င်းက ကျူးလွန်သူနှင့် ဆွေးနွေးပြောဆိုခြင်း သို့မဟုတ် ရဲဌာန ထံသို့ တိုင်ကြား နိုင်ပါသည်။

အများပြည်သူပိုင်နေရာတွင် ဖြစ်ပွားခဲ့ပါက အမျိုးသမီးအဖွဲ့အစည်းများ သို့မဟုတ် ရွှေ့ပြောင်း အလုပ်သမား အဖွဲ့အစည်းများ၏ အကူအညီဖြင့် ရဲဌာနထံသို့ တိုင်ကြားနိုင်ပါသည်။ အရေးပေါ် ဖုန်းနံပါတ် 191 သို့ ဖုန်းခေါ်ဆိုနိုင်သလို ဖြစ်ပွားခဲ့သည့် ဒေသအတွင်းရှိ ရဲစခန်းသို့ သွားရောက် ကာ အမှုဖွင့်နိုင်ပါသည်။

ရဲစခန်းသို့ သွားရာတွင် ထိုင်းလူမျိုးအသိမိတ်ဆွေနှင့် ထိုင်းဘာသာပြန်ပေးနိုင်သူ တဦးနှင့်အတူ သွားရောက်ရန် အကြံပြုပါသည်။ ပြစ်မှုဆိုင်ရာ ဥပဒေ ပြင်ဆင်ချက် အမှတ် (၃၀) တွင် ထိပါး နှောင့်ယှက်မှု ပုံစံအမျိုးမျိုးကို ထည့်သွင်းထားပြီးဖြစ်သဖြင့် ရဲတပ်ဖွဲ့အနေဖြင့် အမှုမှတ်တမ်း ပြုလုပ်ပေးရပါမည်။

**အဆင့် (၄) — တရားမျှတမှု ရရှိရေး**

ဥပဒေ ပြင်ဆင်ချက်များအရ ပြစ်မှုဆိုင်ရာ ဥပဒေ ပြင်ဆင်ချက် အမှတ် (၃၀) တွင် နောက်ယောင်ခံ စောင့်ကြည့်ခြင်း နှင့် အွန်လိုင်းမှ ထိပါးနှောင့်ယှက်မှုများကို ပြစ်မှုအဖြစ် အသိအမှတ်ပြု ထားပြီး ဖြစ်သော်လည်း လက်တွေ့တွင် ရဲဘက်မှ အမှုကို အလေးအနက်ထား လက်ခံဆောင်ရွက်ရန် အခက်အခဲများ ရှိနေဆဲ ဖြစ်နိုင်ပါသည်။ တရားရေးစနစ်အတွင်း အမှုတိုးတက်မှုရှိစေရန် ကျူးလွန် ခံရသူအား ထောက်ပံ့ကူညီနေသော အဖွဲ့အစည်းတွင် ဥပဒေရေးရာ အကြံပေးရှေ့နေတဦး ရှိခြင်း သို့မဟုတ် အနည်းဆုံးအနေဖြင့် ဥပဒေရေးရာ အကြံဉာဏ် ရယူထားခြင်းသည် အထောက်အကူ ဖြစ်နိုင်ပါသည်။

ယေဘုယျအားဖြင့် အမှုကို တရားရုံး ဆုံးဖြတ်ချက်ချသည်အထိ ဆက်လက်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်များသည် ယခင် အပိုင်း (၁) မုဒိမ်းမှု အပိုင်း တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များ နှင့် အခြေခံအားဖြင့် တူညီပါသည်။

လျော်ကြေးတောင်းခံမှုအတွက် ပြစ်မှုဆိုင်ရာအမှုများတွင် ထိခိုက်နစ်နာသူအား လျော်ကြေး နစ်နာကြေး ပေးအပ်ရေးနှင့် မှားယွင်းစွပ်စွဲခံရသူအား လျော်ကြေးနှင့် ကုန်ကျစရိတ် ပေးအပ်ရေး အက်ဥပဒေ (ခရစ်နှစ် ၂၀၀၁) (ထိုင်းသက္ကရာဇ် ၂၅၄၄) အရ ထိခိုက်နစ်နာသူ အမျိုးသမီးများသည် ဆေးကုသမှုကုန်ကျစရိတ်၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး ကုန်ကျစရိတ်နှင့် ဆုံးရှုံးသွားသော ပစ္စည်းဥစ္စာများအတွက် လျော်ကြေးငွေများကို တောင်းခံနိုင်ပါသည်။ ၂၀၂၅ ခုနှစ် ဥပဒေပြင်ဆင်ချက် များတွင် ထိပါးနှောင့်ယှက်မှုနှင့် အနိုင်ကျင့်စော်ကားမှုများကို ပြင်းထန်သော ပြစ်မှုများအဖြစ် သတ်မှတ်ထားသဖြင့် ယခင်က အရေးမကြီးသည့် အမှုများအဖြစ် သတ်မှတ်ခံရသည့် အမှုများ အတွက်ပါ ထိခိုက်နစ်နာသူများအတွက် လျော်ကြေးငွေပေးအပ်ရေး ရန်ပုံငွေမှ နစ်နာသူများအား ပိုမိုအဆင်ပြေ ချောမွေ့စွာ ထောက်ပံ့ကူညီလာနိုင်ပြီဖြစ်သည်။

ထို့အပြင် ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေ ပုဒ်မ ၄၄/၁ အရ တရားရုံးထံသို့ တိုက်ရိုက် လျော်ကြေးပေးရန်အမိန့် ချမှတ်စေရန် တောင်းဆိုနိုင်ပါသည်။ ၎င်းပုဒ်မအား ယခုပြင်ဆင် သတ်မှတ် ထားသော ထိပါးနှောင့်ယှက်မှုဆိုင်ရာ ပြစ်မှုများအတွက် ပိုမို အသုံးချနိုင်လာပါသည်။

## အွန်လိုင်းမှတဆင့် ထိပါးနှောင့်ယှက်မှု

### အဆင့် (၁): အန္တရာယ်ရှိနိုင်ခြေကို သုံးသပ်ပြီး လုံခြုံရေးကို ဦးစားပေးခြင်း

ကျူးလွန်ခံရသူသည် အွန်လိုင်းမှ ထိပါးနှောင့်ယှက်မှု ကြုံတွေ့ရပါက စိတ်ပိုင်းဆိုင်ရာ အားပေးမှု ရရှိရန် ယုံကြည်ရသော မိတ်ဆွေတဦးနှင့် မျှဝေပြောဆိုနိုင်သည်။ ထို့အပြင် နည်းပညာအကြောင်း သိရှိနားလည်သူတဦးဦးအား အကူအညီတောင်းကာ ဖုန်း သို့မဟုတ် အွန်လိုင်းအကောင့်များကို လုံခြုံအောင် ထိန်းသိမ်းနိုင်ရေးအတွက် အကြံဉာဏ် ရယူနိုင်ပါသည်။

ကျူးလွန်ခံရသူသည် အွန်လိုင်းတွင် မလိုလားအပ်သော စာတိုများ၊ ဓာတ်ပုံများ သို့မဟုတ် ဗီဒီယိုများကို လက်ခံရရှိပါက ကျူးလွန်ခံရသူမှ ထိုအွန်လိုင်းမှတဆင့် ထိပါးနှောင့်ယှက်သူအား ပြန်လည် တုံ့ပြန်ခြင်း သို့မဟုတ် ဆက်သွယ်ခြင်း မပြုလုပ်ပါစေနှင့်။

မဖြစ်မနေ ပြန်လည်တုံ့ပြန်ရမည့် အခြေအနေဖြစ်ပါက၊ ထိုသူနှင့် ထပ်မံ ဆက်သွယ်လိုခြင်း မရှိကြောင်းကို ရှင်းလင်းစွာ ပြောကြားစေပါ။

### အဆင့် (၂) — မှတ်တမ်းတင်ခြင်းနှင့် လုံခြုံရေးကို ထိန်းသိမ်းခြင်း

ထိပါးနှောင့်ယှက်မှုသည် အများအားဖြင့် တကြိမ်တည်းဖြစ်ပွားခြင်း မဟုတ်ဘဲ ထပ်ခါထပ်ခါ ဖြစ်ပွားလာတတ်ပြီး အကြိမ်ရေအားဖြင့်လည်းကောင်း၊ ပြင်းထန်မှုအဆင့်အားဖြင့်လည်းကောင်း တဖြည်းဖြည်း မြင့်တက်လာနိုင်ပါသည်။ ထို့ကြောင့် ထိပါးနှောင့်ယှက်မှု ဖြစ်ပွားသည့် အကြိမ်တိုင်းကို မှတ်တမ်းတင်ထားခြင်းသည် အခြေအနေ ပြောင်းလဲလာမှုကို စောင့်ကြည့်သုံးသပ်နိုင်ရန်နှင့် နောက်တဆင့်တွင် အမှုတိုင်ကြားရာ၌ အသုံးပြုနိုင်ရန် အရေးကြီးပါသည်။

(တိုင်ကြားမှု ပုံစံအတွက် နောက်ဆက်တွဲ ၃ – တိုင်ကြားမှု ဖောင်ပုံစံ ကို ကိုးကားနိုင်ပါသည်။)

### မှတ်တမ်းတင်ခြင်း

စာတိုများ၊ အီးမေးလ်များ၊ လူမှုကွန်ရက်ပေါ်မှ ပိုစ့်များ၏ စခရင်ရှော့ပုံများ၊ အသံမက်ဆေ့ချ်များ အားလုံးကို သိမ်းဆည်းထားပါ။ အကောင့်အမည်၊ အကောင့်လင့်ခ်၊ မှတ်ပုံတင်အချက်အလက်များ ကဲ့သို့ ရနိုင်သမျှ အချက်အလက်များကို စုစည်းထားပါ။ အပြန်အလှန် စာအဆက်အသွယ်များ၊ ဓာတ်ပုံများ၊ ဗီဒီယိုများကို သိမ်းဆည်းထားပါ။ ထိုအကြောင်းအရာအားလုံးကို ယုံကြည်ရသောသူတဦးအား မျှဝေ ပြောပြထားပါ။

လုံခြုံစွာ ထိန်းသိမ်းခြင်း

၁. ကျူးလွန်ခံရသူအနေဖြင့် မိမိအား ထိပါးနှောင့်ယှက်သူ၊ အတင်းအကြပ် ဖိအားပေးခြိမ်းခြောက်သူ၊ အမြတ်ထုတ်ရန် ကြိုးစားသူကို ဖုန်း၊ အီးမေးလ်နှင့် လူမှုကွန်ရက်အကောင့်များအားလုံးတွင် ဘလော့လုပ်ပါ။
၂. သက်သေအဖြစ် အသုံးပြုနိုင်သော အကောင့်များ၊ မက်ဆေ့ချ်များနှင့် အသုံးဝင်နိုင်မည့် အချက်အလက်များကို မဖျက်ပစ်ပါနှင့်။
၃. သက်ဆိုင်ရာ အွန်လိုင်းပလက်ဖောင်းတွင် ထိပါးနှောင့်ယှက်သူအား တိုင်ကြားပါ (အသေးစိတ်ကို နောက်ဆက်တွဲ ၃ တွင် ကြည့်ပါ)။
၄. လူမှုကွန်ရက်နှင့် အက်ပလီကေးရှင်းများ၏ ကိုယ်ရေးကိုယ်တာ လုံခြုံရေး ဆက်တင်များကို ပြန်လည် စစ်ဆေးပြီး လုံခြုံရေးကို မြှင့်တင်ပါ။
၅. အကောင့်အားလုံးတွင် ခိုင်မာသောစကားဝှက်များ အသုံးပြုပါ။ ထိပါးနှောင့်ယှက်သူသည် ကျူးလွန်ခံရသူ၏စကားဝှက်ကို သိထားသည်ဆိုပါက ချက်ချင်း ပြောင်းလဲနိုင်ရန် ကူညီပေးပါ။
၆. မလိုလားအပ်သော ဖုန်းခေါ်ဆိုမှုများ လက်ခံရရှိလျှင် မသိသော နံပါတ်ဖြစ်ပါက ကျူးလွန်ခံရသူအား ဖုန်းလုံးဝမကိုင်ပါစေနှင့်။ ဖုန်းကိုင်မိခဲ့ပြီး ဖုန်းခေါ်ဆိုသူကို မသိရှိပါက ကျူးလွန်ခံရသူအား ကိုယ်ရေးကိုယ်တာ သို့မဟုတ် မိသားစုဆိုင်ရာ အချက်အလက်များကို မည်သည့်အခြေအနေတွင်မျှ မဖြေကြားစေရန် အကြံပေးပါ။

**သင်၏မှတ်စုများအရ ထိပါးနှောင့်ယှက်မှုသည် ပိုမို မကြာခဏ ဖြစ်လာခြင်း သို့မဟုတ် ပိုမို ပြင်းထန်လာခြင်းကို တွေ့ရှိပါက အဆင့် (၃) ကို ချက်ချင်း ဆက်လက်လုပ်ဆောင်ရမည် ဖြစ်ပါသည်။**

**အဆင့် (၃) — အမှုကို သက်ဆိုင်ရာတွင် တိုင်ကြားခြင်း**

ယခုအခါ ထိုင်းနိုင်ငံတွင် သဘောတူညီမှုမရှိဘဲ ဖြန့်ဝေထားသော လိင်ပိုင်းဆိုင်ရာပုံများ သို့မဟုတ် အွန်လိုင်းလိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုများကို တိုင်ကြားနိုင်သည့် အွန်လိုင်းစနစ် (၂) ခု ရှိပါသည်။ သို့သော် ၂၀၂၆ ခုနှစ် ဇွန်လအထိ ဝက်ဘ်ဆိုက်များမှာ ထိုင်းဘာသာဖြင့်သာ ရရှိနိုင်ပြီး ထိုင်းနိုင်ငံသား မှတ်ပုံတင်ကတ်လိုအပ်ပုံရပါသည်။ အနာဂတ်တွင် ယင်းအခြေအနေများ ပြောင်းလဲနိုင်ပါသည်။

ထိုအွန်လိုင်းစနစ် (၂) ခုမှာ—

(၁) **“Take It Down” စနစ်–** ဤစနစ်သည် အသက် (၁၈) နှစ်အောက် ကလေးများ၏ အွန်လိုင်းတွင် ဖြန့်ဝေထားသော လိင်ပိုင်းဆိုင်ရာပုံများကို တိုင်ကြားပြီးနောက် (၁၅) ရက်အတွင်း ဖယ်ရှားပေးရန် ရည်ရွယ်ထားပါသည်။ ဤစနစ်တွင် ပါဝင်ဆောင်ရွက်သော ကုမ္ပဏီများတွင် Facebook (Meta) နှင့် TikTok တို့ ပါဝင်ပါသည်။

**(၂) တရားရေးဝန်ကြီးဌာန၏ Court Integral Online Service (CIOS)** ထိခိုက်နစ်နာသူသည် ရဲတပ်ဖွဲ့၏စုံစမ်းစစ်ဆေးမှုမှတ်တမ်းမလိုအပ်ဘဲ တရားရုံးသို့တိုက်ရိုက် လျှောက်ထားကာ အဆိုပါအကြောင်းအရာများကို ဖယ်ရှားပေးရန် တောင်းဆိုနိုင်ပါသည်။

ထောက်ပံ့ကူညီပေးသူများသည် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ဤစနစ်များကို အသုံးပြုနိုင်ခြင်း ရှိ/မရှိကို ရှေ့နေများ သို့မဟုတ် NGO များနှင့် တိုင်ပင်စစ်ဆေးနိုင်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ထိုစနစ်ကိုအသုံးမပြုနိုင်ပါက ထောက်ပံ့ပေးသည့်အဖွဲ့အစည်းက Facebook၊ TikTok စသည့် လူမှုကွန်ရက်ပလက်ဖောင်းများနှင့် တိုက်ရိုက်ဆက်သွယ်၍ အကြောင်းအရာများကို ဖယ်ရှားပေးရန် တောင်းဆိုနိုင်ပါသည်။ အလွဲသုံးစားပြုမှု ဖြစ်ပွားနေသော ပလက်ဖောင်းတွင်လည်း Facebook၊ Instagram သို့မဟုတ် LINE ကဲ့သို့သော လူမှုကွန်ရက်များ၏ Report (တိုင်ကြားရန်) လုပ်ဆောင်ချက်ကို အသုံးပြု၍ တိုင်ကြားသင့်ပါသည်။ လူမှုကွန်ရက် ပလက်ဖောင်းများသို့ မည်သို့တိုင်ကြားရမည်ကို နောက်ဆက်တွဲ ၃ တွင် ကြည့်ရှုနိုင်ပါသည်။

ဥပဒေပြင်ဆင်ချက်များအရ ရာဇဝတ်မှု ဥပဒေ ပြင်ဆင်ချက် အမှတ် (၃၀) တွင် နောက်ယောင်ခံလိုက်ခြင်းနှင့် အွန်လိုင်းတွင်ထိပါးနှောင့်ယှက်ခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသော်လည်း ရဲတပ်ဖွဲ့က အမှုကို အလေးအနက်ထား ဆောင်ရွက်ရန်အတွက် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အမှုကို ဥပဒေလုပ်ငန်းစဉ်အတိုင်း ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကျူးလွန်ခံရသူကို ကူညီပေးနေသော အဖွဲ့အစည်းအနေဖြင့် ရှေ့နေတစ်ဦး ပါဝင်ကူညီပေးရန် သို့မဟုတ် အနည်းဆုံး ဥပဒေအကြံဉာဏ် ရယူထားရန် အကြံပြုပါသည်။

ယေဘုယျအားဖြင့် အမှုကို တရားရုံးဆုံးဖြတ်ချက်ရရှိသည်အထိ ဆောင်ရွက်သည့် အဆင့်များမှာ အပိုင်း (၁) မှဒိန်းမှု တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များနှင့် အတူတူဖြစ်ပါသည်။

စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု ပြင်းထန်ပါက ထိုင်းဘာသာဖြင့် ၁၃၂၃ သို့မဟုတ် ၁၃၀၀ ကို ဆက်သွယ်နိုင်ပြီး၊ မြန်မာဘာသာဖြင့် ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်မှာ XX ဖြစ်ပါသည်။ ဆိုက်ဘာမှုခင်းနှင့် သက်ဆိုင်သော အကူအညီများနှင့်ပတ်သက်သည့် အချက်အလက်များကို နောက်ဆက်တွဲ ၃ တွင် ဖော်ပြထားပါသည်။

လျော်ကြေးငွေနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာအမှုများတွင် ထိခိုက်နစ်နာသူအား လျော်ကြေးနစ်နာကြေး ပေးအပ်ရေးနှင့် မှားယွင်းစွပ်စွဲခံရသူအား လျော်ကြေးနှင့် ကုန်ကျစရိတ် ပေးအပ်ရေး အက်ဥပဒေ (ခရစ်နှစ် ၂၀၀၁) (ထိုင်းသက္ကရာဇ် ၂၅၄၄) အရ အကြမ်းဖက်ခံရသော အမျိုးသမီးများသည် ဆေးကုသမှု ကုန်ကျစရိတ်၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး ကုန်ကျစရိတ်များ၊ အလုပ်မလုပ် နိုင်သဖြင့် ဆုံးရှုံးသွားသော ဝင်ငွေများအတွက် လျော်ကြေးတောင်းခံနိုင်ပါသည်။ ၂၀၂၅ ခုနှစ် ဥပဒေပြင်ဆင်ချက်များအရ ထိပါးနှောင့်ယှက်ခြင်းနှင့် အနိုင်ကျင့်ခြင်းတို့ကို ပိုမိုပြင်းထန်သော ရာဇဝတ်မှုများအဖြစ် သတ်မှတ်ထားသဖြင့် ယခင်က အသေးအဖွဲအမှုများဟု သတ်မှတ်ခံရသည့် အမှုများအတွက်လည်း ကျူးလွန်ခံရသူအတွက် လျော်ကြေးငွေပေးအပ်ရေး ရန်ပုံငွေမှ ပိုမိုထိရောက်စွာ ထောက်ပံ့ပေးနိုင်လာပါသည်။

ထို့အပြင် ကျူးလွန်ခံရသူများသည် ရာဇဝတ်မှု ဥပဒေပုဒ်မ ၄၄/၁ အရ ပြစ်မှုကျူးလွန်သူအား လျော်ကြေးပေးဆောင်ရန် တရားရုံးမှ အမိန့်ချမှတ်ပေးရန် တောင်းဆိုနိုင်ပြီး၊ ယခုအသစ် ပြင်ဆင်သတ်မှတ်ထားသော ထိပါးနှောင့်ယှက်မှုဆိုင်ရာ ရာဇဝတ်မှုများတွင်လည်း ယင်းပုဒ်မကို ပိုမိုအသုံးချလာနိုင်မည်ဖြစ်သည်။

### အဆင့် (၅) — တရားမျှတမှု ရရှိရေး

ဥပဒေ ပြင်ဆင်ချက်များအရ ပြစ်မှုဆိုင်ရာ ဥပဒေ ပြင်ဆင်ချက် အမှတ် (၃၀) တွင် နောက်ယောင်ခံ စောင့်ကြည့်ခြင်း နှင့် အွန်လိုင်းမှ ထိပါးနှောင့်ယှက်မှုများကို ပြစ်မှုအဖြစ် အသိအမှတ်ပြု ထားပြီး ဖြစ်သော်လည်း လက်တွေ့တွင် ရဲဘက်မှ အမှုကို အလေးအနက်ထား လက်ခံဆောင်ရွက်ရန် အခက်အခဲများ ရှိနေဆဲ ဖြစ်နိုင်ပါသည်။ တရားရေးစနစ်အတွင်း အမှုတိုးတက်မှုရှိစေရန် ကျူးလွန်ခံရသူအား ထောက်ပံ့ကူညီနေသော အဖွဲ့အစည်းတွင် ဥပဒေရေးရာ အကြံပေးရှေ့နေတဦး ရှိခြင်း သို့မဟုတ် အနည်းဆုံးအနေဖြင့် ဥပဒေရေးရာ အကြံဉာဏ် ရယူထားခြင်းသည် အထောက်အကူ ဖြစ်နိုင်ပါသည်။

ယေဘုယျအားဖြင့် အမှုကို တရားရုံး ဆုံးဖြတ်ချက်ချသည်အထိ ဆက်လက်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်များသည် ယခင် အပိုင်း (၁) မှဒိမ်းမှု အပိုင်း တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များ နှင့် အခြေခံအားဖြင့် တူညီပါသည်။

လျော်ကြေးတောင်းခံမှုအတွက် ပြစ်မှုဆိုင်ရာအမှုများတွင် ထိခိုက်နစ်နာသူအား လျော်ကြေး နစ်နာကြေး ပေးအပ်ရေးနှင့် မှားယွင်းစွပ်စွဲခံရသူအား လျော်ကြေးနှင့် ကုန်ကျစရိတ် ပေးအပ်ရေး အက်ဥပဒေ (ခရစ်နှစ် ၂၀၀၁) (ထိုင်းသက္ကရာဇ် ၂၅၄၄) အရ ထိခိုက်နစ်နာသူ အမျိုးသမီးများသည် ဆေးကုသမှုကုန်ကျစရိတ်၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး ကုန်ကျစရိတ်နှင့် ဆုံးရှုံးသွားသော ပစ္စည်းဥစ္စာများအတွက် လျော်ကြေးငွေများကို တောင်းခံနိုင်ပါသည်။ ၂၀၂၅ ခုနှစ် ဥပဒေပြင်ဆင်ချက် များတွင် ထိပါးနှောင့်ယှက်မှုနှင့် အနိုင်ကျင့်စော်ကားမှုများကို ပြင်းထန်သော ပြစ်မှုများအဖြစ် သတ်မှတ်ထားသဖြင့် ယခင်က အရေးမကြီးသည့် အမှုများအဖြစ် သတ်မှတ်ခံရသည့် အမှုများ အတွက်ပါ ထိခိုက်နစ်နာသူများအတွက် လျော်ကြေးငွေပေးအပ်ရေး ရန်ပုံငွေမှ နစ်နာသူများအား ပိုမိုအဆင်ပြေ ချောမွေ့စွာ ထောက်ပံ့ကူညီလာနိုင်ပြီဖြစ်သည်။

ထို့အပြင် ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေ ပုဒ်မ ၄၄/၁ အရ တရားရုံးထံသို့ တိုက်ရိုက် လျော်ကြေးပေးရန်အမိန့် ချမှတ်စေရန် တောင်းဆိုနိုင်ပါသည်။ ၎င်းပုဒ်မအား ယခုပြင်ဆင် သတ်မှတ် ထားသော ထိပါးနှောင့်ယှက်မှုဆိုင်ရာ ပြစ်မှုများအတွက် ပိုမို အသုံးချနိုင်လာပါသည်။

## အပိုင်း (၃) အိမ်တွင်းအကြမ်းဖက်မှု (Domestic Violence)

အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ အရင်းနှီးဆုံးလက်တွဲဖော်အပေါ် အကြမ်းဖက်မှု Intimate Partner Violence (IPV) သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှု Domestic Abuse ဟုလည်း ခေါ်ကြသည်။

**"အဓိပ္ပါယ်ဖွင့်ဆိုချက်"**

အိမ်တွင်းအကြမ်းဖက်မှုသည် မိသားစုအတွင်း သို့မဟုတ် ယခင်ကလက်ထပ်ထားသူ၊ လက်တွဲဖော် များအကြား ဖြစ်ပွားသော အကြမ်းဖက်မှုကို ဆိုလိုသည်။ ၎င်းကို အရင်းနှီးဆုံး လက်တွဲဖော် သို့မဟုတ် မိသားစုဝင်တစ်ဦးအပေါ် အာဏာနှင့် ထိန်းချုပ်မှု ရယူရန် သို့မဟုတ် ဆက်လက် ထိန်းချုပ်ထားရန် ရည်ရွယ်ပြီး ထပ်ခါထပ်ခါ ပြုလုပ်သော အပြုအမူပုံစံတရပ် ဟု သတ်မှတ်နိုင်သည်။

အိမ်တွင်းအကြမ်းဖက်မှုတွင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာ သို့မဟုတ် စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုများ ပါဝင်နိုင်သည်။ ထိုအပြုအမူများတွင် ကျူးလွန်ခံရသူအား အကြောက်တရားဖြစ်စေခြင်း၊ ခြိမ်းခြောက်ခြင်း၊ ထိတ်လန့်တုန်လှုပ်စေခြင်း၊ လှည့်စားထိန်းချုပ်ခြင်း၊ နာကျင်စေခြင်း၊ အရှက်ရစေခြင်း၊ အပြစ်တင်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရစေခြင်းတို့ ပါဝင်သည်။

အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ရပ်များသည် အများအားဖြင့် တကြိမ်တည်းဖြစ်ပွားပြီး ရပ်တန့်သွားခြင်း မဟုတ်ဘဲ အကြိမ်ရေ ပိုမိုများပြားလာခြင်းနှင့် အကြမ်းဖက်မှု ပြင်းထန်လာခြင်းများ ဖြစ်လေ့ရှိသည်။ အကြမ်းဖက်မှုများ ပြင်းထန်သောအခါ ကိုယ်ခန္ဓာတွင် ပြင်းထန်သည့်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်း အထိ ဖြစ်စေနိုင်သည်။

အများအားဖြင့် အိမ်တွင်းအကြမ်းဖက်မှုကို အမျိုးသားများမှ အမျိုးသမီးများအပေါ် ကျူးလွန်ကြသော်လည်း အမျိုးသမီးများမှလည်း အမျိုးသားလက်တွဲဖော်များအပေါ် အကြမ်းဖက်သည့် အမှုများ ရှိနိုင်သည်။ ထို့အပြင် လိင်တူလက်တွဲဖော်ဆက်ဆံရေးများတွင်လည်း အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနိုင်သည်။ အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံရသူများတွင် ကလေးများ၊ အခြားမိသားစုဝင်များ သို့မဟုတ် အိမ်ထောင်စုအတွင်းရှိ အခြားမည်သူမဆို ပါဝင်နိုင်သည်။

**ဥပမာများ –**

- **ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု** သို့မဟုတ်၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်း

- **ထိန်းချုပ်မှုအပြုအမူများ** – မိတ်ဆွေများ လာလည်ခွင့် မပေးခြင်း၊ လက်တွဲဖော် သို့မဟုတ် ထိခိုက်ခံရသူကို အပြင်ထွက်ခွင့် မပေးခြင်း၊ ကိုယ်ပိုင်အသုံးစရိတ်ငွေ မပေးခြင်း၊ အလုပ်လုပ်ခွင့် မပေးခြင်းတို့ ပါဝင်သည်။ အကြမ်းဖက်မှု ပြုလုပ်ပြီးနောက် "ဒီတခါ နောက်ဆုံးပါ" ဟု ကတိပေးကာ တောင်းပန်ခြင်းလည်း ပါဝင်နိုင်သည်။

- **ကလေးများကို ခေါ်သွားမည်ဟု ခြိမ်းခြောက်ခြင်း**

- **လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှု** – လက်တွဲဖော်အား ၎င်း၏ ဆန္ဒမပါဘဲ လိင်ပိုင်းဆိုင်ရာ အပြုအမူများ ပြုလုပ်ရန် အတင်းအကျပ် ခိုင်းစေခြင်း၊ ထို့အပြင် ကလေးတဦးနှင့် လိင်ပိုင်းဆိုင်ရာ ဆက်သွယ်ထိတွေ့မှု မည်သည့်ပုံစံမဆို ပါဝင်သည်။

- **လျစ်လျူရှုမှု** – ဆေးကုသမှု ခံယူခွင့် မပေးခြင်း၊ အခြေခံလိုအပ်ချက်များ (အစားအစာ၊ အဝတ်အစား၊ နေရာထိုင်ခင်း စသည်တို့) ထောက်ပံ့မပေးခြင်း သို့မဟုတ် ချို့တဲ့စေခြင်း။

**အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ နားလည်ထားရန် အရေးကြီးသောအချက်များ**

အကြမ်းဖက်ခံနေရသော အမျိုးသမီးများသည် မိမိ၏ လက်တွဲဖော်နှင့် ဆက်လက်နေထိုင်ခြင်း သို့မဟုတ် ခွဲခွာပြီးနောက် ထပ်မံပြန်လည်သွားရောက်နေထိုင်ခြင်းများကို အကြိမ်များစွာ ပြုလုပ်တတ်ကြသည်။ ၎င်းအတွက် အကြောင်းရင်းများမှာ —

- အိမ်တွင်းအကြမ်းဖက်မှုသည် အကြမ်းဖက်ခြင်းတခုတည်းမဟုတ်ဘဲ ထိန်းချုပ်လိုစိတ်နှင့်လည်း ဆက်စပ်နေသည်။ အကြမ်းဖက်သူသည် လက်တွဲဖော်၏ ဘဝအချိန်တိုင်းကို ထိန်းချုပ်လိုသည့် ရည်ရွယ်ချက် ရှိတတ်သည်။
- ထပ်ခါထပ်ခါဖြစ်ပွားသော အကြမ်းဖက်မှုကြောင့် ကျူးလွန်ခံရသူသည် မိမိကိုယ်ကို အကူအညီမဲ့နေသလို၊ တန်ဖိုးမရှိသလို၊ အာဏာမရှိသလို ခံစားလာရပြီး ကိုယ်တိုင် သီးခြားရပ်တည်၍ မနေနိုင်ဟု ယုံကြည်လာစေသည်။
- သူမသည် မိမိ၏ လက်တွဲဖော်က မိမိကို ချစ်နေပြီး တနေ့တွင်ပြောင်းလဲလာမည်ဟု ယုံကြည်လိုသောကြောင့် ကျူးလွန်သူ၏ တောင်းပန်မှုကို လက်ခံတတ်သည်။

- သူမသည် ကျူးလွန်သူအပေါ် မှီခိုနေရသည် – ထိုင်းနိုင်ငံတွင် ၎င်း၏ ဥပဒေအရ နေထိုင်ခွင့်အခြေအနေ (legal status) အတွက် သို့မဟုတ် စီးပွားရေးအရ မှီခိုနေရခြင်း ဖြစ်နိုင်သည်။
- ကလေးများကို ကိုယ်တိုင်တယောက်တည်း မစောင့်ရှောက်နိုင်ဟု ယူဆခြင်းကြောင့် ဖြစ်သည်။
- အသိုင်းအဝိုင်းက သူမမှ ကျူးလွန်သူအား ခွဲခွာသွားခြင်းအား လက်မခံနိုင်ခြင်း
- အခြားရွေးချယ်စရာ မမြင်နိုင်ခြင်း (နေစရာ၊ အလုပ်အကိုင်၊ ဥပဒေအရ နေထိုင်ခွင့်အခြေအနေ၊ ကလေးများ၏ အနာဂတ် စသဖြင့် … )

## ထိုင်းနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များ

အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ၊ ထိုင်းသက္ကရာဇ် ၂၅၅၀ (ခရစ်နှစ် ၂၀၀၇)[4]

ဤဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ ပြစ်မှုကျူးလွန်သူအား အပြစ်ပေးရန်ထက် ၎င်း၏အပြုအမူများကို ပြုပြင်ပြောင်းလဲပေးရန် ဖြစ်သည်။ သို့သော် အကြမ်းဖက်မှုမှာ ပြင်းထန်ပြီး အခြားဥပဒေများ (ဥပမာ – ရာဇသတ်ကြီးဥပဒေ) နှင့် ငြိစွန်းနေပါကလည်းကောင်း၊ ထိုဥပဒေများ၏ ပြစ်ဒဏ်မှာ ပိုမိုကြီးလေးနေပါက ၎င်း အမှုကို ရာဇဝတ်တရားရုံးတွင် စစ်ဆေးစီရင်ရမည်ဖြစ်သည်။

အိမ်တွင်း အကြမ်းဖက်မှု ဥပဒေ၏ ပုဒ်မ (၄) တွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည် –

- မိသားစုဝင်တဦးဦး၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ကျန်းမာရေးကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခြင်း သို့မဟုတ် ထိခိုက်စေနိုင်သည့် အပြုအမူ ပြုမူခြင်း။
- မိသားစုဝင်တစ်ဦးအား အပြုအမူတခုခုကို မတရား ပြုလုပ်စေရန်၊ အညံ့ခံစေရန် သို့မဟုတ် ပြုလုပ်ခြင်းမှရှောင်ကျဉ်စေရန် အဓမ္မစေခိုင်းခြင်း သို့မဟုတ် ကိုယ်ကျင့်တရားပျက်ပြားစေသည့် လွှမ်းမိုးမှုများပြုခြင်း။
- သို့သော်လည်း ပေါ့ဆမှု ကြောင့် ဖြစ်ပွားသော လုပ်ရပ်များကိုမူ ဤဥပဒေအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပြုထားသည်။

[4] မိသားစုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေး ဥပဒေ ထိုင်းသက္ကရာဇ် ၂၅၆၂ (ခရစ်နှစ် ၂၀၁၉) သည် အိမ်တွင်းအကြမ်းဖက်ခံသူများ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ (၂၀၀၇) ကို အစားထိုးရန် ရေးဆွဲခဲ့သော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများ၊ တရားသူကြီးများ၊ တရားရုံးများသည် ဥပဒေအကောင်အထည်ဖော်ရန် ကျွမ်းကျင်မှုမရှိခြင်းနှင့် ၎င်း၏ လုပ်ထုံးလုပ်နည်းများကို သဘောမတူခြင်းကြောင့် ထိုဥပဒေအားထုတ်ပြန်ပြီး မကြာခင်ပင် ဆိုင်းငံ့ထားခဲ့သည်။ ယခု လက်စွဲစာအုပ် ရေးသားချိန် (၂၀၂၅ ခုနှစ် ဒီဇင်ဘာလ) အထိ ၂၀၀၇ အက်ဥပဒေကို အသုံးပြုနေဆဲဖြစ်သည်။

ပုဒ်မ (၃) အရ ‘မိသားစုဝင်’ အား အဓိပ္ပာယ်ဖွင့်ဆိုချက်

ဤဥပဒေအရ အောက်ပါပုဂ္ဂိုလ်များကို မိသားစုဝင်များအဖြစ် သတ်မှတ်ပြီး အကာအကွယ် ပေးထားပါသည် –

ဇနီး သို့မဟုတ် ခင်ပွန်း – လက်ရှိ တရားဝင် အိမ်ထောင်ဖက်

ဇနီးဟောင်း သို့မဟုတ် ခင်ပွန်းဟောင်း – ကွာရှင်းထားသော်လည်း အကြမ်းဖက်မှု ဖြစ်ပွားခဲ့လျှင် ဤဥပဒေနှင့် သက်ဆိုင်ပါသည်။

လက်ထပ်စာချုပ်မရှိဘဲအတူနေထိုင်သူများ– လက်ထပ်ထိမ်းမြားမှု မှတ်ပုံတင်မထားသော်လည်း လင်မယားအဖြစ် အတူတူနေထိုင်သူများ သို့မဟုတ် ယခင်က အတူနေထိုင်ခဲ့ဖူးသူများ။

သားသမီးနှင့် မွေးစားသားသမီး – ကိုယ်တိုင်မွေးဖွားသော သားသမီးများသာမက ဥပဒေအရ မွေးစားထားသော သားသမီးများလည်း ပါဝင်သည်။

အိမ်ထောင်စုဝင်များ –သွေးသားတော်စပ်သူများ သို့မဟုတ် အမျိုးအဆွေများ။

မှီခိုနေထိုင်သူ သို့မဟုတ် အိမ်ထောင်စုတစ်ခုတည်းတွင် အတူနေထိုင်သူများ–၎င်းတို့တွင် မိသားစုဝင်မဟုတ်သော်လည်း ထိုအိမ်တွင် မှီခိုနေသူများ သို့မဟုတ် အတူတူနေထိုင်ကြသူများ (ဥပမာ – အိမ်တွင်းအလုပ်သမားများ) လည်း ပါဝင်ပါသည်။
လူငယ် နှင့် မိသားစု တရားရုံးနှင့် လုပ်ထုံးလုပ်နည်း ဥပဒေ (ထိုင်းသက္ကရာဇ် ၂၅၅၃၊ ခရစ်နှစ် ၂၀၁၀ )

ဤသည်မှာ အိမ်တွင်းအကြမ်းဖက်မှုကိစ္စများတွင် တရားစီရင်ပိုင်ခွင့်ရှိသော လူငယ်နှင့် မိသားစု တရားရုံး၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဥပဒေဖြစ်သည်။

## ရာဇသတ်ကြီးဥပဒေ

အိမ်တွင်းအကြမ်းဖက်မှုတွင် အောက်ပါ လုပ်ရပ်များ ပါဝင်ပါက ၎င်းတို့ကို ရာဇသတ်ကြီးဥပဒေ အရ ရာဇဝတ်မှု တရားရုံးတွင် စစ်ဆေးကြားနာနိုင်သည်။

ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာဖြစ်စေခြင်း – အခြားသူ၏ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းကို ထိခိုက်ဒဏ်ရာ ဖြစ်စေသူမည်သူမဆို

လွတ်လပ်ခွင့်အပေါ် ပြစ်မှု – အခြားသူအား မိမိ သို့မဟုတ် အခြားသူ၏ အသက်၊ ကိုယ်ခန္ဓာ၊ လွတ်လပ်ခွင့်၊ နာမည်ဂုဏ်သိက္ခာ သို့မဟုတ် ပိုင်ဆိုင်မှုများကို ထိခိုက်စေမည်ဟု ကြောက်ရွံ့စေခြင်းဖြင့် တစုံတရာ လုပ်ဆောင်ရန် သို့မဟုတ် မလုပ်ဆောင်ရန် အတင်းအကျပ် ခိုင်းစေသူ၊ သို့မဟုတ် တခြားသူမှ ထိုလုပ်ရပ်ကို မလုပ်ဆောင်စေရန် သို့မဟုတ် ထိုအရာကို ခံစားစေရန် အကြမ်းဖက်မှုကျူးလွန်သူ မည်သူကိုမဆို ဆိုလိုသည်။

မုဒိမ်းမှု – အကြမ်းဖက်ခြင်းဖြင့် သို့မဟုတ် မိမိကို အခြားသူတဦးဟု လွဲမှားယုံကြည်စေခြင်းဖြင့် ခုခံနိုင်စွမ်းမရှိသော အခြားသူတဦးနှင့် လိင်ဆက်ဆံသူ မည်သူမဆိုပါဝင်သည်။ လက်ရှိ ဥပဒေ အရ လင်မယားအကြား မုဒိမ်းမှုကိုလည်း ထည့်သွင်း သတ်မှတ်ထားသည်။

ဤကိစ္စများတွင် အကြမ်းဖက်ခံရသူနှင့် ထောက်ပံ့ကူညီသူတို့သည် အပိုင်း ၁ တွင် ဖော်ပြထားသော အဆင့် ၃ မှစတင်၍ ကျန်အဆင့်များကို လိုက်နာဆောင်ရွက်နိုင်သည်။

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ထိုင်းသက္ကရာဇ် ၂၅၆၀၊ ခရစ်နှစ်၂၀၁၇)

အပိုဒ် ၄ တွင် လူ့ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေး၊ လွတ်လပ်ခွင့်များနှင့် လူတဦးချင်းစီ၏ တန်းတူညီမျှမှုကို ကာကွယ်ထားကြောင်း ဖော်ပြထားသည်။ ထို့ပြင် ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားပြီး ဥပဒေအောက်တွင် တန်းတူညီမျှ ကာကွယ်ပေးမှုကို အာမခံထားသည်။ (မှတ်ချက် – အပိုဒ် ၃ အောက်ရှိ အခွင့်အရေးနှင့် လွတ်လပ်ခွင့်အချို့သည် ထိုင်းနိုင်ငံသားများအတွက်သာ ကန့်သတ်ထားသော်လည်း အပိုဒ် ၄ အရ လူ့ဂုဏ်သိက္ခာ ကာကွယ်ပေးမှုသည် အားလုံးအတွက် ဖြစ်သည်။)

## အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားသောအခါ လုပ်ဆောင်ရမည့်အဆင့်များအကျဉ်းချုပ်

| အဆင့် ၁ – ယုံကြည်စိတ်ချရသော လူတဦးထံ မျှဝေဆွေးနွေးပြီး လုံခြုံရေးအစီအစဉ်ဆွဲခြင်း |
|---|
| **ပါဝင်သူများ –** ကျူးလွန်ခံရသူ၊ ယုံကြည်ရသော သူငယ်ချင်း သို့မဟုတ် ရပ်ရွာလူထု ခေါင်းဆောင်<br>**အချိန်အတိုင်းအတာ –** အချိန်မရွေး<br>**မျှော်မှန်းရလဒ် –** လုံခြုံရေး အစီအစဉ် ပြုလုပ်ခြင်းနှင့် အခြား ရွေးချယ်စရာ လမ်းစများ ရရှိခြင်း |
| **အဆင့် ၂ – ချက်ချင်းရရှိသော ဒဏ်ရာ သို့မဟုတ် ကျန်းမာရေးပြဿနာများကို ဖြေရှင်းခြင်း** |
| **ပါဝင်သူများ** – ကျူးလွန်ခံရသူ၊ ယုံကြည်ရသော သူငယ်ချင်း သို့မဟုတ် ရပ်ရွာလူထု ခေါင်းဆောင်၊ ကျန်းမာရေးဝန်ထမ်း/ နှစ်သိမ့်ဆွေးနွေး အကြံပေးသူ (OSCC)၊ ဆရာဝန်။<br>**အချိန်အတိုင်းအတာ** – ပြင်းထန်ဒဏ်ရာရပါက ချက်ချင်း၊ သို့မဟုတ် အခြားသောအခြေအနေများတွင် ဖြစ်နိုင်သမျှ အမြန်ဆုံး။<br>**မျှော်မှန်းရလဒ်** – ဒဏ်ရာများ ကုသခြင်း၊ လိုအပ်ပါက ရောဂါကြိုတင်ကာကွယ်ဆေးများ ပေးခြင်း၊ နောက်ဆက်တွဲ ရက်ချိန်းယူခြင်း နှင့် မှုခင်း ဆေးစစ်ချက် ရယူခြင်း |
| **အဆင့် ၃ – ရပ်ရွာအခြေပြု ကူညီမှု လမ်းကြောင်းအတိုင်း ဆောင်ရွက်ခြင်း** |
| **ပါဝင်သူများ –** ကျူးလွန်ခံရသူ၊ ယုံကြည်ရသော သူငယ်ချင်း၊ NGO/CSO အဖွဲ့အစည်းများ၊ ရပ်ရွာလူထု ခေါင်းဆောင်၊ မိသားစု၊ ကျူးလွန်သူ၊ သက်သေများ<br>**အချိန်အတိုင်းအတာ** – လူမှုအဝန်းအဝိုင်းမှ ကျူးလွန်ခံရသူအား ထောက်ပံ့ပေးမှုရှိပြီး အပြစ်မတင်မည့် အခြေအနေဖြစ်မှသာ ဤလမ်းကြောင်းကို ရွေးချယ်ပါ။<br>**မျှော်မှန်းရလဒ်** – လူမှုအဝန်းအဝိုင်းမှ အကြမ်းဖက်မှု ရပ်တန့်စေခြင်း၊ ကျူးလွန်သူအား ပြုပြင်ပြောင်းလဲပေးခြင်း နှင့် နစ်နာသူ ဘေးကင်းရေးကို ပံ့ပိုးပေးခြင်းနှင့် အာမခံပေးခြင်း စသဖြင့် တုံ့ပြန်ဆောင်ရွက်ခြင်း |

| **အဆင့် ၄ – လူမှုကူညီရေးဆိုင်ရာ ကာကွယ်မှုအမိန့် လျှောက်ထားခြင်း (အိမ်တွင်းအကြမ်းဖက်မှု ဥပဒေအောက်မှ)** |
|---|
| **တိုင်ကြားနိုင်သူများ –** ကျူးလွန်ခံရသူ၊ ဥပဒေအရ အုပ်ထိန်းသူ၊ ကျူးလွန်ခံရသူ၏ ရှေ့နေ၊ အစိုးရရှေ့နေ သို့မဟုတ် ဥပဒေ အကောင်အထည်ဖော်ရေး အရာရှိ၊ လူမှုရေးဝန်ထမ်းများ၊ ကလေး အရေး တာဝန်ရှိသည့် အရာရှိများ<br>**အချိန်အတိုင်းအတာ –** အစီအစဉ်ဆွဲပြီးနောက် အမြန်ဆုံး<br>**မျှော်မှန်းရလဒ် –** အောင်မြင်စွာ အမှုဖွင့်တိုင်ကြားပြီး ဖြစ်သည်။ |
| **အဆင့် ၅ – တရားရုံး၏ သုံးသပ်ချက်နှင့် အမှုကြားနာခြင်း** |
| **ပါဝင်သူများ –** ကျူးလွန်ခံရသူ၊ ကျူးလွန်သူ၊ ရှေ့နေ့အဖွဲ့။<br>**မျှော်မှန်းရလဒ် –** ကျူးလွန်ခံရသူသည် အရေးပေါ် အန္တရာယ်ရှိ သည့် အခြေအနေနှင့် ကြုံတွေ့နေရပါက၊ အရေးပေါ်ကာကွယ်ရေးအမိန့်ကို ထုတ်ပြန်မည် ဖြစ်သည်။ ထိုကဲ့သို့ အခြေအနေမဟုတ်ပါက တရားရုံးကြားနာမှု ပြုလုပ်မည်ဖြစ်ပြီး တရားသူကြီးမှ ကာကွယ်ရေးအမိန့်ထုတ်ပြန်မည် ဖြစ်သည်။ |
| **အဆင့် ၆ – ကာကွယ်မှုအမိန့်ကို အကောင်အထည်ဖော်ခြင်း** |
| **ပါဝင်သူများ –** တရားသူကြီး၊ ဥပဒေအကောင် အထည်ဖော်ရေး |
| **အဆင့် ၇ – ပြင်းထန်သောအမှုအား ရာဇဝတ်တရားရုံးသို့ တင်သွင်းခြင်း** |
| **ပါဝင်သူများ –** ကျူးလွန်ခံရသူ၊ ကျူးလွန်သူ၊ ရှေ့နေ့အဖွဲ့။<br>**မျှော်မှန်းရလဒ် –** အပိုင်း (၁) မှဒိန်းမှု ၏ အဆင့် ၃ အတိုင်းဆောင်ရွက်ပါ။ |

## အဆင့် အသေးစိတ်များ

### အဆင့် (၁) – ယုံကြည်စိတ်ချရသော လူတဦးထံ မျှဝေဆွေးနွေးပြီး လုံခြုံရေးအစီအစဉ်ဆွဲခြင်း

အကယ်၍ နစ်နာသူသည် အသက်အန္တရာယ်ရှိခြင်း သို့မဟုတ် ဒဏ်ရာရရှိခြင်းကဲ့သို့သော ချက်ချင်း အရေးပေါ်အခြေအနေ နှင့် ရင်ဆိုင်နေရပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်ပါ –

**၁၆၆၉ (1669):** လူနာတင်ယာဉ် ခေါ်ဆိုရန်။

**၁၉၁ (191):** ရဲတပ်ဖွဲ့သို့ အကြောင်းကြားရန် (မိမိ၏ တည်နေရာနှင့် ဖြစ်စဉ်အကျဉ်းကို ပြောပြပါ)။

**၁၃၀၀ (1300):** လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန (MSDHS) ၏ ၂၄ နာရီ Hotline။

၎င်းတို့သည် အကာအကွယ်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ ခိုလှုံရာနေရာစီစဉ်ပေးခြင်းနှင့် ဆေးဝါး၊ ဥပဒေဆိုင်ရာနှင့် ကာကွယ်ရေးဆိုင်ရာ အကူအညီများကို ချိတ်ဆက်ပေးနိုင်ပါသည်။

**၁၃၈၇ (1387):** အသက် ၁၈ နှစ်အောက် ကလေးသူငယ်များ ပါဝင်ပတ်သက်နေပါက Childline Thailand သို့ ဆက်သွယ်ပါ။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဥပဒေများနှင့် ဝန်ဆောင်မှုများကို ရရှိစေမည်ဖြစ်သည်။

**မှတ်ချက်** — အများအားဖြင့် မိမိလက်တွဲဖော်ထံမှ အကြမ်းဖက်မှုကျူးလွန်ခံနေရသော အမျိုးသမီးတဦးသည် ထိုအကြောင်းအရာကို လျှို့ဝှက်ထားရန် သို့မဟုတ် ပေါ့ပေါ့ပါးပါး ပြောဆိုရန် ကြိုးစားလေ့ရှိသည်။ အခြေအနေသည် အလွန်ပြင်းထန်လာသောအခါ၊ မကြာခဏ ဖြစ်ပွားလာသောအခါ သို့မဟုတ် သူမ မခံနိုင်တော့သည့်အချိန်မှသာ ထုတ်ပြောလာလေ့ရှိသည်။ သို့ရာတွင် ဖွင့်ပြောပြပြီးနောက်တွင်လည်း သို့မဟုတ် ထွက်သွားရန် အစီအစဉ်ရှိထားသော်လည်း အကြမ်းဖက်မှုကျူးလွန်သူထံသို့ ကြိမ်ဖန်များစွာ ပြန်သွားနိုင်သေးသည်။ သူမ၏ သူငယ်ချင်း သို့မဟုတ် အကြံပေးဆွေးနွေးသူအနေဖြင့် သင်သည် စိတ်ရှည်ရမည်။ သူမကို အပြစ်မတင်ရပါ။ ထိုအရာသည် သူမ၏ အပြစ်မဟုတ်ပါ။ အိမ်တွင်းအကြမ်းဖက်မှုသည် အာဏာနှင့် သက်ဆိုင်သည် — အကြမ်းဖက်မှုကျူးလွန်သူသည် သူမအပေါ် အာဏာရှိနေခြင်း ဖြစ်သည်။ သူမ၏ သူငယ်ချင်း သို့မဟုတ် အကြံပေးဆွေးနွေးပေးသူအနေဖြင့် သင်သည် အမြဲတမ်း သူမဘက်မှ ရပ်တည်ပေးရမည်၊ ဒေါသ သို့မဟုတ် စိတ်ပျက်မှု မပြသင့်ပါ။

**အိမ်တွင်းအကြမ်းဖက်မှုဟုဆိုရာတွင်** — ယုံကြည်စိတ်ချရသော သူငယ်ချင်း သို့မဟုတ် အကြံပေး ဆွေးနွေးသူသည် အောက်ပါအတိုင်း ပြောနိုင်သည်

အခုလို လာပြောပြတာ/ ဖုန်းခေါ်တာ/ မက်ဆေ့ချ်ပို့တာ ဝမ်းသာပါတယ်။

ဒီနေရာမှာ စိတ်ချလက်ချ ပြောလို့ရပါသလား။ သင် အခု လုံခြုံတဲ့ နေရာမှာ ရှိနေပါသလား။

(ဖုန်းခေါ်ဆိုမှုများအတွက်) သင့်ရဲ့ အဖော် ပြန်လာလို့ ဖုန်းချရမယ်ဆိုရင် နားလည်ပါတယ်။ လုံခြုံတဲ့အချိန်ရောက်ရင် အချိန်မရွေး ဖုန်းပြန်ခေါ်နိုင်ပါတယ်။

သင့်ရဲ့ အခြေအနေကို ပြောပြနိုင်မလား။

အရင်က ဘာတွေ လုပ်ခဲ့ဖူးတာရှိလဲ။ တယောက်ယောက်နဲ့ ဒီအကြောင်း ပြောဆိုထားဖူးပါသလား။

အခုဘာလုပ်မယ်လို့ စဉ်းစားထားပါသလဲ။ ဘာလုပ်ချင်ပါသလဲ။

သူမသည် မိမိ၏ အဖော်နှင့် ဆက်ဆံရေး/ ဆက်သွယ်မှုကို တိုးတက်ကောင်းမွန်စေရန် ကြိုးစားလိုခြင်းဖြစ်နိုင်သည်ကို မှတ်သားပါ။ အိမ်တွင် ပိုလုံခြုံစေမည့် နည်းလမ်းများ ရှာလိုခြင်း ဖြစ်နိုင်သည်။ သို့မဟုတ် ဆက်ဆံရေးမှ ထွက်ခွာရန် အစီအစဉ် ချလိုခြင်း ဖြစ်နိုင်သည်။

**လုံခြုံရေးအစီအစဉ် ပြုလုပ်ခြင်း** — အကြမ်းဖက်ခံရသူသည် သင်နှင့် အိမ်တွင်းအကြမ်းဖက်မှု အကြောင်း ဆက်လက် မဆွေးနွေးလိုဘဲ စိတ်ပြောင်းနိုင်သည်ကို ထည့်သွင်းစဉ်းစား၍ လုံခြုံရေး အစီအစဉ်ကို အမြန်ဆုံး စီစဉ်ထားရန် အရေးကြီးသည်။

အိမ်တွင်းအကြမ်းဖက်မှု ကြုံတွေ့နေသော သူငယ်ချင်းအား အောက်ပါအချက်များကို အကြံပြုနိုင်သည်

**အရေးပေါ်အိတ် / ချက်ချင်းယူသွားနိုင်သော အိတ်တစ်လုံး ပြင်ဆင်ထားပါ** — အရေးကြီး စာရွက်စာတမ်းများ၊ သော့များ၊ လိုအပ်သည့် အဝတ်အစားများနှင့် အခြားပစ္စည်းများ (အလှအပ ပစ္စည်းများ၊ ကစားစရာများ၊ ကိုယ်တိုင်နှင့် ကလေးများအတွက် ငွေသား သို့မဟုတ် ဘဏ်ကတ်) ထည့်ထားပြီး လုံခြုံသောနေရာ သို့မဟုတ် ယုံကြည်စိတ်ချရသော လူတဦးထံတွင် သိမ်းဆည်းထားပါ။

ဖုန်းရှိပါက အမြဲအားသွင်းထားပြီး ကိုယ်နှင့်အတူ ဆောင်ထားပါ။ လုံခြုံရေးအတွက် ခေါ်ဆိုရမည့် ဖုန်းနံပါတ်များကို အမည်မတူသော အမည်များဖြင့် မှတ်ထားပါ။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ဆက်စပ်သော ဖုန်းခေါ်ဆိုမှုများ သို့မဟုတ် အင်တာနက် အသုံးပြုမှုမှတ်တမ်းများကို ရှင်းလင်းထားပါ။

သင့်ကို ကူညီပေးနိုင်မည့် နီးစပ်သော သူငယ်ချင်း(များ)နှင့် ကြိုတင် သဘောတူ၍ သင် အန္တရာယ်ကြုံနေကြောင်း သိရှိစေနိုင်မည့် လျှို့ဝှက်စကားလုံး၊ အမှတ်အသား သို့မဟုတ် အသံတစ်မျိုးကို သတ်မှတ်ထားပါ။

**ထိုသူငယ်ချင်းနှင့် အစီအစဉ်တစ်ခု သဘောတူထားပါ** — ရဲတပ်ဖွဲ့ သို့မဟုတ် ဒေသခံခေါင်းဆောင်များကို ဆက်သွယ်ခြင်း၊ အာရုံပြောင်းစေရန် အစီအစဉ်ပြုလုပ်ခြင်း၊ အဖော် ထွက်ခွာသွားချိန်တွင် သူမထံ သွားရောက်ကူညီနိုင်ရန် အသင့်ရှိနေခြင်း စသည်တို့ ပါဝင်နိုင်သည်။

ထွက်သွားမည်ဟု မခြိမ်းခြောက်ပါနှင့်။ ၎င်းသည် အကြမ်းဖက်မှုကျူးလွန်သူကို ပိုမို သတိထားစေပြီး တင်းကျပ်စေနိုင်သည်။

ဓားနှင့် လေးလံသောပစ္စည်းများကို လက်လှမ်းမမီနိုင်သော နေရာတွင် ထားပြီး ဖြစ်နိုင်ပါက သော့ခတ်ထားပါ။

ဤအချက်များသည် အကြမ်းဖက်ခံရသူအနေဖြင့် အိမ်တွင် ပိုမိုလုံခြုံစေရန်နှင့် အိမ်တွင်းအကြမ်းဖက်မှု တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ချက်ချင်း လုံခြုံရေးအစီအစဉ်ရှိစေရန် လုပ်ဆောင်နိုင်သော ချက်ချင်းအရေးယူဆောင်ရွက်ချက်များ ဖြစ်သည်။ ဤအဆင့်တွင် အကြမ်းဖက်ခံရသူသည် ရေရှည် ရည်မှန်းချက်ကို မဆုံးဖြတ်ရသေးပါ (ဥပမာ — အခြေအနေကို တိုးတက်ကောင်းမွန်စေရန်၊ ပိုမိုလုံခြုံစေရန်၊ ဆက်ဆံရေးမှ ထွက်ခွာသွားရန်၊ အကြမ်းဖက်မှုကျူးလွန်သူကို အရေးယူရန် စသည်တို့ ဖြစ်သည်)

**အဆင့် ၂ (က): ချက်ချင်းရရှိသော ဒဏ်ရာ သို့မဟုတ် ကျန်းမာရေးပြဿနာများကို ဖြေရှင်းခြင်း**

အကြမ်းဖက်ခံရသူနှင့် သူမ၏ သူငယ်ချင်း သို့မဟုတ် အကြံပေးဆွေးနွေးသူသည် ချက်ချင်း ဆေးကုသမှု လိုအပ်သော ဒဏ်ရာများရှိပါက OSCC၊ ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ သွားရောက်သင့်သည်။ အိမ်တွင်းအကြမ်းဖက်မှုကျူးလွန်သူအချို့သည် သွေးထွက်စေရန် သို့မဟုတ် ဒဏ်ရာများ၊ ပွန်းပဲ့ရာများ မသိသာမမြင်သာစေရန်နေရာများကို သတိထားရွေးချယ်ပြီး ရိုက်နှက်တတ်ရှိသည်။ ထို့ကြောင့် အကြမ်းဖက်မှုကျူးလွန်သူက ဘယ်နေရာကို ထိခိုက်နာကျင်စေခဲ့သလဲဟု မေးမြန်းပါ။ အကယ်၍ ဝမ်းဗိုက်ပိုင်း သို့မဟုတ် ခေါင်းပိုင်းကို ထိုးနှက်ခြင်း၊ ကန်ကျောက်ခြင်း

ပြုလုပ်ခဲ့ပါက ခန္ဓာကိုယ်အတွင်းပိုင်းသွေးယိုစီးမှု ဖြစ်နိုင်သောကြောင့် ဆရာဝန်ကို အရေးပေါ် တွေ့ဆုံစစ်ဆေးရန် လိုအပ်သည်ကို သတိပြုပါ။

ဆေးရုံ သို့မဟုတ် ဆေးခန်း မည်သည့်နေရာမဆို ပြင်ပဒဏ်ရာ သို့မဟုတ် အတွင်းပိုင်း ဒဏ်ရာများကို စစ်ဆေးပြီး လိုအပ်သလို ကုသပေးနိုင်သည်။

OSCC တွင်လည်း ဆွေးနွေးအကြံပေးခြင်းနှင့် ထောက်ပံ့ကူညီမှုပေးရာတွင် ကျွမ်းကျင်မှုရှိသည်။ ဆေးရုံ သို့မဟုတ် ဆေးခန်းများတွင်မူ OSCC ကဲ့သို့ ထောက်ပံ့မှုမျိုးထက် ရုပ်ပိုင်းဆိုင်ရာ အနာတရဖြစ်မှုများအတွက် ကုသမှုများကိုသာ ပေးနိုင်မည်ဖြစ်သည်။

**အဆင့် ၂ (ခ): အခြားလိုအပ်ချက်များအား တုံ့ပြန်ခြင်း**

OSCC သည် အကြမ်းဖက်ခံရသူအား စိတ်ရောဂါဆိုင်ရာ ဆရာဝန်နှင့် တွေ့ဆုံရန် စီစဉ်နိုင်သည်။ အကြမ်းဖက်ခံရသူ၏ အသက်သည် ၁၅ နှစ်အောက် ဖြစ်ပါက စိတ်ရောဂါဆိုင်ရာ ဆရာဝန်နှင့် မဖြစ်မနေတွေ့ရမည်ဖြစ်ပြီး ဆရာဝန်မှ အကြမ်းဖက်ခံရသူအတွက် ရွေးချယ်စရာများကို ရှင်းလင်းဖော်ပြ ပေးမည် ဖြစ်သည်။

အကြမ်းဖက်ခံရသူသည် အကြမ်းဖက်မှုကျူးလွန်သူအပေါ် ဥပဒေကြောင်းအရ အမှုဖွင့်လိုပါက OSCC သည် မှုခင်းဆေးပညာအရစစ်ဆေးမှု (အပိုင်း ၁ (မုဒိမ်းမှု) ၏ အဆင့် ၃ ကိုကြည့်ပါ) ပြုလုပ်ပေးရန် ကမ်းလှမ်းမည် ဖြစ်သည်။

အကြမ်းဖက်ခံရသူ၏ အမျိုးသား (သို့မဟုတ်) အရင်းနှီးဆုံးလက်တွဲဖော်သည် အတင်းအဓမ္မ လိင်ဆက်ဆံ ခဲ့ပါက (မုဒိမ်း ပြုကျင့်ခဲ့ပါက) သူမသည် ကိုယ်ဝန်အားတားဆီးနိုင်ပြီး OSCC မှ အရေးပေါ် သန္ဓေတားဆေး (ECP) ပေးမည်ဖြစ်သည်။ အကြမ်းဖက်မှုကျူးလွန်သူသည် ကွန်ဒုံး မသုံးခဲ့ပါက လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါများ (STI) အပါအဝင် HIV ကို ကာကွယ်ရန် ကြိုတင်ကာကွယ် ဆေးများ ကိုလည်း ပေးနိုင်သည်။

အကြမ်းဖက်ခံရသူသည် အိမ်သို့ မပြန်လိုပါက OSCC သည် လူမှုဝန်ထမ်းဌာနနှင့် ဆက်သွယ်ညှိနှိုင်းပြီး အကြမ်းဖက်ခံရသူအား အမျိုးသမီးနှင့် ကလေးများအတွက် လုံခြုံရေးဂေဟာတွင် ယာယီနေထိုင်နိုင်ရန် စီစဉ်ပေးနိုင်သည်။ သို့သော်လည်း ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ အခက်အခဲများရှိနိုင်ပါသည်။ အခြားသွားရောက်နိုင်သော နေရာများကို နောက်ဆက်တွဲ (၁) — လုံခြုံရေးဂေဟာများစာရင်း တွင် ဖော်ပြထားပါသည်။ ကူညီထောက်ပံ့ပေးသူသည် မိမိ၏ နယ်မြေအတွင်းရှိ စိတ်ချယုံကြည်ရသော လုံခြုံရေးဂေဟာများကိုလည်း ဤစာရင်းတွင် ထပ်မံဖြည့်စွက်နိုင်ပါသည်။

## အဆင့် (၃) : ရပ်ရွာအခြေပြုကူညီမှု လမ်းကြောင်းအတိုင်း ဆောင်ရွက်ခြင်း

အစောပိုင်း ကျန်းမာရေးစစ်ဆေးမှု ပြီးနောက် သို့မဟုတ် OSCC မှ ထောက်ပံ့ကူညီမှု ရရှိပြီးနောက် အိမ်တွင်းအကြမ်းဖက်မှုခံရသူသည် ရပ်ရွာလူထု၏ အကူအညီဖြင့် ပြဿနာကို ဖြေရှင်းရန် ကြိုးစားနိုင်သည်။ သူမအနေဖြင့် ရပ်ရွာလူထုက သူမကိုနားလည်ပေးပြီး ကိုယ်ချင်းစာပေးမည်ဟု မျှော်လင့်ထားသလား၊ သို့မဟုတ် သူမအား အပြစ်တင်ပြောဆိုကာ သူမ၏အမျိုးသားဘက်ကို ပိုမိုထောက်ခံပြီး သူမကို အထွန့်မတက်စေဘဲ သို့မဟုတ် အမျိုးသားက ပြောင်းလဲမည်ဟု ကတိမပေးဘဲ ပြန်လည်သင့်မြတ်ရန် မျှော်လင့်နေကြသလား ဆိုတာကို သူမနှင့် ဆွေးနွေးပါ။ သူမအနေဖြင့် ဆုံးဖြတ်ချက် မချရသေးပါက ကူညီထောက်ပံ့ပေးသူသည် လူမှုအသိုင်းအဝိုင်း အတွင်း သူမအား ဖေးမကူညီပေးနိုင်မည်လား သို့မဟုတ် ပြစ်တင်ရှုတ်ချမည်လားကို ဦးစွာ စုံစမ်းလေ့လာနိုင်သည်။

ကျူးလွန်ခံရသူမှ ယခု ရပ်ရွာအခြေပြု ကူညီမှုလမ်းကြောင်း အတိုင်းသွားလိုသည်ဆိုပါက သူမသည် ကျေးရွာခေါင်းဆောင်၊ အမျိုးသမီးခေါင်းဆောင်၊ ဘုန်းတော်ကြီး သို့မဟုတ် အခြားဘာသာရေး ခေါင်းဆောင်များထံ ဆက်သွယ်၍ သူမကိုယ်တိုင်၊ အကြမ်းဖက်မှုကျူးလွန်သူနှင့် မိသားစုဝင်များ နှင့်အတူ လက်တွဲလုပ်ဆောင်ကာ အကြမ်းဖက်မှုကို ရပ်တန့်စေရန် နည်းလမ်း ရှာဖွေနိုင်သည်။

ရပ်ရွာလူထုခေါင်းဆောင်သည် ပါဝင်ပတ်သက်သူများနှင့် သီးသန့် ဆွေးနွေးပြီးနောက် အားလုံးကို အတူတကွ ခေါ်ယူကာ အကြမ်းဖက်မှုမရှိဘဲ အတူတကွနေထိုင်နိုင်ရန် နည်းလမ်းအား ညှိနှိုင်းဆွေးနွေး နိုင်သည်။ ထို့ပြင် အကြမ်းဖက်မှု ဖြစ်ပေါ်တော့မည်ဆိုလျှင် လုပ်ဆောင်ရမည့်အရာများ နှင့် အကြမ်းဖက်မှု ဖြစ်ပွားပါက ရပ်ရွာလူထုအနေဖြင့် လုပ်ဆောင်ရမည့်အရာများကို သဘောတူ သတ်မှတ်နိုင်သည်။

ရပ်ရွာအခြေပြု ကူညီမှု လမ်းကြောင်း၏ ရည်ရွယ်ချက်များမှာ —

- အကြမ်းဖက်မှု ပြန်လည်မဖြစ်ပေါ်စေရန် တားဆီးခြင်း
- ပြစ်မှုကျူးလွန်သူကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း
- အကြမ်းဖက်ခံရသူ၏လုံခြုံရေးအတွက် ထောက်ပံ့ပေးခြင်းနှင့် အာမခံပေးခြင်း
- အကြမ်းဖက်မှုကျူးလွန်သူမှ အကြမ်းဖက်နေပါက ရပ်ရွာလူထုအနေဖြင့် လုပ်ဆောင်ရမည့် အစီအစဉ် တရပ် ရှိစေရန် ။

**အဆင့် (၄) : လူမှုကူညီရေးဆိုင်ရာ ကာကွယ်မှုအမိန့် လျှောက်ထားခြင်း**

အကယ်၍ ကျူးလွန်ခံရသူသည် ကာကွယ်မှုအမိန့် (Protection Order) လျှောက်ထားလိုပါက မိသားစုတရားရုံး (Family Court) သို့မဟုတ် ခရိုင်တရားရုံး (Provincial Court) သို့ လျှောက်လွှာတင်ရမည်ဖြစ်သည်။

တရားရုံးသို့ မသွားမီ နစ်နာသူနှင့် ကူညီထောက်ပံ့ပေးသူသည် သက်သေအထောက်အထားများကို တတ်နိုင်သမျှ စုဆောင်းထားသင့်သည်။ ယင်းတို့တွင် အောက်ပါအချက်များ ပါဝင်နိုင်သည် –

- ယခင်ဖြစ်စဉ်များကို ရဲတပ်ဖွဲ့သို့ တိုင်ကြားထားပါက ရဲမှတ်တမ်းများ
- ထိခိုက်ဒဏ်ရာများ အသေးစိတ် ဖော်ပြချက် ပါဝင်သော ဆေးမှတ်တမ်းများ
- အကြမ်းဖက်မှုကိုဖော်ပြသည့် ဓာတ်ပုံများ သို့မဟုတ် ဗီဒီယိုမှတ်တမ်းများ
- ခြိမ်းခြောက်သော စာတိုများ (SMS)၊ လူမှုကွန်ရက်မှ မက်ဆေ့ချ်များ
- မိသားစုဝင်များ၊ မိတ်ဆွေများ သို့မဟုတ် အိမ်နီးချင်းများ၏ သက်သေထွက်ဆိုချက်များ

**အဆင့် (၅) – တရားရုံး၏ သုံးသပ်ချက်၊ အမှုကြားနာမှုနှင့် ကာကွယ်မှုအမိန့် ထုတ်ပြန်ခြင်း**

အကယ်၍ ကျူးလွန်ခံရသူသည် ပြင်းထန်သော အန္တရာယ်နှင့် ချက်ချင်းရင်ဆိုင်နေရပါက တရားရုံးမှ အရေးပေါ် ကာကွယ်မှုအမိန့်ကို ချက်ချင်း ထုတ်ပြန်ပေးနိုင်သည်။

အန္တရာယ်သည် အရေးပေါ်အခြေအနေ မဟုတ်ပါက တရားရုံးကြားနာမှု ပြုလုပ်မည်ဖြစ်ပြီး ကျူးလွန်ခံရသူနှင့် အကြမ်းဖက်မှုကျူးလွန်သူ နှစ်ဦးစလုံး တက်ရောက်ရမည်ဖြစ်သည်။ ထို့နောက် တရားသူကြီးသည် သက်သေအထောက်အထားများကို သုံးသပ်ပြီး နောက်ဆုံး ကာကွယ်မှုအမိန့်ကို ထုတ်ပြန်နိုင်သည်။

**အဆင့် (၆) – ကာကွယ်မှုအမိန့်ကို အကောင်အထည်ဖော်ခြင်း**

ထို့နောက် တရားရုံးသည် ကာကွယ်မှုအမိန့်ကို စောင့်ကြည့်အကောင်အထည်ဖော်ရန် ဒေသဆိုင်ရာ ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအား အကြောင်းကြားရမည်ဖြစ်သည်။ အကယ်၍ အကြမ်းဖက်သူက ကာကွယ်မှုအမိန့်ကို ချိုးဖောက်ပါက ဖမ်းဆီးခြင်း၊ ငွေဒဏ်ချမှတ်ခြင်း သို့မဟုတ် ထောင်ဒဏ်ချမှတ်ခြင်း တို့ကို ခံရနိုင်သည်။

**အဆင့် (၇) ရဲထံ တိုင်ကြားခြင်း**

အကြမ်းဖက်ခံရသူ သို့မဟုတ် မျက်မြင်သက်သေသည် အိမ်တွင်းအကြမ်းဖက်မှုအား ဒေသခံ ရဲစခန်းတွင် တိုင်ကြားနိုင်သည်။ အထူးသဖြင့် ထိခိုက်ဒဏ်ရာရရှိမှု ပြင်းထန်ပါက ကျူးလွန်သူ အား ရာဇဝတ်မှု ဥပဒေအရအရေးယူခံရမည်ဖြစ်သည်။ ရဲထံ တိုင်ကြားမှု လက်ခံရရှိပါက ရဲသည် အမှုကို ချက်ချင်း စုံစမ်းစစ်ဆေးရမည်။ ထို့နောက် အမှုဖိုင်ကို ပြစ်မှုကျူးလွန်သူထံ ပို့ဆောင်ပြီး အမှုဖိုင်နှင့်အတူ မိမိ၏ အမြင်သဘောထားကို အစိုးရရှေ့နေထံ တင်ပြရမည် ဖြစ်သည်၊ ထိုမှတ ဆင့် အစိုးရရှေ့နေသည် တရားရုံးတွင် အမှုတင်နိုင်ရန် ဆောင်ရွက်မည် ဖြစ်သည်။

ရဲသည် အကြမ်းဖက်ခံရသူ၏ ထွက်ဆိုချက်ကို မှတ်တမ်းတင်၍ တရားဝင် အမှုဖွင့်အစီရင်ခံစာ ပြုလုပ်ရမည် ဖြစ်ပြီး ထို့နောက် အမှုကို စုံစမ်းစစ်ဆေးကာ အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေး ဥပဒေ အရ တရားစွဲဆိုရန် တရားရုံး သို့မဟုတ် ရာဇဝတ်တရားရုံးသို့ ပို့ဆောင်ရ မည် ဖြစ်သည်။

အိမ်တွင်းအကြမ်းဖက်မှု ပြစ်မှုသည် အခြား ဥပဒေများ (ဥပမာ — ရာဇသတ်ကြီးဥပဒေ) အရ လည်း ပြစ်မှုဖြစ်ပြီး ပိုမိုမြင့်မားသော အများဆုံးဒဏ်ပေးမှု ရှိပါက အမှုကို ရာဇဝတ်မှု တရားရုံး တွင်လည်း စစ်ဆေးနိုင်သည်။ ဥပမာအားဖြင့် လုပ်ရပ်တွင် အိမ်တွင်းအကြမ်းဖက်မှုနှင့် လူသတ် ရန် ကြိုးပမ်းမှု နှစ်မျိုးစလုံး ပါဝင်ပါက ရာဇဝတ်မှု တရားရုံး သို့မဟုတ် ပြည်နယ် တရားရုံးတွင် စီရင်ပိုင်ခွင့် ရှိမည် ဖြစ်သည်။

## ယာယီ ကာကွယ်ရေးအမိန့် (Provisional Relief Measures)

**ယာယီကာကွယ်ရေးအမိန့်တွင် ကလေးထိန်းသိမ်းခွင့် ပါဝင်နိုင်ပါသလား။**

**ဖြေ** – ပါဝင်နိုင်ပါသည်။

အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေးဥပဒေအရ ယာယီ ကာကွယ်ရေးအမိန့်သည် အလွန်ကျယ်ပြန့်သည့်အတွက် သက်ဆိုင်ရာ အာဏာပိုင်အရာရှိသည် လိုအပ်သလိုနှင့် သင့်လျော်သလို မည်သည့်အမိန့်မဆို ထုတ်ပြန်နိုင်သည်။ ထိုအမိန့်တွင် အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်သူအား အခြေခံ "ကူညီထောက်ပံ့ရေး ရန်ပုံငွေ" ပေးဆောင်ရန်၊ အိမ်တွင်းအကြမ်းဖက်မှုကြောင့်ဖြစ်ပေါ်သည့် ထိခိုက်ပျက်စီးမှုအတွက် ကနဦးလျော်ကြေးငွေ ပေးဆောင်ရန် သို့မဟုတ် လိုအပ်သော ကုန်ကျစရိတ်များ ပေးဆောင်ရန် အမိန့်နှင့် ကလေး၏ စောင့်ရှောက်ရေးနှင့် သက်ဆိုင်သည့် အမိန့်များလည်း ပါဝင်နိုင်သည်။

ထို့ကြောင့် ဤယာယီအမိန့်တွင် ကလေးအား ယာယီ ထိန်းသိမ်းစောင့်ရှောက်ခွင့် သို့မဟုတ် ကလေးထောက်ပံ့ကြေးနှင့် သက်ဆိုင်သော အချက်များလည်း ပါဝင်နိုင်သည်။

**အကြမ်းဖက်မှုကျူးလွန်သူကို အိမ်မှ ထွက်ခွာစေရန် သို့မဟုတ် အကြမ်းဖက်ခံရသူ မကြာခဏ သွားလာနေသော နေရာများသို့ မချဉ်းကပ်စေရန် အမိန့်ချနိုင်ပါသလား။**

**ဖြေ** – ချနိုင်သည်။ အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေး ဥပဒေအရ ယာယီ ကာကွယ်ရေးအမိန့်တွင် အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်သူအား မိသားစု၏ နေအိမ်ဝန်းထဲသို့ ဝင်မလာနိုင်စေရန် သို့မဟုတ် မိသားစုဝင် တဦးဦးထံ ချဉ်းကပ်ခြင်း မပြုရန် တားမြစ်သည့် အမိန့် ပါဝင်သည်။

**ယာယီ ကာကွယ်ရေးအမိန့်သည် အချိန်ဘယ်လောက်ကြာမှ အကျိုးသက်ရောက်မှုရှိသနည်း။ အရေးပေါ်အခြေအနေတွင် အသုံးဝင်ပါသလား။**

**ဖြေ** – အသုံးဝင်ပါသည်။ သက်ဆိုင်ရာ အာဏာပိုင်အရာရှိက လိုအပ်သည်ဟု ထင်မြင်ပါက ယာယီ ကာကွယ်ရေးအမိန့်ကို ချက်ချင်း စတင်နိုင်သည်။ သို့ရာတွင် တရားရုံးမှ သီးသန့် ချမှတ်ထားသည့်အမိန့်မရှိပါက ယာယီ ကာကွယ်ရေးအမိန့်ကို ၄၈ နာရီအထိသာ ခွင့်ပြုပေးနိုင်သည်။

အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေးဥပဒေအရ သက်ဆိုင်ရာ အာဏာပိုင်အရာရှိသည် အကြမ်းဖက်မှုကျူးလွန်သူ မတက်ရောက်နိုင်သည့်အချိန်တွင်ပင် ယာယီ ကာကွယ်ရေးအမိန့် ထုတ်ပြန် နိုင်သည်။

## လူမှုကူညီရေးဆိုင်ရာ ကာကွယ်မှုအမိန့်များ

### ၁။ အရေးပေါ် ကာကွယ်မှုအမိန့်/ ယာယီကာကွယ်ရေးအမိန့်

ကျူးလွန်ခံရသူအပေါ် ချက်ချင်းကျရောက်နိုင်သည့် အန္တရာယ်ရှိသည့်အခါ ချက်ချင်းထုတ်ပြန်ပေးသည့် အမိန့်ဖြစ်သည်။ ကျူးလွန်သူအား ကျူးလွန်ခံရသူနှင့် ဆက်သွယ်ခြင်း သို့မဟုတ် ချဉ်းကပ်ခြင်း မပြုရန် တားမြစ်နိုင်သည်။ ကျူးလွန်သူကိုလည်း နေအိမ်မှ ထွက်ခွာစေရန် အမိန့်ချမှတ်နိုင်သည်။

### ၂။ အထွေထွေ ကာကွယ်မှုအမိန့် (General Protection Order)

တရားရုံးကြားနာမှု ပြုလုပ်ပြီး ကျူးလွန်သူနှင့် ကျူးလွန်ခံရသူ နှစ်ဖက်စလုံး တက်ရောက်ကြားနာပြီးနောက် ထုတ်ပြန်သည့် အမိန့်ဖြစ်သည်။ ကျူးလွန်သူ၏ အပြုအမူများအပေါ် ရေရှည် တားမြစ်ချက်များ ချမှတ်နိုင်သည်။ အကြမ်းဖက်မှုကျူးလွန်သူအား မဖြစ်မနေ အကြံပေးဆွေးနွေးမှု ခံယူစေရန်လည်း အမိန့်ချမှတ်နိုင်သည်။

### ၃။ အရွယ်မရောက်သေးသူများအတွက် ကာကွယ်မှုအမိန့်

အိမ်တွင်းအကြမ်းဖက်မှု၏ သက်ရောက်မှုကို ခံစားနေရသော ကလေးသူငယ်များအား အထူးကာကွယ်ပေးသည့် အမိန့်ဖြစ်သည်။ ကလေးသူငယ်၏ လုံခြုံရေးအတွက် ပိုမိုသင့်လျော်သော အုပ်ထိန်းသူထံ ယာယီအုပ်ထိန်းခွင့် ပေးအပ်နိုင်သည်။

- **လူမှုကူညီရေးဆိုင်ရာ ကာကွယ်မှုအမိန့် လျှောက်ထားနိုင်သည့် အချိန်**

အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေးဥပဒေအရ တိုင်ကြားမှုကို အကြမ်းဖက်ခံရသူတွင် တိုင်ကြားနိုင်သည့် စွမ်းဆောင်ရည် သို့မဟုတ် အခွင့်အရေး ရရှိသည့် နေ့မှ စ၍ သုံးလအတွင်း ပြုလုပ်ရမည် ဖြစ်သည်။

- **တရားရုံးတွင် မည်သူ ဆုံးဖြတ်ချက်ချသနည်း**

စုံစမ်းစစ်ဆေးရေး သို့မဟုတ် စစ်ဆေးကြားနာနေစဉ်အတွင်း လူငယ်နှင့် မိသားစု တရားရုံးသည် မည်သည့် ကာကွယ်ရေးစီမံချက်အမိန့် ကိုမဆို ချမှတ်နိုင်သည်။ ထို့ပြင် အရာရှိမှ ထုတ်ပြန်ထားသော ကာကွယ်ရေးအမိန့်ကို ၄၈ နာရီ ကန့်သတ်ချက်ကျော်လွန်ပြီး ဆက်လက်အတည်ပြုမည်

ကိုလည်း တရားရုံးမှ ဆုံးဖြတ်နိုင်သည်။ တရားရုံးတွင် ယခင်အမိန့်များကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အခြေအနေအသစ်များ ထပ်မံ သတ်မှတ်ခြင်း ပြုလုပ်နိုင်သည့် အခွင့်အာဏာ ရှိသည်။

- **ကလေးတဦးကို မျက်မြင်သက်သေအဖြစ် ခေါ်ယူနိုင်ပါသလား**

ခေါ်ယူနိုင်ပါသည်။ သို့သော် ထိုကလေးသည် မျက်မြင်သက်သေအဖြစ် ထွက်ဆိုရာတွင် စိတ်ရောဂါပညာရှင် သို့မဟုတ် လူမှုဝန်ထမ်းတဦးဦး နှင့်အတူ တက်ရောက်ရမည် ဖြစ်ပြီး ကလေးက တောင်းဆိုသည့် ပုဂ္ဂိုလ်တဦးနှင့် အစိုးရရှေ့နေတို့လည်း တက်ရောက်ရမည် ဖြစ်သည်။

- **အကြမ်းဖက်ရသူများအတွက် ရရှိနိုင်သည့် ကုစားမှုများ**

အကြမ်းဖက်ခံရသူသည် ကုန်ကျစရိတ်များ ပြန်လည်ထုတ်ယူခြင်း၊ လျော်ကြေးငွေ ရယူခြင်း သို့မဟုတ် ဆုံးရှုံးသွားသော လုပ်ခလစာ ပြန်လည် ရယူနိုင်သော်လည်း ၎င်းသည် သက်ဆိုင်ရာ အာဏာပိုင်၏ ဆုံးဖြတ်ချက်ပေါ် မူတည်သည်။

- **အကြမ်းဖက်ခံရသူသည် ကလေးဖြစ်ပါက မည်သို့လုပ်ဆောင်မည်နည်း။**

အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေးဥပဒေအစား ကလေးသူငယ် ကာကွယ်ရေးဥပဒေ (ထိုင်းသက္ကရာဇ်၂၅၄၆ / ခရစ်နှစ် ၂၀၀၃) ကို အသုံးပြုနိုင်သည်။

- **အိမ်တွင်းအကြမ်းဖက်မှု အမှုများတွင် ကလေး ထိန်းသိမ်းစောင့်ရှောက်ခွင့် သို့မဟုတ် တွေ့ဆုံခွင့် ဆုံးဖြတ်ရာတွင် တရားသူကြီးများ အထူးစည်းမျဉ်းများကို လိုက်နာပါသလား။**

အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေးဥပဒေအရ ယေဘုယျအားဖြင့် တရားရုံးသည် အိမ်တွင်းအကြမ်းဖက်မှုခံရသူ၏ အခွင့်အရေးများကို ကာကွယ်ရေးကို ထည့်သွင်းစဉ်းစားမည် ဖြစ်သည်။ ထို့ပြင် အိမ်ထောင်ရေး အခြေအနေကို ထိန်းသိမ်းကာကွယ်ရေး (မထိန်းသိမ်းနိုင်ပါက ကလေး၏ အကျိုးစီးပွားနှင့် အနာဂတ်ကို ဦးစားပေးစဉ်းစား၍ မျှတမှုရှိပြီး ထိခိုက်နစ်နာမှု အနည်းဆုံးဖြင့် ကွာရှင်းမှုကို ဆောင်ရွက်မည်) ကိုလည်း စဉ်းစားမည် ဖြစ်သည်။

မိသားစုကာကွယ်ရေးနှင့် ထောက်ပံ့ကူညီရေး (အထူးသဖြင့် မိသားစုဝင်အနက် အသက်မပြည့်သေးသူကို စောင့်ရှောက်ခြင်းနှင့် ပညာရေးပံ့ပိုးခြင်းတာဝန်ရှိသည့် အခြေအနေများရှိပါက) ကိုလည်း ထည့်သွင်း စဉ်းစားမည် ဖြစ်သည်။ ထို့အပြင် လင်–မယားနှင့် မိသားစုဝင်များ အပြန်အလှန် သင့်မြတ်စွာ နေထိုင်နိုင်ရန်နှင့် မိဘနှင့် ကလေးအကြား ဆက်ဆံရေးကောင်းမွန်စေရန် ကူညီနိုင်သော မတူညီသည့် အစီအမံများကိုလည်း စဉ်းစားမည် ဖြစ်သည်။

- **ရာဇဝတ်မှုဆိုင်ရာပြစ်ဒဏ်များ ရှိပါသလား။**

ရှိပါသည်။ အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေး ဥပဒေ အရ အိမ်တွင်းအကြမ်းဖက်မှုသည် ရာဇဝတ်မှုမြောက်ပြီး ပြစ်မှုကျူးလွန်သူသည် အများဆုံး ထောင်ဒဏ် ခြောက်လ နှင့်/သို့မဟုတ် အများဆုံး ဒဏ်ငွေ ဘတ် ၆,၀၀၀ အထိ ချမှတ်ခံရနိုင်သည်။

- **ချမှတ်ထားသည့်ကာကွယ်ရေးအမိန့်ကို ချိုးဖောက်ပါက မည်သို့ဖြစ်မည်နည်း။**

အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေး ဥပဒေ အရ သက်ဆိုင်ရာ အာဏာပိုင်အရာရှိမှ ထုတ်ပြန်ထားပြီးသည့် (သို့မဟုတ်) တရားရုံးမှ အတည်ပြုထားသော ယာယီ ကာကွယ်ရေးအမိန့်ကို ချိုးဖောက်ပါက ပြစ်မှုကျူးလွန်သူသည် အများဆုံး ထောင်ဒဏ် သုံးလ နှင့်/သို့မဟုတ် အများဆုံး ဒဏ်ငွေ ဘတ် ၃,၀၀၀ ချမှတ်ခံရနိုင်သည်။ တရားရုံးမှ ထုတ်ပြန်ထားသော ယာယီ ကာကွယ်ရေးအမိန့်ကို ချိုးဖောက်ပါက အများဆုံး ထောင်ဒဏ် ခြောက်လ နှင့်/သို့မဟုတ် အများဆုံး ဒဏ်ငွေ ဘတ် ၆,၀၀၀ အထိ ချမှတ်ခံရနိုင်သည်။

- **အခြား ပြစ်ဒဏ်အမျိုးအစားများ ရှိပါသလား။**

အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေး ဥပဒေအရ တရားရုံးသည် ပြစ်မှုကျူးလွန်သူ၏ အပြုအမူကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန်၊ ကုသရန်နှင့် ထိန်းချုပ်ရန် နည်းလမ်းများ သတ်မှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုကျူးလွန်သူမှ ကူညီထောက်ပံ့ရေး ရန်ပုံငွေ ပေးဆောင်ရန် သို့မဟုတ် လူမှုအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်။ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်စေသည့် အပြုအမူများကို ရှောင်ကျဉ်ရန် အမိန့်ချနိုင်ပြီး ပြစ်ဒဏ်ချမှတ်မည့်အစား ကတိခံဝန်ချက်ဖြင့် စောင့်ကြည့်ခြင်း (parole) အမိန့်ချနိုင်သည်။

## ဥပဒေကို စောင့်ကြည့်ပါ

၂၀၂၅ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ဝန်ကြီးများရုံးသည် လူမှုဖွံ့ဖြိုးရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနမှ တင်ပြသော အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်ခံရသူများကို ပိုမိုကာကွယ်နိုင်ရန် ရည်ရွယ်သည့် ဥပဒေမူကြမ်းတရပ်ကို အတည်ပြုခဲ့သည်။ ယင်းမူကြမ်းသည် အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေးဥပဒေ (၂၀၀၇) ကို ပြင်ဆင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

ပြင်ဆင်ချက်အရ "အိမ်တွင်းအကြမ်းဖက်မှု" ၏ အဓိပ္ပါယ်ကို ပိုမိုကျယ်ပြန့်စေပြီး

- လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု (sexual harassment)
- ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ဖြစ်စေရန် ရည်ရွယ်သော လုပ်ရပ်များ
- လူတစ်ဦး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် လုပ်ရပ်များ

ကိုလည်း ပါဝင်စေရန် သတ်မှတ်ထားသည်။

ထို့ပြင် မှုကြမ်းတွင် ပြစ်ဒဏ်များကိုလည်း တိုးမြှင့်ထားသည်။

- ပြစ်မှုကျူးလွန်သူသည် အများဆုံး ထောင်ဒဏ် ၆ လ သို့မဟုတ် ဒဏ်ငွေ ဘတ် ၆၀,၀၀၀ အထိ(ယခင် ၆,၀၀၀ ဘတ်မှ တိုးမြှင့်ထားခြင်း) သို့မဟုတ် နှစ်မျိုးလုံး ချမှတ်ခံရနိုင်သည်။
- ယခင်ပြစ်မှုကျူးလွန်ပြီး ၃ နှစ်အတွင်း ထပ်မံကျူးလွန်ပါက သို့မဟုတ် အသက် ၁၈ နှစ်အောက် ကလေးငယ်များအပေါ် ကျူးလွန်ပါက ဥပဒေတွင် သတ်မှတ်ထားသော ပြစ်ဒဏ်ထက် ၅၀ ရာခိုင်နှုန်းထိ ပိုမိုပြင်းထန်စွာ ချမှတ်နိုင်သည်။

အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေးဥပဒေကို ပြင်ဆင်ချက်များသည် အိမ်တွင်းအကြမ်းဖက်မှု ထပ်တလဲလဲဖြစ်ပွားခြင်းကို ကာကွယ်ရန်၊ ကျူးလွန်ခံရသူ၏ အကျိုးစီးပွားအား ကာကွယ်ပေးရန်နှင့် ကျူးလွန်ခံရသူအား အာဏာပိုင်များမှ လိုအပ်သည်များ ထိရောက်စွာကူညီပေးနိုင်ရန်ရည်ရွယ်သည်။[5]

အဆိုပြုထားသော ပြင်ဆင်ချက်များကို ယခုအချိန်ထိ (ဒီဇင်ဘာ ၂၀၂၅ အထိ) တရားဝင် တော်ဝင်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်း မရှိသေးသောကြောင့် အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်ရေး ဥပဒေ ၏ ပြင်ဆင်ချက်အဖြစ် ဥပဒေအာဏာသက်ဝင်ခြင်း မရှိသေးပါ။

သို့သော် ရာဇဝတ်မှု ဥပဒေ ပြင်ဆင်ချက် အမှတ် (၃၀)အရ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု၏ အဓိပ္ပါယ်ကို ပိုမိုကျယ်ပြန့်စွာ သတ်မှတ်ထားပြီးဖြစ်သည်။ ထို့ကြောင့် အိမ်တွင်းအကြမ်းဖက်မှု ခံရသူများသည် ရာဇဝတ်တရားရုံးမှတဆင့် တရားမျှတမှု ရှာဖွေနိုင်ပါသည်။ သို့ရာတွင် မိသားစုဝင်များ ပါဝင်သော အမှုများတွင် ယင်းနည်းလမ်းသည် လုပ်ငန်းစဉ်ရှုပ်ထွေးပြီး ခက်ခဲနိုင်သည်။

ထို့ကြောင့် အိမ်တွင်းအကြမ်းဖက်မှု ခံရသူများ ကာကွယ်ရေး ဥပဒေ ( ထိုင်းသက္ကရာဇ် ၂၅၅၀) အပေါ် ပြင်ဆင်ချက်များနှင့် ပတ်သက်၍ နောက်ဆုံးသတင်းအချက်အလက်များကို ဆက်လက်စောင့်ကြည့်ရန် လိုအပ်သည်။

[5] https://thailand.prd.go.th/en/content/category/detail/id/48/iid/374462#:~:text=2550%20(2007).,in-creases%20penalties%20for%20domestic%20violence.

## အားနည်းချက်များနှင့် တုံ့ပြန်နိုင်သည့်နည်းလမ်းများ

အလိုအလျောက် တုံ့ပြန်မှုစနစ်သည် အကြမ်းဖက်မှုနှင့် ထိပါးနှောင့်ယှက်မှုများကို ကြုံတွေ့နေရသော နစ်နာသူများအား ကာကွယ်ရန် ဆောင်ရွက်နိုင်သည့် အဆင့်များကို ဖော်ပြထားပါသည်။ သို့သော် အမျိုးသမီးအဖွဲ့များနှင့် ရွှေ့ပြောင်းအလုပ်သမားအဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်မှု သို့မဟုတ် ထိပါးနှောင့်ယှက်မှုများ ဖြစ်ပွားပြီးမှသာ တုံ့ပြန်နေသင့်သည် မဟုတ်ပါ။

အမျိုးသမီးများအပေါ် အနိုင်ကျင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေသော စိတ်နေသဘောထားများကို ပြောင်းလဲနိုင်ရန်၊ ထို့ပြင် ပြဿနာများ မဖြစ်ပေါ်မီ ကြိုတင်ကာကွယ်ဖြေရှင်းနိုင်ရန် ရည်ရွယ်သည့် အသိပညာမြှင့်တင်ရေးလှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

အောက်ပါဇယားတွင် ရွှေ့ပြောင်းအမျိုးသမီးအဖွဲ့များက တွေ့ရှိထားသော အားနည်းချက်အချို့ကို ဖော်ပြထားပြီး၊ ရွှေ့ပြောင်းအမျိုးသမီးများ ပိုမိုလုံခြုံစိတ်ချစွာ နေထိုင်နိုင်ရန်နှင့် ARM ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ဖြေရှင်းရန် လိုအပ်သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားပါသည်။ ထို့အပြင် အဆိုပါ အားနည်းချက်များနှင့်အတူ ရွှေ့ပြောင်းအသိုင်းအဝိုင်းအတွင်း ဆောင်ရွက်နိုင်သည့် တုံ့ပြန်မှုများ သို့မဟုတ် လုပ်ဆောင်ချက်များကိုလည်း ဖော်ပြထားပါသည်။

ရွှေ့ပြောင်းအမျိုးသမီးအဖွဲ့များအနေဖြင့် မိမိတို့၏ အသိုင်းအဝိုင်းအတွင်း ထွက်ပေါ်လာသော အားနည်းချက်များနှင့် တုံ့ပြန်ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ထပ်မံဖြည့်စွက်နိုင်ပါသည်။

| | အားနည်းချက်များ/ ပြဿနာများ | တုံ့ပြန်နိုင်သည့် နည်းလမ်းများ |
|---|---|---|
| လူမှုအသိုင်းအဝိုင်း | • လူမှုအသိုင်းအဝိုင်းတွင် ထိပါးနှောင့်ယှက်မှု၊ မုဒိမ်းမှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှု အကြောင်း သတင်းအချက်အလက် သိထားခြင်း မရှိနိုင်ပါ။ | • လူမှုအသိုင်းအဝိုင်းအတွင်း ထိပါးနှောင့်ယှက်မှု၊ မုဒိမ်းမှု၊ နှင့် အိမ်တွင်းအကြမ်းဖက်မှု နှင့်ဆိုင်သည့် အခြေခံ သတင်းအချက် အလက်များနှင့် ထိုသို့ အခြေအနေများ ကြုံတွေ့ရပါက မည်သို့ ဆောင်ရွက်ရမည်ကို ဖော်ပြထားသော ပိုစတာများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း<br><br>• အမျိုးသားများနှင့် ပူးပေါင်းကာ လှုပ်ရှားမှုများ ပြုလုပ်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု လျော့နည်းစေရန် အသိပညာမြှင့်တင်ခြင်း |

| | | |
|---|---|---|
| | • ကျူးလွန်ခံရသူသည် ကြောက်ရွံ့ခြင်း၊ ရှက်ခြင်း၊ လူမှုအသိုင်းအဝိုင်းမှ ကဲ့ရဲ့ ပြစ်တင်မည်ကို စိုးရိမ်ခြင်းတို့ကြောင့် မည်သူနှင့်မျှ ထိုအကြောင်း မပြောဆိုလို ခြင်း ဖြစ်နိုင်သည်။ | • လိင်နှင့် ဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှုများ နှင့် သက်ဆိုင်ရာ ဥပဒေရေးရာကိစ္စများ အကြောင်း ကမ်ပိန်း လှုပ်ရှားမှုများနှင့် သင်တန်း များ စဉ်ဆက်မပြတ် စီစဉ်ပြုလုပ်ခြင်း<br><br>• ရွှေ့ပြောင်းအမျိုးသမီးများအား စွမ်း ဆောင်ရည် မြှင့်တင်ရေး လှုပ်ရှားမှု များ ဆက်လက်လုပ်ဆောင်ခြင်း |
| | • လူမှုအသိုင်းအဝိုင်းမှ အမျိုးသမီး များ၏ ပြောဆို ချက်ကို မယုံကြည်ခြင်း မျိုးလည်း ရှိနိုင်သည် | • အမျိုးသမီးများအပေါ် အကြမ်းဖက် မှုနှင့် ပတ်သက်သည့် အကြောင်းအရာများကို လူထု ဆွေးနွေးပွဲများတွင် ထည့်သွင်း ဆွေးနွေးခြင်း စသဖြင့် အသိပညာ ပေး ကမ်ပိန်းလှုပ်ရှားမှုများ ပြုလုပ် ခြင်း |
| | • ရပ်ရွာထဲရှိ တချို့သော အမျိုးသမီး များသည် ကဲ့ရဲ့ရှုတ်ချတတ်ခြင်း၊ ကျူးလွန်ခံရသူအား အပြစ်တင်ခြင်း၊ သို့မဟုတ် ကူညီပေးရန် လိုအပ် သည့် သတင်းအချက်အလက် အလုံအလောက် မရှိခြင်းမျိုး ဖြစ်နိုင် ပါသည်။ | • အခြေခံနှစ်သိမ့်ဆွေးနွေး အကြံပေး ခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကို ရပ်ရွာထဲရှိ အမျိုးသမီးများ အတွက် စီစဉ်ပြုလုပ်ခြင်း<br><br>• အမျိုးသမီးအဖွဲ့အစည်းများ၊ NGO များ၊ အစိုးရအေဂျင်စီများ၏ ဖုန်း နံပါတ်များ၊ တာဝန်ခံပုဂ္ဂိုလ် များ၏ ဆက်သွယ်ရန်အချက်အလက်များ၊ အဖွဲ့အစည်း တစ်ခုချင်းစီ၏ ဝန်ဆောင်မှု အခန်းကဏ္ဍများနှင့် အခမဲ့ တယ်လီဖုန်း ဝန်ဆောင်မှုများ ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်း |

| | | |
|---|---|---|
| ရွှေ့ပြောင်း အမျိုးသမီး ခေါင်းဆောင်များ သို့မဟုတ် ဒေသ တွင်းရှိ ရပ်ရွာလူထု အခြေပြု အဖွဲ့ အစည်းများ | • ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများ အနေဖြင့် အမှုမှတ်တမ်းပုံစံများကို ဖြည့်စွက်ရန် ကျွမ်းကျင်မှုမရှိခြင်း ဖြစ်နိုင်သည်။ | • ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများ အတွက် သက်ဆိုင်ရာ လိုအပ်သည့် သင်တန်းများပေးခြင်း |
| | • ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများ အနေဖြင့် အမှုတိုးတက်မှုကို အကဲဖြတ်စောင့်ကြည့် နိုင်သည့် ကျွမ်းကျင်မှု မရှိခြင်း ဖြစ်နိုင်သည်။ | • အလိုအလျောက်တုံ့ပြန်မှုစနစ် စာအုပ် အသုံးပြုမှုကို ပိုမိုကောင်းမွန်စေရန်၊ ထိုစနစ် အသုံးပြုနေသော လူမှုအသိုင်းအဝိုင်း၏ အတွေ့အကြုံများ အပေါ်အခြေခံ၍ လိုအပ်သလို မိတ်ဆက်ခြင်းနှင့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် သက်ဆိုင်သူများနှင့် ပုံမှန် ဆွေးနွေးပွဲများ စီစဉ်ပြုလုပ်ခြင်း<br><br>• ထောက်ပံ့ပေးသည့်အဖွဲ့များနှင့် အကြံပေးဆွေးနွေးပွဲများ စီစဉ်ပြုလုပ်ခြင်း |
| | • အမျိုးသမီးအဖွဲ့အစည်းများသည် လုံခြုံသော နေရာထိုင်ခင်း သို့မဟုတ် လုံခြုံရေး ထောက်ပံ့ပေးနိုင်ရန် အခက်အခဲရှိနိုင်သည်။ | • လုံခြုံသော နေရာထိုင်ခင်းနှင့် လုံခြုံရေး ထောက်ပံ့ပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း။<br><br>• အလိုအလျောက်တုံ့ပြန်စနစ်ထဲတွင် ပါရှိသော ခိုနားနိုင်သည့် နေရာများ စာရင်းကို ကိုးကားခြင်း။ |
| | • ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်း ကွန်ယက်များအတွင်း လျှို့ဝှက်ချက်ကို ထိန်းသိမ်းရန် ခက်ခဲနိုင်သည်။ | • လျှို့ဝှက်ချက် ထိန်းသိမ်းထားမှု ဆိုင်ရာ ကိစ္စများအတွက် အဖွဲ့ဝင်များ လိုက်နာရန် လမ်းညွှန်ချက်များ ရေးဆွဲနိုင်ရန် အဖွဲ့အစည်းများက မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ခြင်း။ |

| | | |
|---|---|---|
| | • အဖွဲ့အစည်းများတွင် ဝန်ထမ်းအင်အား မလုံလောက်ခြင်း – ဆိုလိုသည်မှာ နှစ်သိမ့် ဆွေးနွေး အကြံပေးသူအဖြစ် လေ့ကျင့်သင်တန်းပေးထားသော အမျိုးသမီးဝန်ထမ်းများသည် အခြားအဖွဲ့အစည်း တာဝန်များကိုလည်း ထမ်းဆောင်နေရပြီး သေချာစွာ နှစ်သိမ့်ဆွေးနွေး အကြံပေးရန် အချိန်မအားလပ်နိုင်ပါ။ နှစ်သိမ့်ဆွေးနွေးခြင်းအတွက် သီးသန့်ရာထူး လိုအပ်ချက်တစ်ခုအဖြစ် မမြင်ကြခြင်းလည်း ရှိသည်။<br><br>• ရပ်ရွာလူထု အခြေပြုအဖွဲ့အစည်းများသည် အထောက်အထားရှိသော ရွှေ့ပြောင်း အလုပ်သမားများကို ကူညီပေးနိုင်သော်လည်း အထောက်အထားမရှိသော ရွှေ့ပြောင်း အလုပ်သမားများကို ကူညီရာတွင် အခက်အခဲများရှိနိုင်သည်။ | • အဖွဲ့အစည်းများအတွင်း နှစ်သိမ့်ဆွေးနွေး အကြံပေးသူများကို သီးသန့်ရာထူးတခု ပေး၍ ခန့်အပ်ထားခြင်း။ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း သင်တန်းတက်ရောက်မည့်သူများကို ပိုမိုတင်းကျပ်စွာ ရွေးချယ်ခြင်း။ သင်တန်းပြီးဆုံးအောင်မြင်သူများအား နှစ်သိမ့်ဆွေးနွေး အကြံပေးသူအဖြစ် လုပ်ဆောင်ရန် မျှော်လင့်ထားခြင်း<br><br>• NGO များသို့ ညွှန်းပို့သည့်စနစ် တည်ဆောက်ခြင်း။ ရပ်ရွာလူထု အခြေပြုအဖွဲ့အစည်းများနှင့် NGO များအကြား အဖွဲ့တစ်ခုချင်းစီ၏ အခန်းကဏ္ဍနှင့် တာဝန်များကို သတ်မှတ်နိုင်ရန် ဆွေးနွေးပွဲများနှင့် အစည်းအဝေးများ ပြုလုပ်ခြင်း။ |
| ဆေးရုံနှင့် OSCC | • OSCC များနှင့် ဆေးရုံများတွင် ကိုယ်ရေးအချက်အလက်လုံခြုံမှုနှင့် လျှို့ဝှက်ချက်ထိန်းသိမ်းမှု အတွက် မထောက်ပံ့ခြင်းမျိုး ဖြစ်နိုင်သည်။<br><br>• အနီးဆုံးရှိ ဆေးရုံတွင် OSCC မရှိနိုင်ခြင်း ဖြစ်နိုင်ပါသည်။ | • အမျိုးသမီးအဖွဲ့အစည်းများနှင့် NGO များသည် မိမိတို့ဒေသရှိ OSCC များနှင့် ဆက်သွယ်ဆောင်ရွက်ပြီး ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သင့်သည်။<br><br>• ရွှေ့ပြောင်းအမျိုးသမီးများ အများစုနေထိုင်သည့် ဒေသများတွင် အမျိုးသမီးအဖွဲ့အစည်းများ / NGO များ / ရပ်ရွာလူထု အခြေပြုအဖွဲ့အစည်းများသည် အနီးဆုံးရှိ ဆေးရုံများနှင့် ကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်သင့်သည်။ |

| | | |
|---|---|---|
| ကျူးလွန်ခံရသူ | • ကျူးလွန်ခံရသူသည် စိတ်ပိုင်းဆိုင်ရာ ရောဂါရှိသူ၊ ကလေးငယ်တစ်ဦး သို့မဟုတ် အလွန်ပြင်းထန်စွာ စိတ်ဒဏ်ရာရရှိထားသူဖြစ်ပါက မိမိကိုယ်တိုင် ဆုံးဖြတ်နိုင်စွမ်း မရှိနိုင်ပါ။ | • အထက်ပါအခြေအနေများတွင် ဖြစ်ပွားသော မုဒိမ်းမှုများကို ဥပဒေအရ မုဒိန်းမှုမြောက်သည်ဟု သတ်မှတ်ပြီး အမှုကို အလိုအလျောက် တရားရုံးသို့ တင်ပြဆောင်ရွက်ရမည်။ ကျူးလွန်ခံရသူနှင့် ၎င်း၏အနီးဆုံးသူများအကြား ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ ဆက်လက်ထောက်ပံ့နိုင်မည့် အထောက်အပံ့စနစ်တစ်ခု တည်ဆောက်ရန် လိုအပ်ပါသည်။ |
| | • အထောက်အထားမရှိသော ရွှေ့ပြောင်းအလုပ်သမားများသည် အကူအညီတောင်းခံရန် ကြောက်ရွံ့မှုရှိနိုင်ပါသည်။ | • ရွှေ့ပြောင်းအလုပ်သမား NGO များသည် ခွဲခြားဆက်ဆံမှုမရှိသော မူဝါဒကို အခြေခံ၍ လုပ်ဆောင်ကြောင်း၊ အလုပ်သမားများ၏ အခက်အခဲများကို နားထောင်ပြီး အန္တရာယ်များကို ဆွေးနွေးအကဲဖြတ်ကာ ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်နိုင်စေရန် ပံ့ပိုးပေးကြောင်းကို ရွှေ့ပြောင်းအလုပ်သမားအသိုင်းအဝိုင်းအား အသိပေးသင့်ပါသည်။ |
| ရဲဌာန၊ ရဲစခန်းများနှင့် ဥပဒေကြောင်းဆိုင်ရာ လုပ်ငန်းစဉ်များ | • ရဲစခန်းများတွင် အမျိုးသမီးရဲအရာရှိများ အမြဲတမ်းရှိနေခြင်း မရှိနိုင်ပါ။ | • ရဲစခန်းအားလုံးတွင် အမျိုးသမီးရဲအရာရှိများအတွက် လိုအပ်သော ထောက်ပံ့မှုများပေးခြင်း နှင့် စည်းရုံးလှုံ့ဆော်ခြင်း။ |
| | • ရဲများသည် ကျူးလွန်ခံရသူ၏ ခံစားချက်ကို နားမလည်နိုင်ခြင်း နှင့် မေးခွန်းများကို ထိလွယ်ရှလွယ်မဖြစ်ဘဲ မေးမြန်းနည်းကို မသိခြင်း ဖြစ်နိုင်ပါသည်။ | • အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် ရဲဌာနများအား လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ခြင်း။ |

| | | |
|---|---|---|
| | • ရဲစခန်းများတွင် ကျူးလွန်ခံရသူအား စစ်ဆေးမေးမြန်းရန် သီးသန့်အခန်း မရှိခြင်း ဖြစ်နိုင်ပါသည်။ | • ကလေးများနှင့် အကြမ်းဖက်မှုခံရသူများကို စစ်ဆေးမေးမြန်းရန်အတွက် ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေ၏ သတ်မှတ်ချက်များအရ ရဲစခန်းတိုင်းတွင် သီးသန့်အခန်းများထားရှိစေရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု (VAW) ဆိုင်ရာ အမှုများအတွက် အမျိုးသမီးရဲအရာရှိများ တာဝန်ထမ်းဆောင်စေရန် ထောက်ခံအားပေးခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို အကဲဖြတ်စောင့်ကြည့်ခြင်း။ |
| | • ရွှေ့ပြောင်းအလုပ်သမားများအတွက် ဘာသာပြန်များ မရှိခြင်း သို့မဟုတ် အမျိုးသားဘာသာပြန်များသာ ရှိနိုင်ပါသည်။ | • အရပ်ဘက်အဖွဲ့အစည်းများမှ အမျိုးသမီးဘာသာပြန်များကို စီစဉ်ပေးခြင်း။<br><br>• အရပ်ဘက်အဖွဲ့အစည်းများ ကွန်ရက်အတွင်း သင့်လျော်သော ဘာသာပြန်သူများအတွက် လေ့ကျင့်သင်ကြားမှုများ လိုအပ်နိုင်ပြီး ဖြစ်နိုင်ပါက တရားရုံးတွင် ဘာသာပြန်ဆောင်ရွက်နိုင်ရန် အသိအမှတ်ပြုလက်မှတ်ရရှိရေးကိုလည်း ပံ့ပိုးဆောင်ရွက်ခြင်း။ |
| | • မျက်မြင်သက်သေများသည် ရဲထံသို့ တိုင်ကြားရန် ကြောက်ရွံ့နိုင်ပါသည်။ | • သက်သေကာကွယ်ရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း။ |
| | • ကျူးလွန်သူသည် အာဏာရှိသူ သို့မဟုတ် သြဇာလွှမ်းမိုးသူဖြစ်ပါက ကျူးလွန်ခံရသူနှင့် သက်သေများ၏ လုံခြုံရေးကို အာမခံနိုင်ရန် ခက်ခဲနိုင်ပါသည်။ | • အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ကွန်ရက်အစည်းအဝေးများတွင် ဤပြဿနာကို တင်ပြဆွေးနွေး၍ ပူးပေါင်းဖြေရှင်းနည်းများ ရှာဖွေခြင်း။ |

| | | |
|---|---|---|
| | • အမှုတိုးတက်မှု အချိန်ကြာမြင့်နိုင်ပြီး ရဲဌာနမှ အမှုဆက်လက်လိုက်နာဆောင်ရွက်မှု မလုပ်ဆောင်နိုင်သည့် အခြေအနေများ ဖြစ်နိုင်ပါသည်။<br><br>• အချို့အခြေအနေများတွင် ကျူးလွန်ခံရသူအား ဥပဒေအရအမှုဆောင်ရွက်ခြင်းအစား လျော်ကြေးလက်ခံရန် ဖိအားပေးခံရနိုင်ပါသည်။ | • အရပ်ဘက်အဖွဲ့အစည်းများ သို့မဟုတ် ရှေ့နေများမှ ရဲဌာနနှင့် ပုံမှန်နောက်ဆက်တွဲ ဆောင်ရွက်မှုများ ပြုလုပ်ခြင်း။<br><br>• အရပ်ဘက်အဖွဲ့အစည်းများမှ ကျူးလွန်ခံရသူကို လျော်ကြေးလက်ခံခြင်းနှင့် ဥပဒေအရ အမှုဆောင်ရွက်ခြင်းတို့၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို ရှင်းလင်းဖော်ပြပေးပြီး ကျူးလွန်ခံရသူကို ကိုယ်တိုင်ဆုံးဖြတ်နိုင်ရန် ပံ့ပိုးပေးခြင်း။ |
| မီဒီယာ | • အမှုဆောင်ရွက်နေစဉ်အတွင်း သတင်းအချက်အလက်များကို သတင်းမီဒီယာသို့ ပေါက်ကြားနိုင်သည်။<br><br>• အမျိုးသမီးအဖွဲ့အစည်းများသည် မီဒီယာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အကန့်အသတ်များရှိနိုင်ပါသည်။ | • အကြမ်းဖက်မှုဖြစ်စဉ်များကို သတင်းတင်ပြရာတွင် ပူးပေါင်းဆောင်ရွက်မှုရရှိရန် မီဒီယာနှင့် တွေ့ဆုံဆွေးနွေးခြင်း။<br><br>• မီဒီယာလုပ်ငန်းတွင် လုပ်ကိုင်နေသော အခြေအနေကို နားလည်ပြီး ပူးပေါင်းဆောင်ရွက်လိုသူများကို စုစည်းကာ ပြန်လည်မျှဝေခြင်း။ |
| အလုပ်သမား ကာကွယ် စောင့်ရှောက်ရေးရုံး | • အလုပ်သမားကာကွယ်ရေးဥပဒေ ပုဒ်မ ၁၆ အရ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုအမှုများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် အတွေ့အကြုံမရှိခြင်း သို့မဟုတ် ကိုင်တွယ်ဆောင်ရွက်ရန် တွန့်ဆုတ်ခြင်း ဖြစ်နိုင်ပါသည်။ | • အလုပ်ခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် အရပ်ဘက်အဖွဲ့အစည်းများမှ လေ့ကျင့်သင်ကြားမှုများ ပံ့ပိုးပေးသင့်ပါသည်။ အလုပ်ခွင်အတွင်း အကြမ်းဖက်မှုနှင့် ထိပါးနှောင့်ယှက်မှုများကို ပပျောက်ရန် ရည်ရွယ်သည့် ILO Convention အမှတ် ၁၉၀ ကို အတည်ပြုလက်ခံရန် စည်းရုံးလှုံ့ဆော်ခြင်း။ လုပ်ဖော်ကိုင်ဖက်အချင်းချင်း ဖြစ်ပွားသည့် ထိပါးနှောင့်ယှက်မှုများကို အလုပ်သမားကာကွယ်ရေးဥပဒေတွင် ထည့်သွင်းသတ်မှတ်ရန် စည်းရုံးလှုံ့ဆော်ခြင်း။ |

## နောက်ဆက်တွဲ ၁ – ကူညီထောက်ပံ့ပေးနေသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ရမည့် လိပ်စာ အသေးစိတ်များ

| ဥပဒေရေးရာအကူအညီပေးသည့် အဖွဲ့အစည်းများ | | | |
|---|---|---|---|
| စဉ် | ဒေသ | အဖွဲ့အစည်း | ဖုန်းနံပါတ် |
| 1 | Chaing Mai, Mahachai | Human Rights and Development Foundation | 081–5957578 |
| 2 | Mae Sot | Burma Lawyer Council | 088–4981168 |
| 3 | Samutprankan, Bangkok, Mahachai, Samutsarkorn | Rakthai Foundation | 092–8025000 |

| နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနှင့် ဝန်ဆောင်မှု ရယူရန် ညွှန်းပို့ပေးနိုင်သည့်အဖွဲ့အစည်းများ | | | |
|---|---|---|---|
| စဉ် | ဒေသ | အဖွဲ့အစည်း | ဖုန်းနံပါတ် |
| 1 | Chaing Mai, Mahachai | MAP Foundation | 053–328134 |
| 2 | Mae Sot | Migrant Worker Federation | 062–8255738 |
| 3 | | Worker Justic Group | 062–0847204 |
| 4 | | Empower Foundation | 053–282504 |
| 5 | Samutprankan, Bangkok, Mahachai, Samutsarkorn | Raks Thai foundation | 092–8025000 |
| 6 | Chonburi | Right and development for migrant workers network | 096–8561078 |
| 7 | Bangkok | Bangkok sister group | 064–9081454 |
| 8 | Phuket, Phang Nga, Ranong, Suratthani | Foundation for Education and Devel–opment | 076–679574, 083–6334638 |
| 9 | Hat Yai | Labour Rights Foundation | 095–0177298 |
| 10 | Maesot | MAP Foundation | 055–536685 |
| 11 | | Burma Lawyer Council | 088–4381168 |
| 12 | | SAW foundation | 065–4944900 |
| 13 | | Suwannimit Foundation | 055 030 425, 095–6436226 |
| 14 | | Mae Tao Clinic | 062–4674167 |
| 15 | | Joy House | 098–8773439 |
| 16 | | The Rise Center | 092–8088078 |

| နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနှင့် ဝန်ဆောင်မှု ရယူရန် ညွှန်းပို့ပေးနိုင်သည့်အဖွဲ့အစည်းများ | | | |
|---|---|---|---|
| စဉ် | ဒေသ | အဖွဲ့အစည်း | ဖုန်းနံပါတ် |
| 1 | Mae Sai,<br>Chiang Rai Province | Mae Sai Hospital | 053–734224 |
| 2 | | Mae Sai District Public Health Office | 095–6879902 |
| 3 | | Women's and Family Development Learning Center Chiang Rai Province | 1300,<br>053–723950 |
| 4 | | Northern Women's Development Foundation | 053–702763 |
| 5 | | Center for Girls Foundation | 081–882 4985 |
| 6 | Mae Hong Son Prov–ince | Mae Hong Son Provincial Social Development and Human Security Office | 053–611261,<br>053–611205 |
| 7 | | Mae Hong Son Provincial Women's Role Development Fund Office | 053–612196 |
| 8 | Mae Sot | Mae Sot Municipality (Social Work Department) | 055–547449 |
| 9 | | Reliability Center (OSCC) Mae Sot Hos–pital | 1300,<br>055–531224,<br>055–531229,<br>055–531990 |
| 10 | | Tak Provincial Office of Social Devel–opment and Human Security | 055 511 452 |
| 11 | Chiang Mai Province | Chiang Mai Provincial Police | 053 112 716 |
| 12 | | Women's Law and Rural Development Foundation | 053 – 943 572 |
| 13 | | Northern Women's Development Foundation | 053– 702763,<br>053–702764 |
| 14 | | Human Rights and Development Foundation | 081–5957578 |
| 15 | | Baan Dek Foundation | 053– 222 211 |
| 16 | Bangkok | Department of Women's Affairs and Family Institutions | 02–659 6730,<br>1300 |
| 17 | | Pavena Foundation for Children and Women Hotline | 1134 (24 hours)<br>098–4788991,<br>062–5601636,<br>081–8901355 |
| 18 | | The Foundation for Women (FFW) | 0–2433–5149,<br>0–2435–1246 |
| 19 | | Association for the Promotion of the Status of Women (Emergency Shel–ters) | 029–292308,<br>029–2923013<br>Ext. 109 |

| | | | |
|---|---|---|---|
| 20 | | GIRL x GIRL Thailand | 065–9955191 |
| 21 | | Pratthanadee Foundation | 02–3314731 |
| 22 | | Good Shepherd Thailand | 085–9086560 |
| 23 | | National Women's Council under the Patronage of the Queen | 02–1179353 |
| 24 | | Friend of Women Foundation | 02–5131001 |
| 25 | | Alliance Anti Traffic | 02–21451578,<br>061–7138740 |
| 26 | | Tham Thang Foundation, Tantawan Legal Clinic | 085–7429948 |
| 27 | Samut Prakan Province | Social Assistance Hotline (Ministry of Social Security) | 1300<br>(24–hour toll–free) |
| 28 | | Samut Prakan Provincial Social Development and Human Security Office (PMDC) | 0 23–95 2224,<br>023–954136 |
| 29 | | Samut Prakan Children's and Family Home | 0 24–63 59634 |
| 30 | | Samut Prakan Provincial Homeless Protection Center | 0 24–62 6755 |
| 31 | Phuket Province | Phuket Provincial Office of Social Development and Human Security | 076–212762,<br>076–212726 |
| 32 | | Baan Si Chumphaban Foundation | 02 2–45 0457 |
| 33 | Takua Pa District,<br>Phang Nga Province | Phang Nga Provincial Social Develop–ment and Human Security Office | 076– 412 179 |
| 34 | Ranong Province | Provincial Social Development and Human Security Office | 077–80 012830 |
| 35 | | Shelter for the Protection and Welfare of Victims of Human Trafficking | 077-81 0375 6 |
| 36 | Surat Thani Province | Raks Thai Foundation, Surat Thani | 077-960177 |
| 37 | | Surat Thani Provincial Office of Social Development and Human Security | 077 355 080-1 |
| 38 | Hat Yai,<br>Songkhla Province | Provincial Social Development and Human Security Office | 074–31 1188,<br>074–31 3620 |
| 39 | | Shelter for the Protection and Welfare of Victims of Human Trafficking | 074–58 4316 |
| 40 | | Southern Women's and Family Development Learning Center | 074–58 4111 3 |

## နောက်ဆက်တွဲ ၂ – အရေးပေါ် သန္ဓေတားဆေး

### ECPs ဆိုတာဘာလဲ။

ECPs သည် လိင်ဆက်ဆံပြီးနောက် ၇၂ နာရီအတွင်း သောက်သုံးခြင်းဖြင့် ကိုယ်ဝန်မရရှိအောင် ကာကွယ်ပေးနိုင်သော သန္ဓေတားဆေး ဖြစ်ပါသည်။ ၎င်းကို အရေးပေါ်အခြေအနေများတွင်သာ အသုံးပြုသင့်ပါသည်။ ဥပမာအားဖြင့်— မုဒိမ်းမှု ဖြစ်ပွားခြင်း၊ အကာအကွယ်မရှိဘဲ လိင်ဆက်ဆံခဲ့ခြင်း၊ ကွန်ဒုံးပေါက်ပြဲခြင်း စသည့်အခြေအနေများတွင် အသုံးပြုနိုင်ပါသည်။ အမျိုးသမီးအဖွဲ့အစည်းများသည် အရေးပေါ်အခြေအနေများအတွက် ECPs ကို သိုလှောင်ထားနိုင်ပါသည်။

### ဘယ်လို ECPs အမျိုးအစားများကို ဝယ်ယူရရှိနိုင်သလဲ။

အရေးပေါ် သန္ဓေတားဆေး အမျိုးအစား (၂) မျိုး ရှိပါသည်။ POPs (ပရိုဂျက်စတင်ဟော်မုန်းသီးသန့်ပါဝင်သည့် ဆေးပြား)နှင့် COCs (ဟော်မုန်းနှစ်မျိုး ပေါင်းစပ်ပါဝင်သည့် သန္ဓေတားဆေးပြား)တို့ ဖြစ်ပါသည်။

### POPs

POPs တွင် levonorgestrel (လီဗိုနော်ဂျက်စထရယ်) ဟော်မုန်းတစ်မျိုးတည်းသာ ပါဝင်ပါသည်။ ဆေးတစ်ကြိမ်သောက်သည့် ပမာဏမှာ 0.75 mg လီဗိုနော်ဂျက်စထရယ်ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် ၎င်းကို POSTINOR အမည်ဖြင့် ရောင်းချပြီး ဆေးတစ်ကဒ်တွင် ဆေးလုံး (၂) လုံး ပါဝင်သည်။ ဆေးတစ်ကဒ်လျှင် ခန့်မှန်းအားဖြင့် ဘတ် ၄၀ မှ ၆၀ ဝန်းကျင် ကျသင့်ပါသည်။

အကာအကွယ်မရှိဘဲ လိင်ဆက်ဆံပြီးနောက် ၇၂ နာရီအတွင်း ပထမဆေးတစ်လုံး သောက်ပြီးနောက်ထပ် ၁၂ နာရီအကြာတွင် ဒုတိယဆေးတစ်လုံး ထပ်မံသောက်ရပါသည်။ ပထမဆေးလုံးကို မြန်မြန် သောက်လေ ပိုမို ထိရောက်လေ ဖြစ်ပါသည်။ ၂၄ နာရီအတွင်း သောက်ပါက ၉၅% အထိ ထိရောက်မှုရှိ ပါသည်။ ၇၂ နာရီအတွင်း သောက်ပါက ၈၅% အထိ ထိရောက်မှုရှိ ပါသည်။

## COCs

COCs သည် levonorgestrel (လီဗိုနော်ဂျက်စထရယ်) နှင့် ethinyl estradiol (အီသီနိုင်း အက်စထရာဒီအော်လ်) ဟော်မုန်းနှစ်မျိုး ပါဝင်သော ဆေးဖြစ်ပါသည်။ ၂၄ နာရီအတွင်း အသုံးပြုပါက ၈၅% အထိ ထိရောက်မှုရှိပါသည်။ ၇၂ နာရီအတွင်း အသုံးပြုပါက ၅၇% အထိ ထိရောက်မှုရှိပါသည်။ ထိုင်းနိုင်ငံအတွင်း ဆေးဆိုင်အများစုတွင် COCs ကို အစုံလိုက် ရောင်းချကြပြီး ၇၂ နာရီအတွင်း အသုံးပြုရသည့် အရေးပေါ် သန္ဓေတားဆေး ဟု မေးဝယ်နိုင်ပါသည်။ ဆေးကဒ်တစ်ခုလျှင် ခန့်မှန်းအားဖြင့် ဘတ် ၆၀ မှ ၁၀၀ ဝန်းကျင် ကျသင့်ပါသည်။

## ထိုင်းနိုင်ငံတွင် အရေးပေါ် သန္ဓေတားဆေး မေးဝယ်လိုလျှင်

ထိုင်းဘာသာဖြင့် အရေးပေါ် သန္ဓေတားဆေးကို ယေဘုယျအားဖြင့် “ယာမက် ကမ်ဂမ်နတ် ချုတ်ချန်” (ya met kum gam nert chuk chern) ဟု ခေါ်ပါသည်။ သို့သော် POPs အမျိုးအစားအတွက် POSTINOR ဟု တိုက်ရိုက် မေးဝယ်နိုင်ပါသည်။

## ဘယ်သူတွေ ECPs ကို အသုံးပြုနိုင်သလဲ

အရွယ်ရောက်ပြီးသော အမျိုးသမီးများ မည်သူမဆို ECPs ကို အသုံးပြုနိုင်ပါသည်။ ပုံမှန် သန္ဓေတားဆေးများ မသုံးနိုင်သည့် အမျိုးသမီးများလည်း အသုံးပြုနိုင်ပါသည်။ ဥပမာ— မိုင်ဂရိန်းခေါင်းကိုက်ရောဂါရှိသူများ၊ နှလုံးနှင့် သွေးကြောဆိုင်ရာ ပြင်းထန်သော ရောဂါရှိသူများ၊ အသည်းရောဂါ ပြင်းထန်စွာ ဖြစ်ပွားနေသူများ စသည့်အခြေအနေများရှိသည့် အမျိုးသမီးများလည်း ECPs ကို အသုံးပြုနိုင်ပါသည်။

## ECPs အသုံးပြုရာမှ ဖြစ်နိုင်သော လက္ခဏာများ

ECPs အသုံးပြုသည့်အခါ အချို့သော လက္ခဏာများ ဖြစ်ပေါ်နိုင်ပါသည်။ ဥပမာ—မအီမသာ ဖြစ်ခြင်း၊ အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ နို့အုံ နာကျင်ခြင်း၊ ပုံမှန်မဟုတ်သော သွေးဆင်းခြင်း၊ ရာသီပေါ်နောက်ကျခြင်း စသည့် လက္ခဏာများကို ခံစားရနိုင်ပါသည်။ အများအားဖြင့် ဒုတိယဆေးလုံး သောက်ပြီးနောက် ၂၄ နာရီအတွင်း ပျောက်ကင်းသွားတတ်ပါသည်။

COCs ကို အသုံးပြုသောအခါ POPs ထက် မအီမသာဖြစ်ခြင်းနှင့် အန်ခြင်း ပိုဖြစ်နိုင်ပါသည်။ အန်ခြင်းနှင့် မအီမသာဖြစ်ခြင်းကို သက်သာစေရန် အအန်သက်သာစေသည့်ဆေးများ အသုံးပြုနိုင်ပါသည်။

**အကြံပေးဆွေးနွေးရာတွင် ထည့်သွင်းရှင်းလင်းသင့်သော အချက်များ**

- ECPs ကို သတ်မှတ်ထားသော ဆေးပမာဏနှင့် အချိန်အတိုင်း မှန်ကန်စွာ သောက်သုံးရန် ရှင်းလင်းစွာ အကြံပေးရပါမည်။
- အီစထရိုဂျင် ပါဝင်သော ECPs များကို အသုံးပြုသောအခါ မအီမသာဖြစ်ခြင်းနှင့် အန်ခြင်း ကဲ့သို့သော လက္ခဏာများ ဖြစ်နိုင်ကြောင်း အသိပေးရပါမည်။
- မအီမသာဖြစ်ခြင်းနှင့် အန်ခြင်းကို သက်သာစေရန် အအန်သက်သာစေသည့် ဆေးများ (antiemetic drugs) ကို အသုံးပြုနိုင်ကြောင်း ရှင်းပြရပါမည်။ ထို့ပြင် POPs အမျိုးအစား ECPs များတွင် ထိုကဲ့သို့သောလက္ခဏာများ ဖြစ်နိုင်ချေ ပိုမိုနည်းကြောင်းလည်း အသိပေးရပါမည်။
- အကာအကွယ်မရှိဘဲ လိင်ဆက်ဆံပြီးနောက် ၇၂ နာရီအတွင်း ECPs ကို စတင်သောက်သုံးသင့်ပြီး စောစောသောက်လေ ပိုမိုထိရောက်လေ ဖြစ်ကြောင်း အကြံပေးရပါမည်။
- ရာသီပေါ်ရမည့်အချိန်ထက် တစ်ပတ်ကျော် နောက်ကျပါက ကိုယ်ဝန် ရှိ/မရှိ စစ်ဆေးရန် အကြံပေးရပါမည်။
- ဆေးသောက်ပြီး ၂ နာရီအတွင်း အန်ပါက ဆေးကို ထပ်မံသောက်သုံးရန် ကျွမ်းကျင်သူ အချို့က အကြံပြုထားကြောင်း အသိပေးရပါမည်။
- ECPs ကို ဆေးဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း အသိပေးရပါမည်။
- ECPs သောက်ခြင်းသည် ရာသီချက်ချင်းပေါ်စေမည် မဟုတ်ပါ။ သို့သော် ရာသီပေါ်ချိန်သည် ပုံမှန်ထက် ရက်အနည်းငယ် စောခြင်း သို့မဟုတ် နောက်ကျခြင်း ဖြစ်နိုင်ကြောင်း အသိပေးထားရပါမည်။

## နောက်ဆက်တွဲ ၃ – လူမှုကွန်ရက်စာမျက်နှာများပေါ်ရှိ အွန်လိုင်းနှောင့်ယှက်မှုများကို တိုင်ကြားနည်း

### မိုဘိုင်းဖုန်းနှင့်လက်ပ်တော့တွင်အွန်လိုင်းပေါ်မှနှောင့်ယှက်မှုများကို တိုင်ကြားနည်း

၁။ တိုင်ကြားလိုသော– ပို့စ်၊ ကွန်မန့်၊ မက်ဆေ့ချ်၊ ဓာတ်ပုံ သို့မဟုတ် သင်တိုင်ကြားလိုသောအကောင့်ကို ရှာပြီး ဖွင့်ပါ။

၂။ မီနူးကို နှိပ်ပါ – အကြောင်းအရာဘေးရှိ အစက်သုံးစက် (•••) သို့မဟုတ် တိုင်ကြားရန် ကို နှိပ်ပါ။

၃။ တိုင်ကြားရန်ကို ရွေးပါ – အကူအညီရယူရန် သို့မဟုတ် တိုင်ကြားရန် သို့မဟုတ် အလားတူ ရွေးချယ်မှုကို နှိပ်ပါ။

၄။ အကြောင်းပြချက်ကိုရွေးပါ – ဖြစ်ပွားနေသော ပြဿနာနှင့် သက်ဆိုင်သည့် အမျိုးအစားကို ရွေးချယ်ပါ။ ဥပမာ – နှောင့်ယှက်မှု၊ အနှောင့်အယှက်ဖြစ်စေသော မလိုလားအပ်သည့် စာများ၊ သို့မဟုတ် မဖွယ်မရာ/လိင်ပိုင်းဆိုင်ရာ အကြောင်းအရာများ စသည်တို့၊

၅။ လမ်းညွှန်ချက်များအတိုင်း ဆက်လုပ်ပါ – ဖေ့စ်ဘုတ်က တိုင်ကြားမှုလုပ်ငန်းစဉ်အတွင်း ညွှန်ကြားသည့်အတိုင်း လိုအပ်သော အသေးစိတ်အချက်အလက်များကို ဖြည့်သွင်းပါ။

### မက်ဆင်ဂျာမှတိုက်ရိုက်မက်ဆေ့ချ်များအတွက်

- စကားပြောထားသော မက်ဆေ့ချ်များကို ဖွင့်ပါ။ ထို့နောက် အပေါ်ဘက်ရှိ ထိုသူ၏အမည်ကို နှိပ်ပြီး စကားပြောမှုကို တိုင်ကြားရန် သို့မဟုတ် ထိုအသုံးပြုသူကို ဘလော့ရန် ရွေးချယ်မှုများကို ရှာပါ။

ဆက်လက်လုပ်ဆောင်ရန်

- အသုံးပြုသူကို ဘလော့ပါ – တိုင်ကြားရန် ရွေးချယ်သည့် မီနူးထဲမှ ထိုသူကို ဘလော့ခြင်းဖြင့် ထိုသူသည် သင့်ကို ဆက်သွယ်နိုင်ခြင်း သို့မဟုတ် သင့်အကောင့်ကို မြင်နိုင်ခြင်း မရှိတော့ပါ။
- ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ပြင်ဆင်ပါ – သင့်ကို မက်ဆေ့ချ်ပို့နိုင်သည့်သူ သို့မဟုတ် သင့်ပို့စ်များကို မြင်နိုင်သည့်သူများကို စက်တင် များမှတစ်ဆင့် ထိန်းချုပ်နိုင်ပါသည်။
- မျက်နှာပြင်ဓာတ်ပုံများ ရိုက်ယူထားပါ– နှောင့်ယှက်မှုဆိုင်ရာ အထောက်အထားများကို မိမိမှတ်တမ်းအတွက် သိမ်းဆည်းထားပါ။
- အန္တရာယ်ရှိပါက သက်ဆိုင်ရာအာဏာပိုင်များထံတိုင်ကြားပါ– ခြိမ်းခြောက်မှု သို့မဟုတ် ဥပဒေချိုးဖောက်မှုများ ဖြစ်နေသည်ဟု ခံစားရပါက ဒေသဆိုင်ရာ ရဲတပ်ဖွဲ့သို့ တိုင်ကြားပါ။

- မက်တာ–ဖေ့စ်ဘုတ်၏ အကူအညီများကို အသုံးပြုပါ– ခွင့်ပြုချက်မရှိဘဲ မျှဝေထားသော ကိုယ်ရေးကိုယ်တာဓာတ်ပုံများ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ခြိမ်းခြောက်ငွေတောင်းခံမှုများကို ကာကွယ်ရန်အတွက် မက်တာ မှ StopNCII.org ကဲ့သို့သော အကူအညီနှင့် ကာကွယ်ရေးနည်းလမ်းများကို ပံ့ပိုးပေးထားပြီး အသက် ၁၈ နှစ်နှင့်အထက်ရှိသူများ အသုံးပြုနိုင်သည်။

## တစ်တော့ (Tik Tok) တွင်တိုင်ကြားနည်း

### အက်ပလီကေးရှင်းတွင်တိုင်ကြားနည်း

- ပို့စ် / ဗီဒီယို အတွက် – ဗီဒီယိုကို ဖိနှိပ်ထားပြီး “တိုင်ကြားရန် ကို နှိပ်ပါ။ ထို့နောက် သင့်တော်သော အကြောင်းပြချက် (ဥပမာ – မုန်းတီးနှောင့်ယှက်မှု၊ အကြမ်းဖက်မှုနှင့် အမြတ်ထုတ်မှု) ကို ရွေးချယ်ပြီး ပေးပို့ပါ။
- ကွန်မန့် တိုင်ကြားရန် – ကွန်မန့် ကို နှိပ်ပြီး တိုင်ကြားရန် ကို ရွေးချယ်ပါ။ ထို့နောက် သင့်တော်သော အကြောင်းပြချက်ကို ရွေးပြီး ပေးပို့ပါ။
- အကောင့်ပရိုဖိုင်အတွက် တိုင်ကြားရန်– ထိုသူ၏အကောင့်ပရိုဖိုင်ထဲသို့ ဝင်ပြီး အစက်သုံးစက် (သို့) မြှားပုံကို နှိပ်ပါ။ ထို့နောက် တိုင်ကြားရန် ကို ရွေးချယ်ပြီး အမုန်းပွားခြင်းနှင့် နှောင့်ယှက်မှု ကဲ့သို့သော သင့်တော်သည့် အမျိုးအစားကို ရွေးပါ။ ပြီးလျှင် ဖော်ပြထားသည့် အဆင့်များအတိုင်း ဆက်လက်လုပ်ဆောင်ပါ။
- တိုက်ရိုက်စာပို့မှုကို တိုင်ကြားရန် – စကားပြောခန်းကို ဖွင့်ပြီး တိုင်ကြားလိုသော စာကို နှိပ်ပါ။ ထို့နောက် “တိုင်ကြားရန်” ကိုရွေးပြီး သက်ဆိုင်ရာ အကြောင်းရင်းကို ရွေးချယ်ပါ။

### အသေးစိတ်တိုင်ကြားနိုင်သော အွန်လိုင်းဖောင်များ

- ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် ပတ်သက်ပါက — လူငယ်များအပေါ် အမြတ်ထုတ်မှုဆိုင်ရာကိစ္စများကို အသေးစိတ်စစ်ဆေးနိုင်ရန်နှင့် နောက်ဆက်တွဲအခြေအနေများကို သိရှိနိုင်ရန် တစ်တော့ (TikTok) ၏ သီးသန့်တိုင်ကြားမှုဖောင်ကို အသုံးပြုနိုင်ပါသည်။
- အခြားအန္တရာယ်ဖြစ်စေသော အပြုအမူများနှင့် ပတ်သက်ပါက — အန္တရာယ်ဖြစ်စေသော အကြောင်းအရာများကို စစ်ဆေးပေးနိုင်ရန် သက်ဆိုင်ရာ တိုင်ကြားမှုဝက်ဘ်ဆိုက်မှတဆင့် တစ်တော့ (TikTok) ပေါ်ရှိ အကြောင်းအရာများကို တင်ပြတိုင်ကြားနိုင်ပါသည်။

**ဆက်လက်ဖြစ်ပေါ်လာနိုင်သော အခြေအနေများ**

- တစ်တော့ (TikTok) ၏ စိစစ်ရေးအဖွဲ့သည် တိုင်ကြားထားသော အကြောင်းအရာများကို ၎င်းတို့၏ အသိုင်းအဝိုင်းစည်းမျဉ်းများနှင့်အညီ စစ်ဆေးပါသည်။
- စည်းမျဉ်းချိုးဖောက်မှုရှိကြောင်း တွေ့ရှိပါက အရေးယူဆောင်ရွက်မှုများ ပြုလုပ်မည်ဖြစ်ပြီး အကြောင်းအရာဖယ်ရှားခြင်းများလည်း ပါဝင်နိုင်ပါသည်။
- ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုဆိုင်ရာ တိုင်ကြားချက်များအတွက် တစ်တော့ (TikTok) ဘက်မှ စစ်ဆေးဆောင်ရွက်နေသည့် အခြေအနေများကိုလည်း အသိပေးနိုင်ပါသည်။

**အကူအညီလိုအပ်ပါက**

- တစ်တော့ (TikTok) ၏ လုံခြုံရေးဗဟိုတွင် အနိုင်ကျင့်ခံရသူများနှင့် ထိခိုက် နစ်နာသူများအတွက် အထောက်အကူပြု အချက်အလက်များနှင့် အကူအညီများကို ရယူနိုင်ပါသည်။

**တစ်တော့ (TikTok) တွင် တစ်စုံတစ်ဦးကို ဘလော့နည်း**

- တစ်တော့ (TikTok) တွင် တစ်စုံတစ်ဦးကို ဘလော့လိုက်ပါက တစ်ယောက်နှင့်တစ်ယောက်၏ တင်ထားသောအကြောင်းအရာများကို မမြင်နိုင်တော့သလို၊ အကောင့်ကို ရှာဖွေ၍လည်း မတွေ့နိုင်တော့ပါ။ ထို့အပြင် တိုက်ရိုက်စာပို့၍လည်း ဆက်သွယ်နိုင်မည်မဟုတ်ပါ။သို့သော် လူအများပါဝင်သော လိုက်ဖ် (LIVE) အစီအစဉ်များ၊ အခြားသူများနှင့် ကိုယ်တိုင် တွဲတင်ထားသော ဗီဒီယိုများ သို့မဟုတ် အဖွဲ့လိုက်စကားပြောခန်းများတွင် တော့ တွေ့မြင်နိုင်သေးပါသည်။ သင်က တစ်စုံတစ်ဦးကို ဘလော့လိုက်သည်ကို ထိုသူအား အသိပေးမည်မဟုတ်ပါ။ ထို့အပြင် ယခင်ရှိခဲ့သော ချိတ်ဆက်မှုများလည်း ဖယ်ရှားသွားမည်ဖြစ်ပါသည်။ တစ်တော့ (TikTok) ပေါ်ရှိ တစ်စုံတစ်ဦးက အသိုင်းအဝိုင်းစည်းမျဉ်းများကို ချိုးဖောက်နေသည်ဟု ယူဆပါက တစ်တော့ (TikTok) ထံ တိုင်ကြားနိုင်ပါသည်။

**တစ်စုံတစ်ဦးကို ဘလော့ရန်**

၁။ တစ်တော့ (TikTok) အက်ပ်ပလီကေးရှင်းတွင် ဘလော့လိုသူ၏ ကိုယ်ရေး အချက်အလက် စာမျက်နှာသို့ဝင်ပါ။
၂။ အပေါ်ဘက်ရှိမျှဝေရန်ခလုတ်ကိုနှိပ်ပါ။
၃။ အောက်ဘက်ရှိ "ဘလော့ရန်" ကို နှိပ်ပြီး အတည်ပြုရန် ထပ်မံနှိပ်ပါ။

### လူအများကို တစ်ပြိုင်နက် ဘလော့ရန်

၁။ တစ်တော့ (TikTok) အက်ပ်ပလီကေးရှင်းတွင် သင်တင်ထားသော ပို့စ်တစ်ခုသို့ ဝင်ပါ။
၂။ ကွန်မန့်ခလုတ်ကိုနှိပ်ပါ။
၃။ ကွန်မန့်တစ်ခုကို ဖိထားပြီး "ကွန်မန့်များကို စီမံရန်" ကိုရွေးပါ၊ သို့မဟုတ် အပေါ်ဘက်ရှိ စစ်ထုတ်ရန်ခလုတ်ကိုနှိပ်ပါ။
၄။ ဘလော့လိုသော အကောင့်များ၏ ကွန်မန့်များကို ရွေးချယ်ပြီး အောက်ဘက်ရှိ "နောက်ထပ်"ကိုနှိပ်ပါ။
၅။ "အကောင့်များကိုဘလော့ရန်"ကိုနှိပ်ပါ။
၆။ အတည်ပြုရန် "ဘလော့ရန်" ကို ထပ်မံနှိပ်ပါ။

တစ်တော့ (TikTok)တွင် တစ်စုံတစ်ဦးကို ဘလော့ပြီးနောက် သင်၏ ဆက်တင်များထဲတွင် ဘလော့ထားသော အကောင့်စာရင်းကို ကြည့်ရှုနိုင်ပါသည်။

မိဘ သို့မဟုတ် အုပ်ထိန်းသူဖြစ်ပါက မိဘနှင့် ကလေးအကောင့် ချိတ်ဆက်မှုစနစ်မှတဆင့် သင့်ကလေး၏တစ်တော့(TikTok)အကောင့်တွင်ဘလော့ထားသောအကောင့်များအားလုံးကိုလည်း ကြည့်ရှုနိုင်ပါသည်။

### ဘလော့ထားသူကို ပြန်ဖွင့်ရန်

၁။ တစ်တော့ (TikTok) အက်ပ်ပလီကေးရှင်းတွင် ပြန်ဖွင့်လိုသူ၏ ကိုယ်ရေးအချက်အလက်စာမျက်နှာသို့ဝင်ပါ။
၂။ အပေါ်ဘက်ရှိမျှဝေရန်ခလုတ်ကိုနှိပ်ပါ။
၃။ အောက်ဘက်ရှိ "ပြန်ဖွင့်ရန်" ကို နှိပ်ပြီး အတည်ပြုပါ။

ထို့အပြင် Friends Tab နှင့် Following Feed တွင်သာ အကြောင်းအရာများကို ကြည့်ရှုရန် သတ်မှတ်နိုင်ပါသည်။ တိုက်ရိုက်စာပို့မှုဆိုင်ရာ ဆက်တင်များကိုလည်း စီမံနိုင်ပြီး အနှောင့်အယှက်များ လျော့နည်းစေရန် အသိပေးချက်များကို ပိတ်ထားနိုင်ပါသည်။

ထို့ပြင် လူတိုင်းအတွက် မသင့်လျော်နိုင်သော အကြောင်းအရာများကို ထိတွေ့မြင်ရမှု လျော့နည်းစေရန် Restricted Mode ကိုလည်း အသုံးပြုနိုင်ပါသည်။

https://support.tiktok.com/en/using-tiktok/followers-and-following/blocking-the-users

## လိုင်း (LINE) အက်ပ်ပလီကေးရှင်းတွင် စကားပြောခန်းအတွင်းမှ တစ်စုံတစ်ဦး၏ နှောင့်ယှက်မှုကို တိုင်ကြားရန်

၁။ စကားပြောခန်း၏ အပေါ်ဘက်ရှိ မျဉ်းသုံးကြောင်းပုံကို နှိပ်ပြီး ဆက်တင်များသို့ ဝင်ပါ။
၂။ "တိုင်ကြားရန်"ကိုနှိပ်ပါ။
၃။ တိုင်ကြားရသည့် အကြောင်းရင်းကို ရွေးချယ်ပြီး "သဘောတူပြီး ပေးပို့ရန်" ကို နှိပ်ပါ။

**မသင့်လျော်သော စာတိုတစ်စောင်ကို တိုင်ကြားရန်**

၁။ တိုင်ကြားလိုသောစာတိုကိုဖိထားပါ။
၂။ "တိုင်ကြားရန်"ကိုနှိပ်ပါ။
၃။ တိုင်ကြားရသည့် အကြောင်းရင်းကို ရွေးချယ်ပြီး "သဘောတူပြီး ပေးပို့ရန်" ကို နှိပ်ပါ။

ပေးပို့သူကို ဘလော့ထားနိုင်ပါသည်။

သင် တိုင်ကြားထားသည်ကို အဆိုပါသူအား အသိပေးမည်မဟုတ်ပါ။

## နောက်ဆက်တွဲ ၄ – အမှုကိစ္စကူညီမှု နှင့် ပတ်သက်သော အမှုလိုက်ပါကူညီဆောင်ရွက်ပေးသူ/ ထောက်ပံ့ကူညီပေးသူ များအတွက် မှတ်စုများ

### ကျူးလွန်ခံရသူနှင့် ကနဦး ပြောဆိုချက်များ

ကျူးလွန်ခံရသူ နှင့် ပထမအကြိမ် စကားပြောဆိုရာတွင် အဓိက ဦးစားပေးရမည့်အချက်များမှာ ၎င်း၏ လုံခြုံရေးနှင့် လိုအပ်သည့်စောင့်ရှောက်မှုပေးရန်၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးရန်နှင့် ကျူးလွန်သူအနေဖြင့် ရွေးချယ်စရာများကို သိရှိနားလည်စေရန် ဖြစ်ပါသည်။ ဤအဆင့်၏ရည်ရွယ်ချက်မှာ အမှုအားမှတ်တမ်းတင်ခြင်း မဟုတ်ပါ။

ဤကာလအတွင်း ထောက်ပံ့ကူညီပေးသူသည် မိမိ၏ ကိုယ်ပိုင်မှတ်တမ်းထားရှိရန်နှင့် နောက်ဆက်တွဲကူညီဆောင်ရွက်ပေးရန်အတွက် မှတ်စုအကြမ်းကိုရယူနိုင်ပါသည်။ ယင်းမှတ်စုများသည် မိမိတကိုယ်တည်းသိထားရန်အတွက်သာဖြစ်ပြီး အခြားသူများထံ မျှဝေရန် မဟုတ်ပါ။ ဖြစ်နိုင်ပါက ထောက်ပံ့ကူညီပေးသူသည် မှတ်စုယူထားမည့်အကြောင်းကို ကျူးလွန်ခံရအား ကြိုတင် အသိပေးသင့်ပါသည်။

ကျူးလွန်ခံရသူမှ OSCC နှင့်/သို့မဟုတ် ရဲထံ တိုင်ကြားလိုကြောင်း ဆုံးဖြတ်ပါက ပိုမို၍စနစ်ကျစွာ မှတ်တမ်းတင်ရန် လိုအပ်လာမည်ဖြစ်သည်။ ထိုအတွက် ကျူးလွန်ခံရသူ၏ သဘောတူညီချက် (စာဖြင့်) ပါဝင်သည့် အမှုမှတ်တမ်းပုံစံကို ဆေးရုံ သို့မဟုတ် ရဲစခန်းသို့ မတိုင်ကြားမီ သို့မဟုတ် တိုင်ကြားပြီးနောက်တွင် ဖြည့်စွက်ရမည် ဖြစ်ပါသည်။

### လျှို့ဝှက်ထိန်းသိမ်းထားမှု၏ ကန့်သတ်ချက်များ (အထူးအခြေအနေများ)

ဤအမှုမှတ်တမ်းပုံစံတွင် ပါဝင်သော အချက်အလက်များအား လျှို့ဝှက်ထားရှိမည်ဖြစ်ပြီး “အနည်းဆုံး အခြေခံ မဖြစ်မနေ သိရန်လိုအပ်မှသာ” ဟူသော အခြေခံမူအရသာ မျှဝေမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ခိုလှုံရာနေရာ၊ ဥပဒေရေးရာ၊ ကျန်းမာရေး စသည့် အကူအညီများအတွက် အကြံဉာဏ် သို့မဟုတ် ပံ့ပိုးမှု လိုအပ်သည့်အခါမျိုးတွင်သာ မျှဝေမည်ဖြစ်ပြီး၊ ယင်းအခြေအနေများတွင်လည်း ကျူးလွန်ခံရသူ၏ အမည်ကို လုံးဝဖော်ပြမည် မဟုတ်ပါ။

သို့ရာတွင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ကိုက်ညီစေရန်၊ လျှို့ဝှက်ထိန်းသိမ်းထားမှုကို အပြည့်အဝ မစောင့်စည်းနိုင်သော အထူးအခြေအနေများ ရှိနိုင်ပါသည်။ အောက်ဖော်ပြပါကဲ့သို့သော ပြင်းထန်ပြီး အရေးပေါ်အန္တရာယ်ရှိသော အခြေအနေများတွင် ကျူးလွန်ခံရသူ၏ ကြိုတင်သဘောတူညီချက်မရှိဘဲ အချက်အလက်များကို မျှဝေရနိုင်သည် —

- ကလေးတစ်ဦးသည် အန္တရာယ်၊ အလွဲသုံးစားပြုမှု သို့မဟုတ် လျစ်လျူရှုခံရနိုင်သည့် အန္တရာယ်ရှိသည်ဟု ယုံကြည်ရသောအခါ
- ကျူးလွန်ခံရသူ သို့မဟုတ် အခြားသူတစ်ဦး၏ အသက်အန္တရာယ် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးသည် စိုးရိမ်ရသည့် အရေးပေါ် အန္တရာယ်ရှိနေသောအခါ

ယင်းအခြေအနေများတွင် ကျူးလွန်ခံရသူ၏လုံခြုံရေးအရ သက်ဆိုင်ရာ ကာကွယ်ရေး သို့မဟုတ် အရေးပေါ် ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် အချက်အလက်များမျှဝေရာတွင် လိုအပ်သည့် အတိုင်းအတာအထိသာမျှဝေမည် ဖြစ်ပါသည်။

ဖြစ်နိုင်ပါက ကူညီထောက်ပံ့ပေးသူမှ ထိုသို့ မျှဝေမည့်အကြောင်းကို ကျူးလွန်ခံရသူအား ကြိုတင် အသိပေးမည်ဖြစ်ပါသည်။ သို့သော် ထိုသို့ အသိပေးခြင်းကြောင့် ပိုမိုအန္တရာယ်မကြီးထွားလာမည့် အခြေအနေတွင်သာဖြစ်သည်။

## နောက်ဆက်တွဲ ၅ – အမှုမှတ်တမ်းပုံစံ

ရက် ……… / လ ……………… / နှစ် ……………

နေရာ ………………………………………

ကူညီဆောင်ရွက်သူ ………………………………

အမှုအမျိုးအစား ………………………………

### အပိုင်း (၁) ထိခိုက်နစ်နာသူ၏ ကိုယ်ရေးအချက်အလက်

- အမည်အပြည့်အစုံ ………………………………………
- အသက် ………………………………………
- ကျား / မ ………………………………………
- အိမ်ထောင်ရေးအခြေအနေ ………………………………………
- မှီခိုနေရသူများ၏ အချက်အလက် (အမည်၊ အသက်၊ ကျား/မ)
- လက်ရှိအလုပ်အကိုင် ………………………………………
- လက်ရှိနေရပ်လိပ်စာ ………………………………………
- ဖုန်း / Line အကောင့် ………………………………………
- ယုံကြည်စိတ်ချရသော မိတ်ဆွေ သို့မဟုတ် မိသားစုဝင်၏ ဆက်သွယ်ရန်အချက်အလက်
  ………………………………………………………………………
  ………………………………………………………
- ထိုင်းနိုင်ငံရှိ မှတ်ပုံတင် / အထောက်အထားစာရွက်စာတမ်း အချက်အလက် ………………
  ………………………………………………………
- မြန်မာနိုင်ငံရှိ မှတ်ပုံတင်အချက်အလက် ………………………………
  ………………………………………………
- မြန်မာနိုင်ငံရှိ ဆွေမျိုးသားချင်း၏ ဆက်သွယ်ရန်အချက်အလက် ……………………
  ………………………………………………………
- အသက် (၁၈) နှစ်အောက် ကလေးဖြစ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ အမည်
  ………………………………………………………………………
- ဆက်သွယ်ရန်အချက်အလက် ………………………………………………
- ပုံမှန်သောက်သုံးရသော ဆေးဝါးရှိပါသလား။
  - ရှိပါက ယခုအတူ ယူဆောင်ထားပါသလား ………………………………
  - မယူဆောင်ထားပါက ဆေးအမည်ကို သိပါသလား ………………………………

**အပိုင်း (၂) အခြားသိရှိထားသူများ၏ အချက်အလက်**

- ထိခိုက်နစ်နာသူသည် ဖြစ်စဉ်အကြောင်းကို အခြားသူတစ်ဦးဦးအား ပြောပြထားပါသလား။
- ပြောပြထားပါက –
  - အမည်
  - ဆက်သွယ်ရန်အချက်အလက်
- ဖြစ်စဉ်ပြီးနောက် ဆရာဝန်နှင့် သွားရောက်တွေ့ဆုံထားပါသလား။
- ရဲစခန်းသို့ တိုင်ကြားထားပါသလား။

**အပိုင်း (၃) စွပ်စွဲခံရသူ / ကျူးလွန်သူ၏ အချက်အလက်**

ကျူးလွန်သူ၏ အချက်အလက် (သိရှိပါက)

- ကျူးလွန်သူ၏ အမည် ..........................................................................................
- အလုပ်အကိုင် / အလုပ်လုပ်သည့်နေရာ ............................................................
  ..........................................................................................................................
- နေရပ်လိပ်စာ ..........................................................................................
- ကျား / မ ..........................................................................................
- အသက် ..........................................................................................
- ထိခိုက်နစ်နာသူနှင့် ဆက်စပ်မှု (ရှိပါက) ............................................................
  ..........................................................................................................................
- နိုင်ငံသား ..........................................................................................
- ကျူးလွန်သူ၏ ပုံပန်းသဏ္ဍာန် / ဖော်ပြချက် ............................................................
  ..........................................................................................................................
  ..........................................................................................................................
  ..........................................................................................................................

**အပိုင်း (၄) ဖြစ်စဉ် အသေးစိတ်အချက်အလက်**

- ဖြစ်ပွားသည့်နေရာ ..........................................................................................
- ဖြစ်ပွားသည့် ရက်စွဲနှင့် အချိန် .......................................................................
- ဖြစ်စဉ်၏ အသေးစိတ်အချက်အလက်များ ..................................................................
  ....................................................................................................................
  ....................................................................................................................
  ....................................................................................................................
  ....................................................................................................................
  ....................................................................................................................
  ....................................................................................................................
  ..........................................................................
- မျက်မြင်သက်သေများ၏ အချက်အလက်များ ..............................................................
  ....................................................................................................................
  ....................................................................................................................
  ....................................................................................................................
  ..........................................................................

ကျူးလွန်ခံရသူအပေါ် သက်ရောက်မှုများ
- ကိုယ်ခန္ဓာ / ကျန်းမာရေးပိုင်းဆိုင်ရာ ☐
- စိတ်ပိုင်းဆိုင်ရာ / ခံစားချက်ပိုင်းဆိုင်ရာ ☐

**ကျူးလွန်ခံရသူ၏ ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ အခြေအနေ အသေးစိတ်**
(ဒဏ်ရာများ၊ ပွန်းပဲ့ရာများ၊ ဖြတ်ရှရာများ၊ အပြုအမူနှင့် စိတ်အခြေအနေတို့ကို ဖော်ပြရန်)

....................................................................................................................
....................................................................................................................
....................................................................................................................
..........................................................................

အခြားသူများအပေါ် သက်ရောက်မှုများ (ဥပမာ – မိသားစုဝင်များ)

....................................................................................................................
....................................................................................................................
....................................................................................................................
..........................................................................

**အပိုင်း (၅) ထိခိုက်နစ်နာသူ၏ လိုအပ်ချက်များကို သတ်မှတ်ခြင်း**

- ဆေးကုသမှု လိုအပ်ခြင်း ☐
- အကြံပေးဆွေးနွေးမှု လိုအပ်ခြင်း ☐
  (မည်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးရန် လိုအပ်သည်ဟု ယူဆပါသလဲ)
- အတွေ့အကြုံရှိသော အဖွဲ့အစည်းသို့ လွှဲပြောင်းညွှန်းပို့ရန် လိုအပ်ခြင်း ☐
- ယာယီခိုလှုံနေရာ လိုအပ်ခြင်း ☐
  (မည်သူများ ခိုလှုံနေရာလိုအပ်သလဲ — ဥပမာ ကလေးများ ပါဝင်/မပါဝင်)
- ဥပဒေရေးရာ အကူအညီ လိုအပ်ခြင်း ☐
- ရှေ့နေနှင့် ဆွေးနွေးတိုင်ပင်ရန် လိုအပ်ခြင်း ☐
- ကလေးများ / အသက်ကြီးသူများအတွက် အကူအညီ လိုအပ်ခြင်း ☐
- ရဲစခန်းသို့ တိုင်ကြားရန် လိုအပ်ခြင်း ☐
- နယ်စပ်သို့ ပြန်သွားရန် လိုအပ်ခြင်း ☐
- မူရင်းနိုင်ငံသို့ ပြန်ရန် လိုအပ်ခြင်း ☐

**အပိုင်း (၆) – ချက်ချင်းဆောင်ရွက်ခဲ့သော အရေးပေါ်လုပ်ဆောင်ချက်များ** ..............................

..........................................................................................................................

..........................................................................................................................

..........................................................................................................................

..........................................................................

**အပိုင်း (၇) လွှဲပြောင်းမည့် အဖွဲ့အစည်းအတွက် အချက်အလက်များ**

- ကျူးလွန်ခံရသူသည် ဆရာဝန်နှင့် ကုသမှု ခံယူထားသည် / မခံယူထားပါ။
  – ခံယူထားပါက — ရက်စွဲ၊ နေရာ ........................................
- ကျူးလွန်ခံရသူသည် အရေးပေါ် ကိုယ်ဝန်တားဆေး (ECP)၊ လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါများ (STIs) နှင့် HIV ကာကွယ်ဆေး / ကာကွယ်ကုသမှုများကို ရယူထားသည် / မရယူထားပါ။
  – ရယူထားပါက — ရက်စွဲ၊ နေရာ ........................................
- ကျူးလွန်ခံရသူသည် လက်ရှိတွင် ဆေးဝါး သောက်သုံးနေသည် / မသောက်သုံးနေပါ။
  – သောက်သုံးနေပါက — ဆေးဝါးအသေးစိတ် ဖော်ပြရန် ........................................
- ကျူးလွန်ခံရသူသည် မှုခင်းဆိုင်ရာ ဆေးစစ်မှု (Forensic Examination) ပြုလုပ်ထားသည် / မပြုလုပ်ထားပါ။
  – ပြုလုပ်ထားပါက — ရက်စွဲ၊ နေရာ ........................................

- ကျူးလွန်ခံရသူသည် ရဲစခန်းသို့ အမှုတိုင်ကြားထားသည် / မတိုင်ကြားထားပါ။
  - တိုင်ကြားထားပါက —
    - ရက်စွဲ
    - နေရာ
    - တာဝန်ခံရဲအရာရှိအမည်
    - ထိခိုက်နစ်နာသူ၏ ထွက်ဆိုချက် မိတ္တူ
- မတိုင်ကြားထားပါက — ထိခိုက်နစ်နာသူသည် ရဲစခန်းသို့ တိုင်ကြားလိုပါသလား။

ကျူးလွန်ခံရထိခိုက်နစ်နာသူသည် ရဲစခန်းသို့ မတိုင်ကြားလိုပါက — အကြောင်းရင်းကို ဖော်ပြရန် ..........................................................................................................................
..........................................................................................................................
..........................................................................................................................
..........................................................................

**အပိုင်း (၈) လွှဲပြောင်းညွှန်းပို့ခြင်း**

- ဤပုံစံပါ အချက်အလက်များကို အောက်ဖော်ပြပါ အဖွဲ့အစည်းများနှင့် မျှဝေရန် ထိခိုက်နစ်နာသူ၏ သဘောတူညီချက် ရရှိပါသည် / မရရှိပါ။
- လွှဲပြောင်းညွှန်းပို့သည့် အဖွဲ့အစည်း(များ) ☐ ..........................................
- အခြား (ဖော်ပြရန်) ☐ ..........................................

ဝန်ဆောင်မှုများအတွက် လွှဲပြောင်းခြင်းနှင့် အချက်အလက်မျှဝေခြင်းဆိုင်ရာ သဘောတူညီချက်

ကျွန်ုပ် .......................................... (အမည်) သည် အောက်ပါအချက်များကို နားလည်သဘောပေါက်ပြီး သဘောတူပါသည်

လက်မှတ် ..........................................
အမည် ..........................................
ရက်စွဲ ..........................................

**အပိုင်း (၉) အမှုတိုးတက်မှု မှတ်တမ်း**

(လိုအပ်ပါက စာမျက်နှာ ထပ်မံဖြည့်စွက်နိုင်သည်)

- ရက်စွဲ ..........................................
- အသေးစိတ်အချက်အလက် ..........................................................................
- အသေးစိတ်အချက်အလက် ..........................................................................

## နောက်ဆက်တွဲ ၆ – ကူညီထောက်ပံ့ပေးသူများအတွက် လေ့ကျင့်သင်ကြားရေး အိုင်ဒီယာများ

ARM ကို ထိရောက်စွာ အသုံးချနိုင်ရန် ရွှေ့ပြောင်းအမျိုးသမီးခေါင်းဆောင်များအား ရွှေ့ပြောင်းအမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များကို မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို နားလည်သဘောပေါက်စေရန် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။ ထို့အပြင် ဒေသတွင်းရှိ ရွှေ့ပြောင်းအမျိုးသမီးများအနေဖြင့် ARM အကြောင်း သိရှိနားလည်ပြီး လိုအပ်သော အခြေခံအချက်အလက်များကို သိရှိထားစေရန်လည်း လိုအပ်ပါသည်။ ဤရည်ရွယ်ချက်အတွက် ARM ၏ အတိုချုံးဗားရှင်းကို အသုံးပြုနိုင်ပါသည်။

ARM အသုံးပြုပုံကို လေ့ကျင့်သင်ကြားရာတွင် ရွှေ့ပြောင်းအမျိုးသမီးခေါင်းဆောင်များ ARMကို လက်တွေ့ပါဝင်နိုင်စေရန် လေ့ကျင့်သင်ကြားရေး နည်းလမ်းအမျိုးမျိုးကို အသုံးပြုနိုင်ပါသည်။

**အကြံပြုထားသော နည်းလမ်းများမှာ —**

ဇာတ်လမ်းသရုပ်ဖော်ခြင်း — အကြံပေးဆွေးနွေးမှုများ၊ ရဲစခန်းသို့ သွားရောက်ခြင်း စသည်တို့ကို သရုပ်ဖော်လေ့ကျင့်ခြင်း။

လေ့ကျင့်သင်ကြားရေးများတွင် သင်တန်းသားများ၏ ပါဝင်ဆွေးနွေးမှု၊ လက်တွေ့နားလည်မှုနှင့် ကူညီထောက်ပံ့ပေးနိုင်စွမ်းများ တိုးတက်လာစေရန် လှုပ်ရှားမှုများနှင့် လေ့ကျင့်ခန်းအမျိုးမျိုးကို ထည့်သွင်းအသုံးပြုနိုင်ပါသည်။ ဥပမာအားဖြင့် —

**နားထောင်မှုစွမ်းရည် လေ့ကျင့်ခန်း (ကျူးလွန်ခံရသူ၊ အကြံပေးသူ၊ နားထောင်သူ)** — ကျူးလွန်ခံရသူအဖြစ် သရုပ်ဆောင်သူမှ မိမိကြုံတွေ့ခဲ့သည့် ဖြစ်စဉ်တစ်ခုကို ပြောပြပြီး အကြံပေးသူမှ တုံ့ပြန်ဆွေးနွေးပါသည်။ ယင်းဆွေးနွေးမှုကို နားထောင်နေသော တတိယပုဂ္ဂိုလ် (နားထောင်သူ) မှ မိမိကြားသိ၊ နားလည်၊ မှတ်မိထားသည့် အကြောင်းအရာများကို ပြန်လည်တင်ပြရပါသည်။ ထို့နောက် ကျူးလွန်ခံရသူနှင့် အကြံပေးသူတို့က မှတ်ချက်ပေးရပါသည်။

**အချိန်တိုအတွင်း အလှည့်ကျဆွေးနွေးခြင်း (Speed Dating)** — သင်တန်းသားများကို တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ထိုင်စေပြီး တန်းနှစ်တန်းဖြင့် စီထားပါသည်။ တန်းတစ်တန်းစီကို သီးခြားအခန်းကဏ္ဍတစ်ခုစီ ပေးအပ်ပါသည် (ဥပမာ — တန်းတစ်တန်းသည် အိမ်တွင်းအကြမ်းဖက်မှုခံရသူ၊ အခြားတန်းတစ်တန်းသည် ရပ်ရွာခေါင်းဆောင်)။ ၃ မိနစ်အတွင်း အခြေအနေကို ဆွေးနွေးရပါသည် (ဥပမာ — ကျူးလွန်ခံရသူက မိမိအခြေအနေကို ပြောပြပြီး ရပ်ရွာခေါင်းဆောင်က အကြံပြုချက်များ ပေးခြင်း)။ ၃ မိနစ်ပြည့်ပါက တန်းတစ်တန်းမှ လူများသည် ထိုင်ခုံတစ်နေရာစီ ရွှေ့ပြီး နောက်တစ်ဖန် ဆွေးနွေးရပါသည်။ အလှည့်အနည်းငယ် ပြုလုပ်ပြီးနောက် ရပ်ရွာခေါင်းဆောင်အစား ရဲအရာရှိအဖြစ် ပြောင်းလဲနိုင်ပါသည်။

ဤနည်းလမ်းကို အခြေအနေအမျိုးမျိုးတွင် အသုံးပြုနိုင်ပါသည်။ သင်တန်းသားများ အနေဖြင့် မတူညီသော တုံ့ပြန်မှုများကို လက်တွေ့ကြုံတွေ့နိုင်စေသလို လူတိုင်း တက်ကြွစွာ ပါဝင်နိုင်စေရန်လည်း အထောက်အကူပြုပါသည်။

**ဈေးကွက်ပုံစံ လှုပ်ရှားမှု (Market Place)** — သင်တန်းသားများကို အဖွဲ့ ၃ ဖွဲ့ ခွဲပါသည်။ အခန်းအနှံ့တွင် ဖလစ်ချပ် ၃ ခု ထားရှိပြီး ချပ်တစ်ခုစီ၏ အပေါ်ပိုင်းတွင် အပိုင်းတစ်ပိုင်းစီ၏ ခေါင်းစဉ်ကို ရေးထားပါသည်။ အဖွဲ့တစ်ဖွဲ့စီသည် ချပ်တစ်ခုစီမှ စတင်ကာ မိမိတို့ မှတ်မိသည့် အဆင့်များကို ရေးသားပါသည်။ မိနစ်အနည်းငယ်ကြာပြီးနောက် ဦးဆောင်သူမှ အချက်ပေးပါက အဖွဲ့တိုင်း နောက် ချပ်တစ်ခုသို့ ရွှေ့ကာ နောက်ထပ်အဆင့်များကို ထပ်ဖြည့်ပါသည်။ ဤနည်းအတိုင်း ချပ်အားလုံးကို အလှည့်ကျ ရွှေ့ပြီး ဖြည့်စွက်သွားပါသည်။ နောက်ဆုံးတွင် မူလ ချပ်သို့ ပြန်သွားကာ အားလုံးရှေ့တွင် တင်ပြဆွေးနွေးပါသည်။

**လက်တွေ့အခြေအနေ သရုပ်ဖော်လေ့ကျင့်ခြင်း (Live Simulation)** — အကြမ်းဖက်ခံနေရသော အမျိုးသမီးတစ်ဦး အကူအညီရယူရန် ကြိုးစားသည့် ဖြစ်စဉ်တစ်ခုကို ဖန်တီးပြီး သင်တန်းသားအားလုံးကို မတူညီသော အခန်းကဏ္ဍများ သတ်မှတ်ပေးနိုင်ပါသည်။ ကျူးလွန်ခံရသူသည် NGO၊ ဆေးရုံ၊ ရဲစခန်း စသည့် နေရာများသို့ သွားရောက်အကူအညီတောင်းခံစဉ် နေရာတစ်ခုစီသို့ အချက်အလက်အသစ်များကို ထပ်မံပေးနိုင်ပါသည်။

**မေးခွန်းဖြေဆိုခြင်း (Quiz)**

**မေးခွန်းတိုများ (Short Quizzes)** — အဖြေများသည် စကားလုံးတစ်လုံး သို့မဟုတ် နှစ်လုံးသာ ဖြစ်နိုင်ပါသည်။ သင်တန်းသားတစ်ဦးချင်းစီအား မေးခွန်းစာရွက်များ ပေးပြီး သတ်မှတ်ထားသော အချိန်အတွင်း အဖြေများကို ရေးသားစေနိုင်ပါသည်။ သို့မဟုတ် ဦးဆောင်သူမှ မေးခွန်းများကို အသံထွက်ဖတ်ပြပြီး သင်တန်းသားများက အဖြေကို အသံထွက်ဖြေဆိုခြင်း သို့မဟုတ် လက်ထောင်၍ဖြေဆိုခြင်းများ ပြုလုပ်နိုင်ပါသည်။

**မေးခွန်းရှည်များ (Long Quizzes)** — ပိုမိုရှုပ်ထွေးပြီး အသေးစိတ်ဖြေရသော မေးခွန်းများ ဖြစ်ပါသည်။ သင်တန်းသားများကို အဖွဲ့များခွဲ၍ အဖွဲ့လိုက် ဆွေးနွေးကာ အဖြေများကို ရေးသားနိုင်ပါသည်။ ထို့နောက် ဦးဆောင်သူမှ အဖွဲ့တစ်ဖွဲ့စီအား မတူညီသော မေးခွန်းများ မေးမြန်းနိုင်ပြီး အဖြေမှန်ပါက အမှတ်ရရှိမည်ဖြစ်ပါသည်။ သို့မဟုတ် ဦးဆောင်သူမှ မေးခွန်းများကို ဖတ်ပြပြီး အဖြေသိသည်ဟု ယူဆသော အဖွဲ့က လက်ထောင်၍ ဖြေဆိုနိုင်ပါသည်။ အဖြေမှန်ပါက အမှတ်ရရှိမည်ဖြစ်ပြီး အဖြေမှားပါက အမှတ်လျော့မည်ဖြစ်ကာ အခြားအဖွဲ့များမှ ဆက်လက်ဖြေဆိုနိုင်ပါသည်။

## အပိုင်း ၁ (မုဒိမ်းမှု)

### (က) မေးခွန်းတိုများ

၁။ ကျူးလွန်ခံရသူသည် အရေးပေါ်အန္တရာယ်ရှိနေပါက မည်သည့်ဖုန်းနံပါတ်ကို ခေါ်ဆိုသင့်သနည်း။

၂။ နံပါတ် 1669 ကို ခေါ်ပါက မည်သည့်ဝန်ဆောင်မှုကို ရရှိမည်နည်း။

၃။ အိမ်ထောင်ဖက်မှ မုဒိမ်းကျင့်မှုကို ယေဘုယျအားဖြင့် မည်သည့်အချိန်အတွင်း တိုင်ကြားနိုင်မည်နည်း။

၄။ အသက် ၁၅ နှစ်အောက် ကလေးတစ်ဦးသည် လိင်ဆက်ဆံခြင်းအတွက် သဘောတူနိုင်ပါသလား။

၅။ ကျူးလွန်ခံရသူသည် စိတ်ပြောင်းသွားပြီး နောက်ပိုင်းမှ မုဒိမ်းမှုကို ဥပဒေကြောင်းအရ တိုင်ကြားနိုင်ပါသလား။

၆။ ကျူးလွန်ခံရသူသည် အထောက်အထား စာရွက်စာတမ်းမရှိပါက ရဲထံ မတိုင်ကြားမီ မည်သူကို ဆက်သွယ်သင့်သနည်း။

၇။ ရဲသည် အမှုဖွင့်ပြီးနောက် အချိန်မည်မျှအတွင်း အမှုကို အစိုးရရှေ့နေ/ ပြည်သူ့အမှုစစ်ထံ ပို့ရမည်နည်း။

၈။ တရားရုံးမှ အပြစ်ရှိကြောင်း မဆုံးဖြတ်ရသေးသော်လည်း အခွင့်အရေးနှင့် လွတ်လပ်ခွင့် ကာကွယ်ရေးဌာန DRLP မှ လျော်ကြေးလျှောက်ထားနိုင်ပါသလား။

၉။ စွပ်စွဲခံရသူအား အပြစ်မရှိကြောင်း ဆုံးဖြတ်ခြင်း သို့မဟုတ် ငွေဒဏ်သာ ချမှတ်ခံရခြင်း ဖြစ်ပါက နစ်နာသူသည် မည်သည့်အကူအညီမျိုး လိုအပ်နိုင်သနည်း။

၁၀။ ရှင်သန်လွတ်မြောက်သူ၏အမည် သို့မဟုတ် စွပ်စွဲခံရသူ၏ အချက်အလက်ကို ခွင့်ပြုချက်မရှိဘဲ သို့မဟုတ် နောက်ဆုံးတရားစီရင်ချက် မချမီ လူသိရှင်ကြားသိစေခြင်း သို့မဟုတ် မီဒီယာတွင် မျှဝေခြင်း ပြုလုပ်သင့်ပါသလား။

## (ခ) မေးခွန်းရှည်များ

၁၁။ ပုဒ်မ ၂၇၆ အရ မည်သည့်အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာပြုမူမှုကို မုဒိမ်းမှုအဖြစ် သတ်မှတ်နိုင်သနည်း။

၁၂။ စာရွက်စာတမ်းမရှိသော ကျူးလွန်ခံရသူက အမှုတိုင်ကြားမည်ဆိုပါက ရှေ့နေက ရဲထံမှ မည်သည့်အာမခံချက်ကို တောင်းဆိုသင့်သနည်း။

၁၃။ ကျူးလွန်ခံရသူသည် မှုခင်းဆိုင်ရာဆေးစစ်မှုမပြုလုပ်မီ သက်သေအထောက်အထားများ မပျက်စီးစေရန် မည်သည့်အရာများကို ရှောင်ကြဉ်သင့်သနည်း။

၁၄။ ဆေးရုံတွင် မှုခင်းဆိုင်ရာ စစ်ဆေးမှု မပြုလုပ်ရသေးပါက ရဲက ပထမဦးစွာ ဘာလုပ်သင့်သနည်း။

၁၅။ ကျူးလွန်ခံရသူသည် အသက် ၁၈ နှစ်အောက်ဖြစ်ပါက ရဲဌာန၏ စစ်ဆေးမေးမြန်းမှုအတွင်း မည်သူတို့မှ အတူ ရှိနေရမည်နည်း။

၁၆။ မုဒိမ်းမှုများတွင် မည်သည့်အခြေအနေများ၌ ရဲက လျော်ကြေးပေးညှိနှိုင်းမှုကို လျော်ကြေးပေးညှိနှိုင်းရန် အဆိုပြုခွင့် မရှိသနည်း။

၁၇။ ရဲမှ လျော်ကြေးပေးညှိနှိုင်းမှုအမှုတွင် ကျူးလွန်ခံရသူသည် မည်သည့်အချိန်တွင် လျော်ကြေးငွေ ရရှိသင့်သနည်း။

၁၈။ တရားမျှတမှုရန်ပုံငွေသည် မည်သည့်ကုန်ကျစရိတ်များကို ကူညီထောက်ပံ့ပေးနိုင်သနည်း။

၁၉။ အမှုနှောင့်နှေးနေခြင်း၊ တိုးတက်မှုမရှိခြင်း သို့မဟုတ် အာဏာပိုင်များနှင့် အင်အားကြီးသူများနှင့်ပတ်သတ်ပြီး စိုးရိမ်မှုရှိပါက မည်သည့်နိုင်ငံအဆင့်အဖွဲ့အစည်းက ကူညီပေးနိုင်သနည်း။

၂၀။ စွပ်စွဲခံရသူအား ထောင်ဒဏ်မချမှတ်ခြင်း သို့မဟုတ် အပြစ်မရှိကြောင်း ဆုံးဖြတ်ခြင်းဖြစ်သော်လည်း ကျူးလွန်ခံရသူက ၎င်းသည် မုဒိမ်းကျင့်သူဖြစ်ကြောင်း သေချာပါက မည်သို့လုပ်ဆောင်ရန် တိုင်ပင်ဆွေးနွေးနိုင်သနည်း။

**(က) အဖြေများ**

၁။ ရဲ – ၁၉၁
၂။ အရေးပေါ်ဆေးဘက်ဆိုင်ရာ အကူအညီ
၃။ ၃ လအတွင်း
၄။ သဘောမတူနိုင်ပါ
၅။ တိုင်ကြားနိုင်ပါသည်
၆။ ရှေ့နေ
၇။ တစ်လ
၈။ လျှောက်ထားနိုင်ပါသည်
၉။ လုံခြုံသောနေရာထိုင်ခင်း ထောက်ပံ့မှု နှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း ၊ အယူခံဝင်ခြင်း
၁၀။ မမှျဝေသင့်ပါ

**(ခ) အဖြေများ**

၁၁။ သဘောတူညီမှုမရှိဘဲ ခန္ဓာကိုယ်အစိတ်အပိုင်း သို့မဟုတ် ပစ္စည်းတစ်ခုခုဖြင့်မိန်းမကိုယ် သို့မဟုတ် စအိုကို ထိုးသွင်းခြင်း၊ သို့မဟုတ် လိင်အင်္ဂါဖြင့် ပါးစပ်တွင်းသို့ ထိုးသွင်းခြင်းကို အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ တုံ့ပြန်နိုင်စွမ်းမရှိသည့်အခြေအနေတွင်ရှိခြင်း သို့မဟုတ် ကျူးလွန်သူအား ကျူးလွန်ခံရသူမှ အခြားသူဟု မှားယွင်းယုံကြည်စေခြင်း စသည့် အခြေအနေများတွင် ပြုလုပ်ပါက မုဒိမ်းမှုအဖြစ် သတ်မှတ်နိုင်သည်။
၁၂။ အမှုတိုင်ကြားချိန်တွင် ကျူးလွန်ခံရသူအား ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် နေရပ်ပြန်ပို့ခြင်း မပြုလုပ်ကြောင်း အာမခံချက်
၁၃။ အဝတ်လဲခြင်း၊ ရေချိုးခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အစားစားခြင်း၊ ရေသောက်ခြင်း၊ ဆီးသွားခြင်း၊ ဆံပင်ဖြီးခြင်း၊ သွားတိုက်ခြင်း
၁၄။ ကျူးလွန်ခံရသူကို ဆေးရုံသို့ ပို့ဆောင်ရမည်
၁၅။ လူမှုကူညီရေးဝန်ထမ်း၊ ရှေ့နေ၊ အုပ်ထိန်းသူ၊ စိတ်ကျန်းမာရေးဆရာဝန်
၁၆။ ကျူးလွန်ခံရသူသည် အသက် ၁၅ နှစ်အောက်ဖြစ်ခြင်း၊ အပြင်းအထန်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်း၊ ကျူးလွန်သူများအများအပြားပါဝင်ခြင်း၊ လက်နက်တခုခုအသုံးပြုခြင်း၊ သို့မဟုတ် ကျူးလွန်သူသည် ကျူးလွန်ခံရသူအပေါ် အာဏာရှိသူဖြစ်ခြင်း
၁၇။ ရဲက အပြီးသတ်ညှိနှိုင်းမှုအစီရင်ခံစာ မရေးမီ
၁၈။ ဥပဒေဆိုင်ရာ ကုန်ကျစရိတ်များ၊ ရှေ့နေခ၊ တရားရုံးစရိတ်များ
၁၉။ National Human Rights Commission (NHRC) အမျိုးသား လူ့အခွင့်အရေးကော်မရှင်
၂၀။ အယူခံဝင်ခြင်း၊ မီဒီယာမှဖြန့်ဝေခြင်း၊ အသနားခံစာတင်သွင်းခြင်း၊ သို့မဟုတ် အခြားဥပဒေဆိုင်ရာ လုပ်ဆောင်မှုများ

## အပိုင်း ၂ (ထိပါးနှောင့်ယှက်မှု)

### (က) မေးခွန်းတိုများ

၁။ ရာဇဝတ်မှုဥပဒေပြင်ဆင်ချက် အမှတ် ၃ဂ အရ ကွန်ပျူတာစနစ်များ၊ ဖုန်းများ သို့မဟုတ် အီလက်ထရောနစ် ကိရိယာများမှတဆင့် ထိပါးနှောင့်ယှက်ခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်ပါသလား။

၂။ ရာဇဝတ်မှုဥပဒေပြင်ဆင်ချက် အမှတ် ၃ဂ သည် အသက်အရွယ် မရွေး၊ လိင်အမျိုးအစား မရွေး၊ လိင်စိတ်ခံယူမှု မရွေး လူတိုင်းအပေါ် သက်ရောက်ပါသလား။

၃။ အလုပ်သမားကာကွယ်ရေးဥပဒေသည် အလုပ်သမားများအား လုပ်ဖော်ကိုင်ဖက် အချင်းချင်း ထိပါးနှောင့်ယှက်မှုမှ ရှင်းလင်းစွာ ကာကွယ်မှုပေးထားပါသလား။

၄။ လုပ်ငန်းခွင် သို့မဟုတ် အများပြည်သူနေရာတွင် ထိပါးနှောင့်ယှက်မှုကို ကျူးလွန်ခံရသူမှ အနီးအနားတွင် မျက်မြင်သက်သေ သို့မဟုတ် CCTV ရှိပါက ချက်ချင်းတိုင်ကြားသင့်ပါသလား။

၅။ ကျူးလွန်ခံရသူသည် မလိုလားသော အွန်လိုင်းမက်ဆေ့ချ်များ သို့မဟုတ် ပုံများ လက်ခံရရှိပါက ထိပါးနှောင့်ယှက်သူအား ပြန်လည်တုံ့ပြန်သင့်ပါသလား။

၆။ ကျူးလွန်ခံရသူသည် သက်သေဖြစ်နိုင်သော မက်ဆေ့ချ်များ သို့မဟုတ် အကောင့်များကို ဖျက်သင့်ပါသလား။

၇။ ထိပါးနှောင့်ယှက်မှုသည် မရပ်တန့်သွားဘဲ ပိုမိုပြင်းထန်လာပါက ကျူးလွန်ခံရသူသည် ဘာလုပ်သင့်သနည်း။

၈။ လုပ်ငန်းခွင်တွင်း ထိပါးနှောင့်ယှက်မှုနှင့်ဆိုင်သည့် စုံစမ်းစစ်ဆေးမှုအတွင်း ကျူးလွန်ခံရသူသည် သူမ၏လုံခြုံရေးအတွက် အလုပ်ဌာန သို့မဟုတ် နေထိုင်သည့်နေရာ ပြောင်းပေးရန် တောင်းဆိုနိုင်ပါသလား။

၉။ နောက်ယောင်ခံလိုက်ခြင်း သို့မဟုတ် အွန်လိုင်းပေါ်တွင် လိုက်လံစောင့်ကြည့်ခြင်းကို ဥပဒေအရ အရေးယူနိုင်ပါသလား။

၁၀။ ကျူးလွန်ခံရသူများသည် ဆေးကုသမှု၊ ပြန်လည်ထူထောင်ရေး သို့မဟုတ် ဝင်ငွေဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံနိုင်ပါသလား။

**(ခ) မေးခွန်းရှည်များ**

၁၁။ ပြင်ဆင်ချက် အမှတ် ၃၀ အရ မည်သည့်အပြုအမူများကို လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုအဖြစ် သတ်မှတ်နိုင်သနည်း။

၁၂။ စိတ်ဖိစီးမှုနှင့် စိတ်အနှောင့်အယှက်ဖြစ်စေသော ယေဘုယျ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုအတွက် အများဆုံးပြစ်ဒဏ်မှာ အဘယ်နည်း။

၁၃။ ထပ်ခါတလဲလဲ သို့မဟုတ် ဆက်တိုက်ဖြစ်နေသော ထိပါးနှောင့်ယှက်မှုအတွက် အများဆုံးပြစ်ဒဏ်မှာ အဘယ်နည်း။

၁၄။ အများပြည်သူပိုင်နေရာတွင် သို့မဟုတ် အွန်လိုင်းတွင် ထိပါးနှောင့်ယှက်မှုအတွက် အများဆုံးပြစ်ဒဏ်မှာ အဘယ်နည်း။

၁၅။ ကျူးလွန်သူသည် ကျူးလွန်ခံရသူအပေါ် အာဏာရှိသူဖြစ်ပါက အများဆုံးပြစ်ဒဏ်မှာ အဘယ်နည်း။

၁၆။ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုကျူးလွန်ရန် အသုံးပြုသည့် ကွန်ပျူတာစနစ် ဝန်ဆောင်မှုကို သိလျက်နှင့် ပံ့ပိုးခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းအတွက် အများဆုံးပြစ်ဒဏ်မှာ အဘယ်နည်း။

၁၇။ အလုပ်သမားကာကွယ်ရေးဥပဒေ ပုဒ်မ ၁၆ အရ မည်သည့်အရာကို တားမြစ်ထားသနည်း။

၁၈။ ကျူးလွန်ခံရသူသည် ထိပါးနှောင့်ယှက်မှုအတွက် သက်သေအဖြစ် မည်သည့် အချက်အလက်များကို သိမ်းဆည်းထားသင့်သနည်း။

၁၉။ လုပ်ငန်းခွင်အတွင်းထိပါးနှောင့်ယှက်မှုကို ပေါ့ပေါ့တန်တန်သဘောထားခြင်း သို့မဟုတ် အရေးယူဆောင်ရွက်ပေးခြင်း မရှိပါက ကျူးလွန်ခံရသူသည် မည်သည့် နေရာတွင် တိုင်ကြားနိုင်သနည်း။

၂၀။ တရားရေးလုပ်ငန်းစဉ်အရ ထိပါးနှောင့်ယှက်မှုကျူးလွန်ခံရသူများအား မည်သူက လျော်ကြေးပေးနိုင်သနည်း။

**(က) အဖြေများ**

၁။ သတ်မှတ်နိုင်ပါသည်
၂။ သက်ရောက်ပါသည်
၃။ ကာကွယ်မှု မပေးထားပါ
၄။ တိုင်ကြားသင့်ပါသည်
၅။ မတုံ့ပြန်သင့်ပါ
၆။ မဖျက်ပစ်သင့်ပါ
၇။ သက်ဆိုင်ရာအဖွဲ့အစည်းများထံ ချက်ချင်းတိုင်ကြားသင့်သည်
၈။ တောင်းဆိုနိုင်ပါသည်
၉။ ဥပဒေအရအရေးယူနိုင်ပါသည်
၁၀။ တောင်းခံနိုင်ပါသည်

**(ခ) အဖြေများ**

၁၁။ ကိုယ်ထိလက်ရောက်အပြုအမူများ၊ စကားလုံးများ၊ အသံများ၊ အမူအရာများ၊ ဆက်သွယ်ပြောဆိုမှုများ၊ နောက်ယောင်ခံလိုက်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အွန်လိုင်းပေါ်တွင် ထိပါးနှောင့်ယှက်မှုများ
၁၂။ ထောင်ဒဏ် ၁ နှစ်အထိ၊ ငွေဒဏ် ဘတ် ၂၀,၀၀၀ အထိ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံး
၁၃။ ထောင်ဒဏ် ၂ နှစ်အထိ၊ ငွေဒဏ် ဘတ် ၄၀,၀၀၀ အထိ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံး
၁၄။ ထောင်ဒဏ် ၃ နှစ်အထိ၊ ငွေဒဏ် ဘတ် ၆၀,၀၀၀ အထိ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံး
၁၅။ ထောင်ဒဏ် ၃ နှစ်အထိ၊ ငွေဒဏ် ဘတ် ၆၀,၀၀၀ အထိ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံး
၁၆။ ထောင်ဒဏ် ၆ လအထိ၊ ငွေဒဏ် ဘတ် ၁၀,၀၀၀ အထိ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံး
၁၇။ အလုပ်ရှင်၊ ကြီးကြပ်သူ သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်များမှ အလုပ်သမားများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ထိပါးနှောင့်ယှက်မှု သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်စေမှု
၁၈။ ရက်စွဲ၊ အချိန်၊ နေရာ၊ ထိပါးနှောင့်ယှက်သူ၏ အချက်အလက်၊ မျက်မြင်သက်သေများနှင့် ဓာတ်ပုံ၊ ဗီဒီယို၊ CCTV မှတ်တမ်းများ
၁၉။ အလုပ်သမားကာကွယ်စောင့်ရှောက်ရေးရုံး
၂၀။ အစိုးရလျော်ကြေးရန်ပုံငွေ သို့မဟုတ် တရားရုံးအမိန့်ဖြင့် ကျူးလွန်သူက ပေးဆောင်ရသော လျော်ကြေးငွေ

## အပိုင်း ၃ (အိမ်တွင်းအကြမ်းဖက်မှု)

### (က) မေးခွန်းတိုများ

၁။ အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ၊ ထိုင်း သက္ကရာဇ် ၂၅၅၀ (ခရစ်နှစ် ၂၀၀၇) သည် ပြစ်ဒဏ်ပေးခြင်းထက် ပြန်လည်ထူထောင်ရေးကို အဓိကထားသော ဥပဒေ ဟုတ်ပါသလား။

၂။ အိမ်တွင်းအကြမ်းဖက်မှုခံရသူသည် လုံခြုံရေးအစီအစဉ် (safety plan) တစ်ခု ပြင်ဆင်ထားသင့်ပါသလား။

၃။ ကျူးလွန်ခံရသူတွင် ချက်ချင်းဆေးကုသမှုလိုအပ်သော ဒဏ်ရာများရှိပါက မည်သည့်နေရာသို့ သွားသင့်သနည်း။

၄။ ကျူးလွန်ခံရသူအတွက် ယာယီနေထိုင်စရာနေရာ စီစဉ်ပေးရန် လူမှုဖူလုံရေးဌာနနှင့် မည်သူက ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သနည်း။

၅။ အိမ်တွင်းအကြမ်းဖက်မှုအမှုများတွင် ရပ်ရွာအခြေပြု ကူညီမှု လမ်းကြောင်းအတိုင်း ဖြေရှင်းသည့်နည်းလမ်း၏ ရည်ရွယ်ချက်မှာ ကျူးလွန်သူကို အပြစ်ပေးရန် ဖြစ်ပါသလား။

၆။ ကျူးလွန်ခံရသူသည် လူမှုကူညီရေးဆိုင်ရာ ကာကွယ်မှုအမိန့် လျှောက်ထားရန် စာရွက်စာတမ်းများ တင်ပြရန်လိုအပ်ပါသလား။

၇။ ကလေးတစ်ဦးသည် အိမ်တွင်းအကြမ်းဖက်မှုအမှုတွင် သက်သေထွက်ဆိုမည်ဆိုပါက စိတ်ပညာရှင် သို့မဟုတ် လူမှုဝန်ထမ်းတစ်ဦးဦး အတူရှိနေရန်လိုအပ်ပါသလား။

၈။ အရေးပေါ်အခြေအနေတွင် ယာယီကာကွယ်ရေးအမိန့်ကို ချက်ချင်း ချမှတ်နိုင်ပါသလား။

၉။ တရားရုံးအမိန့်နှင့် မဟုတ်ဘဲ အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေအရ ထုတ်ပေးသည့် ယာယီကာကွယ်စောင့်ရှောက်ရေးအမိန့်သည် အချိန်ကာလမည်မျှအထိ အကျုံးဝင်နိုင်သနည်း။

၁၀။ အိမ်တွင်းအကြမ်းဖက်မှုခံရသူများသည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုအတွက် တရားမျှတမှုရရှိရန် ရာဇဝတ်မှုဥပဒေပြင်ဆင်ချက် အမှတ် ၃၀ အရ အရေးယူဆောင်ရွက်မှု တောင်းဆိုနိုင်ပါသလား။

**(ခ) မေးခွန်းရှုည်များ**

၁၁။ အိမ်တွင်းအကြမ်းဖက်မှုတွင် မည်သည့်အကြမ်းဖက်မှုပုံစံများ ပါဝင်နိုင်သနည်း။

၁၂။ အမျိုးသမီးများသည် အကြမ်းဖက်ခံရသော ဆက်ဆံရေးအတွင်းတွင် ဆက်လက်နေထိုင်ခြင်း သို့မဟုတ် ထိုဆက်ဆံရေးအတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်းမှာ အဘယ်ကြောင့် ဖြစ်တတ်သနည်း။

၁၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန (MSDHS) ၏ ၂၄ နာရီ hotline 1300 မှတဆင့် မည်သည့်ကူညီထောက်ပံ့မှုဝန်ဆောင်မှုများကို ရယူနိုင်သနည်း။

၁၄။ အိမ်တွင်းအကြမ်းဖက်မှုအခြေအနေတွင် ကျူးလွန်ခံရသူသည် လုံခြုံရေးအစီအစဉ် (safety plan) ကို မည်သို့ပြင်ဆင်နိုင်သနည်း။

၁၅။ OSCC သည် အိမ်တွင်းအကြမ်းဖက်မှုခံရသူများအား မည်သည့်အကူအညီနှင့် ဝန်ဆောင်မှုများ ပေးနိုင်သနည်း။

၁၆။ အိမ်တွင်းအကြမ်းဖက်မှုအမှုများတွင် OSCC ၏ ကူညီထောက်ပံ့မှုရရှိပြီးနောက် ကျူးလွန်ခံရသူအနေဖြင့် မည်သည့်တုံ့ပြန်ဆောင်ရွက်မှုလမ်းကြောင်း နှစ်မျိုးကို ရွေးချယ်နိုင်သနည်း။

၁၇။ အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ၊ ထိုင်းသက္ကရာဇ် ၂၅၅၀ (ခရစ်နှစ် ၂၀၀၇) အရ အိမ်တွင်းအကြမ်းဖက်မှုအမှုများကို မည်သည့်တရားရုံးက ကိုင်တွယ်ဆောင်ရွက်သနည်း။

၁၈။ ယာယီကာကွယ်ရေးအမိန့်တွင် မည်သည့်အစီအမံများ ပါဝင်နိုင်သနည်း။

၁၉။ အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေအရ သက်ဆိုင်ရာ အာဏာပိုင်အရာရှိမှ ထုတ်ပြန်သော ယာယီကာကွယ်ရေးအမိန့်ကို ချိုးဖောက်ပါက အများဆုံး မည်သည့်ပြစ်ဒဏ် ချမှတ်နိုင်သနည်း။

၂၀။ အိမ်တွင်းအကြမ်းဖက်မှုခံရသူများ ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေအရ တရားရုံးမှ ထုတ်ပြန်သော ယာယီကာကွယ်ရေးအမိန့်ကို ချိုးဖောက်ပါက အများဆုံး မည်သည့်ပြစ်ဒဏ် ချမှတ်နိုင်သနည်း။

**(က) အဖြေများ**

၁။ ဟုတ်ပါသည်
၂။ ပြင်ဆင်ထားသင့်ပါသည်
၃။ OSCC၊ ဆေးရုံ သို့မဟုတ် ဆေးခန်း
၄။ OSCC
၅။ မဟုတ်ပါ
၆။ မလိုအပ်ပါ
၇။ လိုအပ်ပါသည်
၈။ ချမှတ်နိုင်ပါသည်
၉။ ၄၈ နာရီ
၁၀။ တောင်းဆိုနိုင်ပါသည်

**(ခ) အဖြေများ**

၁၁။ ကိုယ်ထိလက်ရောက်အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ခံစားမှုဆိုင်ရာအကြမ်းဖက်မှု သို့မဟုတ် စီးပွားရေးဆိုင်ရာအကြမ်းဖက်မှု

၁၂။ ထိန်းချုပ်ခံရခြင်း၊ ကြောက်ရွံ့မှု၊ မှီခိုနေရမှု၊ ကလေးများရှိခြင်း၊ လူမှုအသိုင်းအဝိုင်း၏ ဖိအားများ သို့မဟုတ် အခြားရွေးချယ်စရာမရှိခြင်းတို့ကြောင့် ဖြစ်နိုင်သည်။

၁၃။ ကာကွယ်စောင့်ရှောက်မှု၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ ယာယီနေထိုင်ခွင့်ပေးခြင်းနှင့် ဆေးဘက်ဆိုင်ရာ၊ ဥပဒေဆိုင်ရာနှင့် ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများသို့ ချိတ်ဆက်ပို့ဆောင်ပေးခြင်း

၁၄။ အရေးပေါ်အသုံးအဆောင်အိတ် ပြင်ဆင်ထားခြင်း၊ ဖုန်းအားအပြည့်ရှိစေရန် ပြင်ဆင်ထားခြင်းနှင့် လုံခြုံသောဆက်သွယ်ရန်ဖုန်းနံပါတ်များ သိမ်းဆည်းထားခြင်း၊ ယုံကြည်ရသောမိတ်ဆွေများနှင့် လျှို့ဝှက်အချက်ပြစကား သဘောတူထားခြင်း၊ အရေးပေါ်အကူအညီရယူရန် အစီအစဉ်ပြုလုပ်ထားခြင်း၊ ထွက်ခွာမည်ဟု ခြိမ်းခြောက်ပြောဆိုခြင်းကို ရှောင်ကြဉ်ခြင်းနှင့် ဓား သို့မဟုတ် လေးလံသောပစ္စည်းများကို အနီးတွင် မထားရှိခြင်း

၁၅။ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနှင့် ကူညီထောက်ပံ့မှု၊ မှုခင်းဆိုင်ရာဆေးစစ်မှု၊ အရေးပေါ်ကိုယ်ဝန်တားဆေး (ECP)၊ HIV အပါအဝင် လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများကို ကာကွယ်ရန် ဆေးဝါးများနှင့် ယာယီနေထိုင်ခွင့်ဝန်ဆောင်မှုများသို့ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း

၁၆။ ရပ်ရွာအခြေပြု ကူညီမှု လမ်းကြောင်းအတိုင်း ဆောင်ရွက်ခြင်း နှင့် တရားဝင် ဥပဒေကြောင်းအရအရေးယူခြင်း

၁၇။ လူငယ်နှင့် မိသားစုတရားရုံး

၁၈။ ကလေးအား ယာယီထိန်းသိမ်းစောင့်ရှောက်ခွင့် သို့မဟုတ် ထောက်ပံ့မှု၊ အရေးပေါ် ကုန်ကျစရိတ်များနှင့် ကျူးလွန်သူအား ကျူးလွန်ခံရသူ သို့မဟုတ် မိသားစုနေအိမ်နှင့် ဝေးကွာစွာ နေထိုင်စေရန် အမိန့်ချမှတ်ခြင်း

၁၉။ ထောင်ဒဏ် ၃ လအထိ နှင့်/သို့မဟုတ် ငွေဒဏ် ဘတ် ၃,၀၀၀ အထိ

၂၀။ ထောင်ဒဏ် ၆ လအထိ နှင့်/သို့မဟုတ် ငွေဒဏ် ဘတ် ၆,၀၀၀ အထိ

**Supported by**

International Labour Organization

FOUNDATION FOR A JUST SOCIETY


## MAP Foundation

**Adress : 9/34 Moo 1 Ing Doi Village Liab Klong Chonprathan Road,**

**Chang Phueak Subdistrict, Mueang District,**

**Chiang Mai 50300 THAILAND**

**E-mail: map@mapfoundationcm.org**

website: www.mapfoundationcm.org